# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာ ၂၃ ရက်၊ အင်္ဂါနေ့ အတွဲ (၆၁)၊ အမှတ် (၀၅၄)


## ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား

နေ့ရောညဥ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်းကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။ ပကိဏ္ဏကဝဂ်(ဓမ္မပဒ-၂၉၆)



မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ ကျောင်းနေအရွယ်ကလေးတိုင်း ကျန်းမာပျော်ရွှင်စွာပညာသင်ကြားနိုင်ရန် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးကြပါစို့ ဆောင်ပုဒ်နှင့်အညီ အခြေခံပညာကျောင်းများတွင် ပညာသင်ကြားလျက်ရှိသည့် အသက် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူများအား နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက အမှတ် (၁) နှင့် (၄) အခြေခံပညာအထက်တန်းကျောင်း၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးစဉ်။

ဆလိုင်းကိုကီး(မဟာဝိဇ္ဇာ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မိတ္ထီလာခရိုင်၌ ဆောင်းသီးနှံဖြစ်သည့် ဆောင်းကုလားပဲ စိုက်ဧက လေးသောင်းကျော် စိုက်ပျိုးသွားမည်

**မိတ္ထီလာ နိုဝင်ဘာ ၂၂**

မိတ္ထီလာခရိုင်တွင် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ဆောင်းသီးနှံဖြစ်သည့် ဆောင်းကုလားပဲစိုက်ဧက လေးသောင်းကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်း မြို့နယ်များမှ ကျေးလက်နေတောင်သူများ ဆောင်းသီးနှံကုလားပဲကို မိုးသီးနှံများ သိမ်းဆည်းပြီးချိန် စီးပွားဖြစ် စိုက်ပျိုးလာလျက်ရှိသည်။ ထိုသို့ ဆောင်းသီးနှံဖြစ်သည့် ဆောင်းကုလားပဲကို အောက်တိုဘာလပထမပတ်မှစတင်၍ စိုက်ပျိုးလျက်ရှိရာ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာမြို့နယ်တွင် ဆောင်းကုလားပဲစိုက်ဧက ၃၀၈၉ ဧက၊ မလှိုင်မြို့နယ်တွင် ၂၁၂၁ ဧက၊ သာစည်မြို့နယ်တွင် ဧက ၁၆၇၀၀ နှင့် ဝမ်းတွင်းမြို့နယ်တွင် ၂၂၂၉၁ ဧကတို့ကို စိုက်ပျိုးရန် လျာထားကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာခရိုင်တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဆောင်းသီးနှံဖြစ်သည့် ဆောင်းကုလားပဲကို မိတ္ထီလာမြို့နယ်တွင် ဧက ၂၂၃၀၊ မလှိုင်မြို့နယ်တွင် ၁၀၆၁ ဧက၊ သာစည်မြို့နယ်တွင် ၁၉၆၅၇ ဧကနှင့် ဝမ်းတွင်းမြို့နယ်တွင် ၂၃၀၂၆ ဧကတို့ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**


## ယနေ့ ဖတ်စရာ



တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက် ထိုးနှံ

ပြည်တွင်းသတင်း၊ စာ - ၅

ပစ္စုပ္ပန်၊ သံသရာပြေးမလွတ်သည့် အလွန်ကြီးမားသည့်အပြစ်

ဆောင်းပါး၊ စာ - ၆

ကာတာ ကမ္ဘာ့ဖလားပွဲ မတိုင်မီ အလုပ်သမား အခွင့်အရေးနှင့် ပတ်သက်ပြီး စိန်ခေါ်မှုများစွာ ရင်ဆိုင်နေရ

နိုင်ငံတကာသတင်း၊ စာ - ၁၄



မြန်မာ့အလင်း

# အမျိုးသားရေးစိတ်ဓာတ် မြင့်မားစွာ လွှင့်ထူ

၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ရတနာပုံ မင်းနေပြည်မှ သီပေါဘုရင်နှင့် မိဖုရားတို့ကို နယ်ချဲ့အင်္ဂလိပ်တို့က အိန္ဒိယနိုင်ငံသို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ချိန်မှစကာ မြန်မာတစ်နိုင်ငံလုံး နယ်ချဲ့တို့လက်အောက်သို့ ကျရောက်ခဲ့သည်။ အောက်မြန်မာနိုင်ငံ အနေဖြင့်မူ ၃၃ နှစ်စောကာ အင်္ဂလိပ်လက်အောက် ကျရောက်နေခဲ့ပြီး ရခိုင်နှင့် တနင်္သာရီတို့မှာ နှစ်ပေါင်း ၆၀ ကျော်ပို၍ပင် စော၍ ကိုလိုနီနယ်မြေများဖြစ်ခဲ့သည်။ သူ့ကျွန်ဘဝတွင် မြန်မာနိုင်ငံ၏ အပြောင်းအလဲတစ်ခုမှာ ပညာရေးစနစ်ပင် ဖြစ်သည်။

မြန်မာဘုရင်များခေတ်တစ်လျှောက်လုံး မြန်မာနိုင်ငံ၏ ပညာရေးစနစ်မှာ ဘုန်းတော်ကြီးကျောင်း ပညာရေးဖြစ်ပြီး ဗုဒ္ဓဘာသာ အခြေခံနှင့် ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ စာအရေး အဖတ်တို့ကို သင်ကြားပေးခဲ့ကြခြင်းဖြစ်သည်။ သို့ဖြစ်၍ အင်္ဂလိပ်လက်အောက်ကျရောက်ခါစ မြန်မာနိုင်ငံတွင် မြန်မာလူမျိုး ၈၅ ရာခိုင်နှုန်းမှာ စာရေးစာဖတ်တတ်ခဲ့ကြသော်လည်း ၁၉၂၀ ပြည့်နှစ်သို့ ရောက်သည့်အခါ မြန်မာလူမျိုး ၃၅ ရာခိုင်နှုန်းသာ စာရေးစာဖတ်တတ်သည့်အခြေအနေသို့ ရောက်ရှိသွားသည်။ အဓိကအချက်မှာ မြန်မာနိုင်ငံကို သိမ်းပိုက်ထားသည့် ဗြိတိသျှအစိုးရက မြန်မာနိုင်ငံ၏ ပညာရေးအတွက် ငွေကြေးထောက်ပံ့မှုမရှိခဲ့ခြင်းကြောင့် ဖြစ်သည်။ ပညာရေးနိမ့်ကျသွားခြင်းကြောင့် မြန်မာတို့၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးတို့လည်း နိမ့်ကျသွားခဲ့ရပြီး တစ်ဆက်တည်းမှာပင် တစ်ချိန်က ဘုန်းတော်ကြီးကျောင်းပညာရေးခေတ်တွင် မြင့်မားခဲ့သည့် အမျိုးသားယဉ်ကျေးမှုလည်း နိမ့်ပါးခဲ့ရသည်။ အမျိုးသားဇာတိမာန်များလည်း ပညာသားပါပါ ချိုးနှိမ်ခံခဲ့ကြရသည်။

ကိုလိုနီခေတ် အင်္ဂလိပ်နယ်ချဲ့တို့က ပေးသည့်ပညာရေးသည် မြန်မာနိုင်ငံကို ခေတ်မီဖွံ့ဖြိုးအောင် တည်ဆောက်နိုင်မည့် ပညာရေးမျိုးမဟုတ်ဘဲ ကိုလိုနီအုပ်ချုပ်ရေးယန္တရားတွင် အသုံးပြုနိုင်မည့် အဆင့်နိမ့်ပညာရေးမျှသာဖြစ်သည်။ ကိုလိုနီအုပ်ချုပ်ရေးယန္တရားတွင်လည်း အဆင့်မြင့်ရာထူးမျိုးကို မရရှိဘဲ စာရေးရာထူးမျှကိုသာ ရရှိနိုင်ကြသည်။ ဗြိတိသျှတို့၏ နေမဝင်အင်ပါယာကြီးကို အထင်ကြီးစေပြီး အုပ်စိုးသူအစိုးရကို သစ္စာရှိစေရန် ဖန်တီးထားသည့် အင်ပါယာသစ္စာတော်ခံအတွေးအခေါ်များကို ဖြန့်ဝေသင်ကြားပေးသည့် ပညာရေးဖြစ်သည်။ ၁၉၁၇ ခုနှစ်တွင် အိန္ဒိယရှိ နယ်ပယ်အချို့ကို ဒိုင်အာခီ ခေါ် ပူးတွဲအုပ်ချုပ်ရေးပေးသည့်အခါ မြန်မာနိုင်ငံတွင် ဘီအေဘွဲ့ရသူ ၄၀၀ မရှိသေး၍ ဒိုင်အာခီနှင့် မတန်သေးဟုဆိုကာ မပေးဘဲထားခဲ့သည်။ ၁၉၀၀ ပြည့်လွန်နှစ်များမှ တဖြည်းဖြည်းစတင်လာသည့် အမျိုးသားရေးအသွင်ဆောင်သော လှုပ်ရှားမှုများသည် တစ်စတစ်စ ရင့်ကျက်လာကာ ၁၉၂၀ ပြည့်နှစ် အင်္ဂလိပ်အစိုးရ၏ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကန့်ကွက်သည့် ကျောင်းသားသပိတ်ကို ပေါ်ထွန်းလာစေခဲ့သည်။

၁၉၂၀ ပြည့်နှစ်၊ မြန်မာသက္ကရာဇ်အားဖြင့် ၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ ကျောင်းသားသပိတ်သည် ကိုလိုနီပညာရေးစနစ်ကို အကြောင်းပြုသော်လည်း အနှစ်သာရအားဖြင့် ကိုလိုနီနယ်ချဲ့အစိုးရကို တစ်မျိုးသားလုံးအဆင့်ဖြင့် ပထမဦးဆုံး ဆန့်ကျင်အာခံခြင်းပင် ဖြစ်သည်။ ကျွန်ပညာရေးကိုဆန့်ကျင်၍ အမျိုးသားပညာရေး၊ အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေးဇာတိမာန်တို့ အုံကြွမြင့်မားခဲ့သည်။ ယင်းမှဆက်၍ တောင်သူလယ်သမားအရေးတော်ပုံ၊ ဒို့ဗမာအစည်းအရုံးလှုပ်ရှားမှုများ၊ ၁၉၃၆ ခုနှစ် တက္ကသိုလ်သပိတ်၊ ၁၃၀၀ ပြည့် ရေနံမြေအလုပ်သမားအရေးတော်ပုံ စသည့်အမျိုး သားလွတ်မြောက်ရေးအရေးတော်ပုံများ ဆက်ကာဆက်ကာ ဖြစ်ပေါ်လာခဲ့ပြီး လွတ်လပ်ရေးပန်းတိုင်ဆီသို့ ရောက်ခဲ့သည်။

နိုင်ငံတစ်နိုင်ငံအဖို့ အမျိုးသားရေးစိတ်ဓာတ်က အရေးကြီးသည်။ နိုင်ငံနှင့်လူမျိုး တည်တံ့ခိုင်မြဲရေးအတွက် အရေးပါသောအရာလည်းဖြစ်သည်။ အမျိုးသားရေးစိတ်ဓာတ်သည် လူမျိုးကြီးဝါဒ၊ လူမျိုးခွဲခြားရေးဝါဒတို့နှင့် လားလားမျှမဆိုင်သော်လည်း အမျိုးသားရေးစိတ်ဓာတ်ကို ဖျက်ဆီးရန်အလို့ငှာ ကောက်ကျစ်သောအကြံဖြင့် ယိုးစွပ်နေမှုများရှိနေသည်ကို သတိချပ်ကြရမည်။ နိုင်ငံကိုချစ်ခြင်း၊ လူမျိုးကိုချစ်ခြင်းသည် နိုင်ငံတိုင်း၊ လူမျိုးတိုင်းတွင် ရှိနေသောအရာဖြစ်သကဲ့သို့ ရှိသင့်ရှိအပ်သောအရာလည်းဖြစ်သည်။ အမျိုးသားရေးစိတ်ဓာတ် ခိုင်မာမြဲမြံမြင့်မားစွာ လွှင့်ထူ၍ နိုင်ငံနှင့် လူမျိုးဖွံ့ဖြိုးတိုးတက်ရေး၊ တည်တံ့ခိုင်မြဲရေးအတွက် မျိုးဆက်တိုင်းက ထမ်းရွက်ကြရန် တာဝန်ရှိအပ်ပါကြောင်း။ ။

## တရားမ အထူးအယူခံမှု (၃) မှု စီရင်ချက်ချမှတ်၊ (၅) မှု ရုံးထိုင်ကြားနာ

နေပြည်တော် နိုဝင်ဘာ ၂၂

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးမောင်၊ ဦးကြည်သိန်း၊ ဦးတင်ဟုန်၊ ဒေါ်ခင်မေရီ တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၄/၂၀၂၀ (ရော၀တီ) ၊ ၅/၂၀၂၀ (ရော၀တီ) နှင့် ၇/၂၀၂၀(ရန်ကုန်)၊ စုစုပေါင်း တရားမ အထူးအယူခံမှု (၃) မှုကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၈၉ /၂၀၁၉ (မွန်)၊ ၉၆/၂၀၁၉ (မန္တလေး)၊ ၉၇/၂၀၁၉ (မန္တလေး)၊ ၈/၂၀၂၀ (ရန်ကုန်) နှင့် ၁၁/၂၀၂၀ (မကွေး)၊ စုစုပေါင်း တရားမ အထူးအယူခံမှု (၅) မှု ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## "တပ်မတော်စာတိုက်ခန်း" အစီအစဉ် ဆောင်ရွက်ပေးမည်

နေပြည်တော် နိုဝင်ဘာ ၂၂

အကြောင်းအမျိုးမျိုးကြောင့် မိသားစုနှင့် အချိန်ကာလကြာရှည်စွာ အဆက်အသွယ်ပြတ်၍ ဝေးကွာနေကြသော တပ်မတော်သားများအတွက် မိသားစု၊ ဆွေမျိုးသားချင်း၊ မိတ်ဆွေသင်္ဂဟများနှင့် ပြန်လည်အဆက်အသွယ်ရရှိစေရန် သဇင် FM ၏ ဖုန်းနံပါတ် ၀၃၃-၆၀၁၇၀ သို့ တနင်္လာနေ့မှ သောကြာနေ့အထိ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ Thazin FM Facebook Page မှတစ်ဆင့် Message ပေးပို့၍လည်းကောင်း၊ သဇင် FM ၏ စာတိုက်သေတ္တာအမှတ်(၁၅)သို့ လိပ်မူပြီး စာလွှာပေးပို့၍လည်းကောင်း ပါဝင်နိုင်ပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် နိုဝင်ဘာ ၂၂

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မိုး/ဇလ

## သက်သာသောဈေးနှုန်းဖြင့် စားအုန်းဆီဖြန့်ဖြူးရောင်းချ

နေပြည်တော် နိုဝင်ဘာ ၂၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် စားသုံးသူပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ဗဟိုဘဏ်မှရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၁၂ သန်းဖြင့် မှာယူတင်သွင်းခဲ့သည့် စားအုန်းဆီများကို နိုဝင်ဘာ ၉ ရက်မှစတင်ပြီး တိုင်းဒေသကြီး/ပြည်နယ်ဒေသအသီးသီးရှိ လက်လီ/ လက်ကား ရောင်းချသူများသို့ တစ်ပိဿာလျှင် လက်ကားဈေး ကျပ် ၄၂၄၀ ဖြင့် နေ့စဉ် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ နေပြည်တော်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့အတွက် စားအုန်းဆီတန်ချိန် ၇၀၇၀ ဒသမ ၅၅ တန်၊ ပိဿာ ၄၃၂၇၁၈၀ ရောင်းချခဲ့ပြီးဖြစ်သည်။ ရန်ကုန်မြို့အတွင်းရှိ စားသုံးသူများအတွက် ဆီအသင်း၏ အစီအစဉ်ဖြင့် ရပ်ကွက်များသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိပြီး ကျန်တိုင်းဒေသကြီး/ ပြည်နယ်များသို့လည်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ စားအုန်းဆီများကို လက်ကားဝယ်ယူရောင်းချသူများအနေဖြင့် လက်လီအရောင်းဆိုင်များတွင် အသားတင်အကျိုးအမြတ် (၂ ရာခိုင်နှုန်း) ထက် မပိုသည့်ဈေးနှုန်းဖြင့် စားသုံးသူပြည်သူများသို့ ပြန်လည်ဖြန့်ဖြူးရောင်းချသွားရမည်ဖြစ်ကြောင်းနှင့် စားသုံးသူပြည်သူများသို့ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချပေးမည့် လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း အမှတ်(၁၀၄/၁၀၈) ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် (ဆင်မင်းအိမ်ယာဓမ္မာရုံရှေ့) အလုံမြို့နယ် ဖုန်း-၀၉-၄၄၄၄၃၇၂၉၅၊ ၀၉-၄၀၁၅၂၇၀၄၉ နှင့် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဖုန်း ၀၁-၂၅၀၂၇၀၊ ၀၉-၄၃၆၆၆၆၈ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေး

နေပြည်တော် နိုဝင်ဘာ ၂၂

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။

ထိုသို့ထုတ်ပေးရာတွင် နိုဝင်ဘာ ၂၂ ရက်၌ ရန်ကုန်ဆိပ်ကမ်းများမှ Syringe ၂၆၄၀၊ Oxygen Generator တစ်ခု၊ Nasal Oxygen Canula ၃၀၀၀၊ ဆေးဝါးမျိုးစုံ ၈၁ မျိုး စုစုပေါင်း ၂၇၁၁၁၉ ဒသမ ၄၁ Kg၊ နယ်စပ် (ချင်းရွှေဟော်၊ မြဝတီ)တွင် ကုမ္ပဏီလေးခုမှ Sodium Chloride Injection ၃၇၉၂၀ ၊ Vita Strong Tablet ၃၇၂၆၀၊ Salbutamol Aerosol ၁၁၀၀၀၊ Paracetamol Tablet ၈၁၀၊ Cetirizine Tablet ၆၄၈၀၊ Dexa-5 Injection ၄၅၆၀၊ Mico (Cream) ၁၉၆၂၀၊ Glucose Injection ၄၀၆၀၈၊ Hydrocort Injection ၁၄၆၄၀၊ Vatamin B12 Injection ၃၀၆၀၀၊ P Pen Powder For Injection ၅၂၂၀၊ Syringe ၃၇၅၉၆ ခု၊ Mask ၁၂၈၅၉ Kg၊ Infusion ၂၇၈၀ ၊ Face Shield ၃၅၀ Kg၊ Liquid Oxygen ၁၅၃၃၈ $m^3$ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




## တိမ်အသင့်အတင့် ဖြစ်ထွန်း

နေပြည်တော် နိုဝင်ဘာ ၂၂

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## နိုင်ငံ၏ ဂုဏ်သိက္ခာနှင့်အညီ ဆောင်ရွက်

မိမိတို့နိုင်ငံသည် အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ သို့သော်လည်း နိုင်ငံတကာနှင့်ဆက်ဆံရာတွင် နိုင်ငံ၏ ဂုဏ်သိက္ခာနှင့်အညီ ဆောင်ရွက်နေခြင်းကို အချို့သောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများက မျက်ကွယ်ပြု၍ဆောင်ရွက်နေကြကြောင်း၊ ပြည်ပ နိုင်ငံများနှင့် နယ်နိမိတ်ထိစပ်နေသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများအနေဖြင့် နယ်စပ်ဒေသဆက်ဆံရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ဂုဏ်သိက္ခာကို ထိန်းသိမ်းပြီး နိုင်ငံတကာကတိကဝတ်၊ သဘောတူညီချက်များနှင့်အညီ ပြောဆိုပြုမူ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နိုင်ငံ၏ဂုဏ်သိက္ခာကို ထိခိုက်စေမည့် ကိစ္စရပ်များကို ရှောင်ရှားကြရန်လိုအပ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရ အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

## ယခုအလုပ်ရုံဆွေးနွေးပွဲမှရရှိသည့် အသိပညာနှင့် အရည်အသွေးစီမံခန့်ခွဲမှုစနစ်ကိုအခြေခံပြီး မိမိတို့၏ စက်ရုံ/အလုပ်ရုံ၊ ရုံးဌာနများတွင် အရည်အသွေး စီမံခန့်ခွဲမှုစနစ်များကို ထူထောင်၍ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၂

**စက်မှုဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် အဖွဲ့အစည်းများ၏ အရည်အသွေးစီမံခန့်ခွဲမှုသင်တန်းကို ယနေ့ မွန်းလွဲပိုင်းတွင် virtual စနစ်ဖြင့် ကျင်းပသည်။** (ယာပုံ)



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း စက်မှုဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် အဖွဲ့အစည်းများ၏ အရည်အသွေးစီမံခန့်ခွဲမှုသင်တန်းအတွက် အမှာစကား ပြောကြားစဉ်။

**အလေးထားဆောင်ရွက်**

ရှေးဦးစွာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက နိုင်ငံတော် ဝန်ကြီးချုပ်က **"သံ၊ သံမဏိ၊ ဘိလပ်မြေ၊ ချည်ထည်၊ ဆေးဝါး၊ လူသုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ အရည်အသွေးပြည့်မီပြီး အဆင့်အတန်းမီထုတ်လုပ်၍ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနိုင်ရေးဆောင်ရွက်ရန်နှင့် စက်ရုံများအား အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (PPP) ဖြင့် အောင်မြင်အောင် ဆောင်ရွက်ရန်"** လမ်းညွှန်ထားကြောင်း၊ ထို့ကြောင့် အရည်အသွေးရှိသော ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် အရည်အသွေးရှိသော စီမံခန့်ခွဲမှုစနစ်ရှိမှသာ အရည်အသွေးရှိသော စက်ရုံ/အလုပ်ရုံ၊ ရုံးဌာနများ ဖြစ်မည်ဖြစ်ကြောင်း၊ အရည်အသွေးပြည့်ဝပြီး အာမခံရှိသော စက်ရုံ/အလုပ်ရုံ၊ ရုံးဌာနများ ဖြစ်စေရေးအတွက် Quality Management–Quality of an Organization ရှိရန် လိုကြောင်း၊ စက်ရုံ/ အလုပ်ရုံများတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ဝန်ထမ်းများ၏ လုပ်ငန်းခွင် ကျန်းမာရေး ထိခိုက်မှုမရှိစေရေးအတွက်လည်း အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏စီးပွားရေးရည်မှန်းချက်များ ပြည့်မီရေးအတွက် ကုန်သွယ်စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် စံချိန်စံညွှန်းများ၏ အရေးကြီးမှုကို ပိုမိုသိရှိနားလည် အသုံးပြုကြရန်နှင့် စီးပွားရေးလုပ်ငန်းများ၊ စက်မှုကုန်ထုတ်လုပ်ငန်းများ၊ စားသုံးသူများ၏ လိုအပ်ချက်များကို စံချိန်စံညွှန်းကဏ္ဍက အကူအညီပေးခြင်းဖြင့် မြှင့်တင်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာကဏ္ဍအလိုက် အစိုးရ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အမျိုးသားအရည်အသွေးဆိုင်ရာ အခြေခံအဆောက်အအုံ ခိုင်မာအားကောင်းလာစေရန် ဥပဒေများ ပြဋ္ဌာန်းခြင်း၊ မူဝါဒများချမှတ်ခြင်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ စံချိန်စံညွှန်းသည် အသွင်ကူးပြောင်းရေးကာလတွင် အရေးကြီးသည့်ကဏ္ဍမှပါဝင်နေပြီး စံချိန်စံညွှန်းများမရှိဘဲ ပြောင်းလဲမှုများကို အရှိန်အဟုန်မြှင့်တင်၍ ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း၊ စံချိန်စံညွှန်း ချမှတ်ခြင်းအတွက် အမျိုးသားစံချိန်စံညွှန်းကောင်စီ၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် နည်းပညာ ဆပ်ကော်မတီ ၂၅ ခုကို ဖွဲ့စည်းပြီး မြန်မာစံချိန်စံညွှန်း ၄၃၉ ခုကို ချမှတ်ခဲ့ပြီးဖြစ်ကြောင်း။

**သိရှိနားလည်နိုင်ရန် အရေးကြီး**

စက်မှုဝန်ကြီးဌာနအနေဖြင့် နည်းပညာ ဆပ်ကော်မတီ ၇ ခုကို တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ချမှတ်ပြီးဖြစ်သည့် မြန်မာစံချိန်စံညွှန်း ၄၃၉ ခုအနက် စံချိန်စံညွှန်း အခု ၂၅၀ ကို အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများကို ကိုးကား၍ ချမှတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် စံချိန်စံညွှန်းများကို အသုံးချရန်နှင့် စံချိန်စံညွှန်းပါ ဖော်ပြချက်များကို သိရှိနားလည်နိုင်ရန် အရေးကြီးကြောင်း၊ ယနေ့ကျင်းပပြုလုပ်သည့် သင်တန်းမှမျှဝေမှုများကို စနစ်တကျလိုက်ပါ အကောင်အထည်ဖော်နိုင်ခြင်းဖြင့် ISO 9004:2018 ပါ ဖော်ပြချက်များကို သိရှိလိုက်နာနိုင်ပြီး Quality Management System အရ အဖွဲ့အစည်းတစ်ခု၏ အရည်အသွေး (Quality of an organization)၊ စဉ်ဆက်မပြတ် အောင်မြင်မှု (Sustained Success) ရရှိစေရန်အတွက် သတ်မှတ်ချက်များ၊ လမ်းညွှန်ချက်များကို နားလည်သဘောပေါက်မည်ဟု ယုံကြည်ပါကြောင်း။

**စီမံခန့်ခွဲမှုစနစ်များကို ထူထောင်**

သင်တန်းသားများအနေဖြင့် သင်တန်းမှ ပို့ချချက်များကို လေးလေးနက်နက် လေ့လာမှတ်သားပြီး မိမိတို့ဌာန၏ အရည်အသွေးကို စဉ်ဆက်မပြတ် အောင်မြင်အောင် ပြန်လည်အသုံးချကြရန်နှင့် စက်မှုဝန်ကြီးဌာနမှ စက်ရုံမှူးများနှင့် တိုင်းဒေသကြီး/ပြည်နယ် ဦးစီးဌာနမှူးများအနေဖြင့် ယခုအလုပ်ရုံဆွေးနွေးပွဲမှရရှိသည့် အသိပညာနှင့် အရည်အသွေးစီမံခန့်ခွဲမှု စနစ်ကိုအခြေခံပြီး မိမိတို့၏ စက်ရုံ/အလုပ်ရုံ၊ ရုံးဌာနများတွင် အရည်အသွေး စီမံခန့်ခွဲမှုစနစ်များကို ထူထောင်၍ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်သွားရန် ပြောကြားသည်။

ဆက်လက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အရည်အသွေးစီမံခန့်ခွဲမှု သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ အဆိုပါသင်တန်းတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အမျိုးသားစံချိန်စံညွှန်းနှင့် အရည်အသွေးဌာနမှ နည်းပြဆရာမများက အရည်အသွေးစီမံခန့်ခွဲမှုနှင့်ပတ်သက်သည့် ဘာသာရပ်များအား ငါးရက်ကြာ ဆွေးနွေးပို့ချမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## မြမန္တလာစာပေပန်းခင်း စာကြည့်တိုက်သို့ စာအုပ်လှူဒါန်းပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၂**

မန္တလေးမြို့ နန်းရှေ့ရှိ မြမန္တလာစာပေပန်းခင်း စာကြည့်တိုက်သို့ ရှားပါးသုတ၊ ရသ စာအုပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၂၁ ရက် နံနက် ၁၁ နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင်စာရေးဆရာများဖြစ်သည့် ဦးအောင်မြင့် (ပိတောက်ရိပ်တရားတော်ပြန့်ပွားရေး)၊ ဆရာမအေးအေးခိုင်(ပညာရေး)၊ ဆရာမ သင်းသင်း(မန္တလာ)၊ ဆရာမ ခင်ခင်ဝင်း(ပညာရေး)၊ ဆရာစိုးဝင်း (ဆသရ) တို့က စာအုပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆရာဦးအောင်မြင့် (ပိတောက်ရိပ်တရားတော်ပြန့်ပွားရေး)က စာအုပ် ကိုးအုပ်၊ ဆရာမ ခင်ခင်ဝင်း (ပညာရေး) က ကိုးအုပ်၊ ဆရာမ သင်းသင်း(မန္တလာ) က ခုနစ်အုပ်၊ ဆရာမ အေးအေးခိုင် (ပညာရေး)က အုပ် ၆၀၊ ဆရာစိုးဝင်း (ဆသရ)က ခုနစ်အုပ် စုစုပေါင်းသုတ၊ ရသစာအုပ် ၉၂ အုပ်ကို လှူဒါန်းရာ စာကြည့်တိုက်မှူး ဒေါ်သိမ့်သိမ့်ထွေး၊ လက်ထောက်စာကြည့်တိုက်မှူး ဒေါ်ချောစုသိန်းအောင်တို့က လက်ခံယူပြီး **(ဝဲပုံ)** ဂုဏ်ပြုလက်မှတ်များ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# ဥပဒေရေးရာဝန်ကြီးဌာန၏ တရားမမှုများ လိုက်ပါဆောင်ရွက်ခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ဥပဒေရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ တရားမမှုများ လိုက်ပါဆောင်ရွက်ခြင်းဆိုင်ရာသင်တန်း အမှတ်စဉ်(၁/၂၀၂၁)ဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန၌ ကျင်းပသည်။

**ထိရောက်မှန်ကန်စွာ ဆောင်ရွက်**

ဖွင့်ပွဲအခမ်းအနားတွင် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ဥပဒေရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဥပဒေရေးရာဝန်ကြီးဌာနမှ အရာထမ်းများအတွက် ဘာသာရပ်ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာန၊ မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄)၏ မဟာဗျူဟာ ရည်မှန်းချက်ပါ ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ဥပဒေအရာရှိများအနေဖြင့် နိုင်ငံတော်က တရားလိုသို့မဟုတ် တရားပြိုင်အဖြစ်ပါဝင်သော တရားမမှုလမှု၊ တရားမအယူခံမှု၊ တရားမ ပြင်ဆင်မှုနှင့် တရားမ အထူးအယူခံမှုများနှင့်စပ်လျဉ်း၍ ဥပဒေအကြံဉာဏ်ပေးခြင်းနှင့် နိုင်ငံတော်ဘက်မှ လိုက်ပါခြင်းများ ဆောင်ရွက်ကြရာတွင် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ထိရောက်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်သင်ကြားပေးရခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံတော်မှ တရားလိုသို့မဟုတ် တရားပြိုင်အဖြစ် ဆောင်ရွက်သည့် အမှုများတွင် နိုင်ငံတော်ကိုယ်စား လိုက်ပါဆောင်ရွက်ရသည့် ဥပဒေအရာရှိများသည် နိုင်ငံတော်ဘက်မှ အားသာမှုရရှိစေရေး၊ နစ်နာမှု မရှိစေရေး ဆောင်ရွက်ပေးရန် တာဝန်ရှိပါကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းဆရာများ၏ သင်ကြားပေးမှုများကို ဂရုတစိုက် မှတ်သားနာယူကြပါရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

**၁၁ ရက်ကြာ ဖွင့်လှစ်**

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းဆရာများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းကာလမှာ စုစုပေါင်း ၁၁ ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး တရားမမှုများ လိုက်ပါဆောင်ရွက်ခြင်းဆိုင်ရာသင်တန်း အမှတ်စဉ်(၁/၂၀၂၁)ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး လှိုင်းဘွဲ့မြို့နယ် အောက်ဆီဂျင်စက်ရုံဆိုင်းဘုတ်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။

# ကရင်ပြည်နယ်အတွင်းရှိ အောက်ဆီဂျင်စက်ရုံ ၁၂ ရုံမှ နေ့စဉ် အောက်ဆီဂျင် လီတာ ၃၇၀၀၀ ဖြန့်ဖြူးပေးလျက်ရှိ

**ဘားအံ နိုဝင်ဘာ ၂၂**

ကိုဗစ်-၁၉ ရောဂါကုသရေးတွင် အရေးကြီးလိုအပ်သော အောက်ဆီဂျင်ကို လုံလောက်စွာရရှိနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နည်းအမျိုးမျိုးဖြင့် တွန်းအားပေးကြိုးပမ်းဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၁ ရက်က လှိုင်းဘွဲ့ မြို့နယ် အောက်ဆီဂျင်စက်ရုံကို ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများ တက်ရောက် ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ကရင်ပြည်နယ်အတွင်း အောက်ဆီဂျင်ကို အများပြည်သူလုံလောက်စွာရရှိနိုင်ရေးအတွက် ပြည်နယ်အတွင်းရှိ ဆေးရုံများ၊ ရွှေ့လျားစက်များအပါအဝင် အစိုးရစက်ရုံခြောက်ရုံ၊ ရွှေ့လျားစက်ရုံတစ်ခုအပါအဝင် ပုဂ္ဂလိကစက်ရုံ ငါးရုံ စုစုပေါင်းစက်ရုံ ၁၂ ရုံကို တည်ဆောက်ပြီးစီးခဲ့ပြီး နေ့စဉ် အောက်ဆီဂျင် လီတာ ၃၇၀၀၀ ထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိကာ ကော့ကရိတ်မြို့နယ်တွင်လည်း အောက်ဆီဂျင်စက်ရုံတစ်ရုံ ထပ်မံဖွင့်လှစ်တော့မည်ဖြစ်သည့်အတွက် ပြည်နယ်အတွင်း ကိုဗစ်လူနာများနှင့် အခြားလူနာများ၏ အောက်ဆီဂျင်လိုအပ်ချက်ကို လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လှိုင်းဘွဲ့မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် မဲဆမိတ်ဆရာတော်အရှင်စန္ဒရ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက စက်ရုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အဖွဲ့အစည်းများနှင့် လူမှုကယ်ဆယ်ရေးအဖွဲ့များအား ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အောက်ဆီဂျင်ထုတ်လုပ်သည့် စက်ခလုတ်နှိပ်၍ စက်ရုံကိုစတင်လည်ပတ်ဖြန့်ဖြူးစေခဲ့သည်။ လှိုင်းဘွဲ့မြို့နယ်အောက်ဆီဂျင်စက်ရုံကို စေတနာရှင်အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေများဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး စုစုပေါင်းငွေကျပ် သိန်း၂၃၇၀ ကျော်ကုန်ကျခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ရုံးမှ ပန်းခင်းစီမံချက်ဖြင့် လှိုင်းဘွဲ့မြို့နယ်အထက်တန်းကျောင်းခွဲ၌ အိမ်ထောင်စု လူဦးရေစာရင်းနှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ လက်ဝယ်အရောက် ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လှိုင်းဘွဲ့မြို့နယ် သဗ္ဗာန်ကျေးရွာ တောင်သူနည်းပညာပေး စင်တာ၌ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၇ အုပ်စုမှ မိုးစပါးရေကြီးနစ်မြုပ်တောင်သူများကို ဆောင်းသီးနှံအတွက် ယူရီးယားမြေဩဇာများ ထောက်ပံ့ပေးအပ်ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ထားဝယ်မြို့နယ်၌ ၆ မဂ္ဂါဝပ် အသေးစားရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းဆောင်ရွက်ရန် ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**ထားဝယ် နိုဝင်ဘာ ၂၂**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် သက်န်းတုန်းကျေးရွာ အနီးရှိ ဝကုန်းချောင်းအတွင်း၌ ၆ မဂ္ဂါဝပ် အသေးစား ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းဆောင်ရွက်ရန်အတွက် Myanmar Access International Co.,ltd မှ Feasibility Study Report အစီရင်ခံစာနှင့် ပတ်သက်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများအတွက် ကွင်းဆင်းစိစစ်ရေးနှင့်စာချုပ်(မူကြမ်း) များအား တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လာရောက် ရှင်းလင်းတင်ပြဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ဝကုန်းချောင်းအတွင်း၌ ပြုလုပ်မည့် ၆ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက် လာရောက် ရှင်းလင်းပြောကြားသည့် အခမ်းအနား ဖြစ်ကြောင်း၊ တနင်္သာရီတိုင်း ဒေသကြီးသည် မြန်မာနိုင်ငံ၏ တောင်ဘက်အစွန်ဆုံးကျပြီး ကမ်းရိုးတန်းဒေသဖြစ်သည့်အတွက် မြေအနေအထားအရ တောင်နှင့်မြောက် သွယ်တန်းပြီး ရှည်လျားသောကြောင့် လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် အခက်အခဲ အနည်းငယ်ရှိကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးများသည့်အတွက် ဆည်မြောင်း၊ တာတမံတည်ဆောက်လုပ်ရာတွင် ဂရုတစိုက် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လုပ်ငန်းများကို အောင်မြင်အောင် လုပ်ဆောင်စေလိုသောဆန္ဒရှိပြီး လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ရန် အသင့်ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်း လျှပ်စစ်မီးများ လုံလုံလောက်လောက် ဈေးနှုန်းသက်သာစွာဖြင့် ရရှိစေလိုသောကြောင့် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် အားပေးကြောင်း၊ ဝကုန်းချောင်းအနီး ပတ်ဝန်းကျင်တွင် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်စေလိုကြောင်း၊ ကုမ္ပဏီများအနေဖြင့် လျှပ်စစ်ဓာတ်အားကို အောင်အောင်မြင်မြင်ဖြင့် အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် Myanmar Access International Co., ltd မှ Feasibility Study Report အစီရင်ခံစာနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို ထားဝယ်မြို့နယ်၌ ၆ မဂ္ဂါဝပ် အသေးစားရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းဆောင်ရွက်ရန် ရှင်းလင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

# ရန်ကုန်စက်မှုဇုန်၌ ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ခရီးသည်တင်ဘတ်စ်ကားများ တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် စက်မှုဇုန်စွန့်ပစ္စည်းများ သိမ်းဆည်းစုဆောင်းစွန့်ပစ်သည့် ဝန်ဆောင်မှုလုပ်ငန်းနှင့် အဆိုပါလုပ်ငန်းအတွက်လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများ ပြည်ပမှတင်သွင်းခြင်းမပြုဘဲ ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် TYTC Services Co., Ltd. သို့ သွားရောက်ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များကို အဆိုပါကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးသန်းဝင်းနှင့် ဒါရိုက်တာ ဒေါ်ယဉ်ယဉ်အေးတို့က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ရရှိပြီးနောက်ပိုင်း လုပ်ငန်းစတင်ဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှုအခြေအနေ၊ တွေ့ကြုံနေရသည့် အခက်အခဲများနှင့် ဆက်လက်ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းအမြန်စတင်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည့် အစီအစဉ်၊ စက်မှုဇုန်စွန့်ပစ်အမှိုက်များ သိမ်းဆည်းစုဆောင်းစွန့်ပစ်ရာတွင် သက်ဆိုင်ရာ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ၊ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ရမည့် အခြေအနေများကို ဆွေးနွေးပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး လုပ်ငန်းများ ဆက်လက်တိုးချဲ့ဆောင်ရွက်နိုင်ရေးနှင့်ပတ်သက်၍ လိုအပ်သည်များကို အကြံပြုဆွေးနွေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရွှေပြည်သာမြို့နယ်ရှိ ခံတွင်းနှင့် တစ်ကိုယ်ရေကျန်းမာရေးဆိုင်ရာထုတ်ကုန်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသည့် Colgate–Palmolive (Myanmar) Limited သို့ ရောက်ရှိပြီး စက်ရုံ၏လုပ်ငန်းလည်ပတ်မှု၊ ကုန်ပစ္စည်းထုတ်လုပ်နေမှုများကို တာဝန်ရှိသူများက တင်ပြရာ ပြည်ထောင်စုဝန်ကြီးက သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေး၊ သွားနှင့်ခံတွင်းကျန်းမာရေးအသိပညာပေး အစီအစဉ်များကို ကုမ္ပဏီ၏ လူမှုရေးဆိုင်ရာ တာဝန်ယူမှု (Corporate Social Responsibility) အစီအစဉ်များအဖြစ် ဆောင်ရွက်နိုင်ရေးနှင့် ကုန်ထုတ်လုပ်မှု တိုးမြှင့်ရေးအတွက် ကူညီဆောင်ရွက်ပံ့ပိုးပေးနိုင်မည့် အခြေအနေများကို အကြံပြုဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မင်္ဂလာဒုံမြို့နယ်ရှိ ခရီးသည်တင်ယာဉ်များအား CKD စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်ရောင်းချခြင်း၊ ပြုပြင်ခြင်းနှင့် ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် SC Auto (Myanmar) Co., Ltd. သို့ ရောက်ရှိရာ ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ Mr. Tan Siow Chua ၊ ဒါရိုက်တာ Ms. Lee Swee Hoon တို့က Video Conference စနစ်ဖြင့်လည်းကောင်း၊ ကုမ္ပဏီ၏ Sale & Marketing Manager ဒေါ်စုမြတ်နိုင်အောင်က Power Point ဖြင့်လည်းကောင်း မော်တော်ယာဉ်ထုတ်လုပ်မှု အခြေအနေ၊ ပြည်တွင်းဈေးကွက်တွင် ဖြန့်ဖြူးရောင်းချသည့် အခြေအနေနှင့် ထုတ်လုပ်ပြီး လူစီးဘတ်စ်ယာဉ်များအား ပြည်ပသို့ တင်ပို့မည့် အစီအစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီး က ဈေးကွက်ချဲ့ထွင်နိုင်ရေးနှင့် ပြည်ပသို့ မော်တော်ယာဉ်များ တင်ပို့ရောင်းချနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များ၊ သုတေသနနှင့်ဖွံ့ဖြိုးမှုလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်နိုင်ရေး၊ လျှပ်စစ်ခရီးသည်တင်ယာဉ် (E–Bus) များကို ပြည်တွင်းဈေးကွက်၌ ထုတ်လုပ်ဖြန့်ချိနိုင်ရေးနှင့် လိုအပ်သည့်ယာဉ်ပစ္စည်း အစိတ်အပိုင်းများ တင်သွင်းရာတွင် အခက်အခဲများ မပေါ်ပေါက်စေရေးအတွက် ဆက်လက်ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးသည်။

SC Auto သည် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရန်ကုန်စက်မှုဇုန်၌ ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် SC NEUSTAR အမှတ်တံဆိပ် ဥရောပစံချိန်စံညွှန်းမီ ခရီးသည်တင် ဘတ်စ်ကားများ တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ အဆိုပါစက်ရုံမှ တစ်နှစ်လျှင် ဘတ်စ်ကားစီးရေ ၆၀၀ အထိ CKD စနစ်ဖြင့် ထုတ်လုပ်နိုင်ပြီး ထုတ်လုပ်မှု၏ ၅၀ ရာခိုင်နှုန်းကို အာဆီယံနိုင်ငံများသို့ တင်ပို့နိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ကုမ္ပဏီသည် စင်ကာပူနိုင်ငံတွင် လျှပ်စစ်ဘတ်စ်ကားများ ထုတ်လုပ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး နှစ်အနည်းငယ်အတွင်းတွင် မြန်မာနိုင်ငံ၌လည်း လျှပ်စစ်ဘတ်စ်ကားများ တပ်ဆင်ထုတ်လုပ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် နိုဝင်ဘာ ၂၂**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်နှင့်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

**ကာကွယ်ဆေးထိုးနှံ**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် မြောက်ပိုင်း ကျောက်မဲမြို့နှင့် သီပေါမြို့တို့၌ ဒေသခံပြည်သူ ၇၈၇ ဦး၊ ရှမ်းပြည်နယ်အရှေ့ပိုင်းအတွင်းရှိမြို့နယ်ခြောက်မြို့နယ်၌ ဒေသခံပြည်သူ ၁၈၉၆ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၆ မြို့နယ်တို့၌ သံဃာတော်များနှင့် ဒေသခံပြည်သူ ၁၉၅၈၇ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ငါးမြို့နယ်၌ ဒေသခံပြည်သူ ၄၃၉၀ ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၂၉၀၈၆ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၂၂၃၈ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်၌ ဒေသခံပြည်သူ ၃၅ ဦး၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ထန်းတပင်မြို့နယ်တို့၌ ဒေသခံပြည်သူ ၈၉၀ နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၉၂၆၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း**

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းခတ်မြို့နှင့် မိုင်းဆတ်မြို့တို့၌ ကျောင်းသား ကျောင်းသူ ၇၆ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၉၆၉၄ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်ကိုးမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၉၈၁၃ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၉၅၀ နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၂၅၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်– ၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

**ကြည့်ရှုအားပေး**

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လင်းခေးမြို့နယ်၌ အများပြည်သူ အနားယူအပန်းဖြေနိုင်မည့် လင်းခေးပြည်သူ့ဆေးရုံပန်းခြံ စတင်တည်ဆောက်

**လင်းခေး နိုဝင်ဘာ ၂၂**

လင်းခေးမြို့နယ် ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူကြသည့် ပြည်သူများအနေဖြင့် ဆေးရုံပန်းခြံတွင်အနားယူ အပန်းဖြေနိုင်ရေးအတွက် မြို့နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးကော်မတီ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဌာနနှင့် မြို့နယ် လမ်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**အနားယူနိုင်**

ပန်းခြံ တည်ဆောက်ရေးလုပ်ငန်းပြီးစီးသွားပါက မြို့နယ်ပြည်သူ့ဆေးရုံ၌ ကုသမှုခံယူလျက်ရှိကြသည့် လူနာ၊ လူနာစောင့်၊ လူနာကြည့်များ အနားယူ နိုင်ကြမည်သာမက ကလေးသူငယ်များ ဆော့ကစားနိုင်မည့် ကစားကွင်း၊ ရေတံခွန်အလှ၊ ပန်းအလှမျိုးစုံနှင့် ပန်းခြံအတွင်း လျှောက်လမ်းလေးခုတို့ ပါဝင်အလှဆင် တည်ဆောက်မည် ဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်း ပြီးစီးအောင်မြင်ရန် ခန့်မှန်းတန်ဖိုးငွေကျပ် သိန်း ၁၀၀ ခန့် ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

**လှူဒါန်းနိုင်**

ယင်း တည်ဆောက်ရေးအတွက် စေတနာအလှူရှင်များ မည်သူမဆို အလှူငွေ(သို့မဟုတ်) ပန်းအလှ ပျိုးပင်မျိုးစုံတို့ကို တည်ဆောက်ရေး ကော်မတီ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့နှင့် ဆက်သွယ်ကာ လာရောက်ပါဝင် လှူဒါန်းနိုင်ကြကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မောင်မောင်သန်းထံမှ သိရသည်။



လင်းခေးပြည်သူ့ဆေးရုံပန်းခြံ တည်ဆောက်နေမှုကို တွေ့ရစဉ်။

**စိုင်းဇော်လတ်(လင်းခေး)**

# ပစ္စုပ္ပန်၊ သံသရာပြေးမလွတ်သည့် အလွန်ကြီးမားသည့်အပြစ်

မောင်သောမန

မြန်မာနိုင်ငံတွင် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ရတနာသုံးပါးကို ရှေးကာလမှ အစဉ်အဆက် ယုံကြည်ကိုးကွယ်ဆည်းကပ်ကြသည်။ ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်ဆည်းကပ်သူသည် "သရဏဂုံ" တည်ပြီး ဒုက္ခဆင်းရဲအပါယ်ဘေးမှ လွတ်မြောက်ကာ ချမ်းသာသုခအပေါင်းတို့နှင့် ပြည့်စုံစေ၏။ ဘုရား၊ တရား၊ သံဃာရတနာသုံးပါးကို ပြစ်မှားစော်ကားသူသည် ပစ္စုပ္ပန်၊ သံသရာ၌ ဒုက္ခဆင်းရဲအပါယ်ဘေးတို့ကို ကြုံတွေ့ရပြီး သံသရာရှည်စွာ ဆင်းရဲဒုက္ခခံစားကြမည် မလွဲကေန်ဖြစ်ပါ၏။

## ရတနာသုံးပါးကို မေ့လျော့

ဝိပတ္တိကာလ၌ များသောအားဖြင့် ရတနာသုံးပါးကို မေ့လျော့ပါးလျားလာကြ၏။ ပေါ့ပေါ့တန်တန် အလေးမထား ပြုမူတတ်ကြ၏။ အချို့လည်း ပြစ်မှားစော်ကားခြင်းအမှုကို ပြုလုပ်လာကြ၏။ ထို့ကြောင့် ရတနာသုံးပါးကို မမေ့မလျော့စေရန်၊ အလေးအမြတ်ထားရန် လိုအပ်လာပါ၏။ ရတနာသုံးပါးအနက် သံဃာရတနာဂုဏ်ကျေးဇူးနှင့် အကျိုးအပြစ်တို့ကို သိရှိနိုင်ပါစေရန် ဦးစွာတင်ပြလိုပါသည်။ သံဃာရတနာဆိုသည်မှာ "သမ္မုတိနှင့် အရိယာ" နှစ်ဖြာသော သံဃာတော်အရှင်မြတ်အပေါင်းတို့ကို ဆိုလို၏။ အယူသီလတူမျှသော ပုဂ္ဂိုလ်အပေါင်းအစုဟုလည်း ဆိုကြသည်။

## ပူဇော်ထိုက်သည့်သံဃာ

ယင်းပုဂ္ဂိုလ်နှစ်မျိုးတွင် သောတာပတ္တိမဂ်ပုဂ္ဂိုလ်၊ သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်တစ်စုံ၊ သကဒါဂါမိမဂ်ပုဂ္ဂိုလ်၊ သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်တစ်စုံ၊ အနာဂါမိမဂ်ပုဂ္ဂိုလ်၊ အနာဂါမိဖိုလ် ပုဂ္ဂိုလ်တစ်စုံ၊ အရဟတ္တမဂ်ပုဂ္ဂိုလ်၊ အရဟတ္တဖိုလ်ပုဂ္ဂိုလ်တစ်စုံ ဤသို့ အစုံအားဖြင့် လေးစုံ၊ အရေအတွက်အားဖြင့် ရှစ်ပါးသော "အရိယာ" သံဃာများရှိသည်။ ထိုအရိယာသံဃာများ၏ အဆက်အနွယ်ဖြစ်၍ ဉာတ်တစ်ကြိမ်၊ ကမ္မဝါသုံးကြိမ်၊ ဉာတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်နေကြသော ရဟန်းအပေါင်းအစုကို "သမ္မုတိ" သံဃာဟု ခေါ်ဆိုသည်။ သမ္မုတိသံဃာသည် အရိယာပုဂ္ဂိုလ်မဟုတ်သော်လည်း ဝိနည်းဒေသနာတော်အရ ပြုလုပ်ဆောင်ရွက်ရသော ဝိနည်းကံ၏ အစွမ်းအားဖြင့် ပူဇော်ထိုက်သော သံဃာဟူ၍ ဖြစ်လာသည်။

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာဝင်များ အများဆုံးနေထိုင်ကြသော နိုင်ငံဖြစ်သည်။ ကမ္ဘာပေါ်တွင် ထေရဝါဒဗုဒ္ဓဘာသာ ငါးနိုင်ငံရှိသည့်အနက် မြန်မာနိုင်ငံသည် ဗုဒ္ဓသာသနာ အထွန်းကားဆုံးနိုင်ငံဖြစ်သည်။

> "ရဟန်းသံဃာများအပေါ် ပြစ်မှားစော်ကားခြင်း၊ သတ်ဖြတ်ခြင်းသည် မျက်မှောက်သံသရာတွင် အလွန်ကြီးလေးလှသည့်အပြစ်များကို ခံစားကြရသည်။ အကယ်၍ ဤသို့ကျူးလွန်မှုကို ဂရုစိုက်စရာ မလိုဟု (ကံ၊ ကံ၏အကျိုးကို မယုံကြည်မှု)ဆိုလျှင် အကုသိုလ်အမျိုးမျိုးတွင် အပြစ်အကြီးလေးဆုံးဖြစ်သည့် မိစ္ဆာဒိဋ္ဌိကံထိုက်မည်ဖြစ်သည်။ မိစ္ဆာဒိဋ္ဌိကံထိုက်သူမှာ တစ်ကမ္ဘာပျက်သော် အပြစ်မကုန်ဆုံးသေးဘဲ နောက်တစ်ကမ္ဘာအသစ်တွင် အပြစ်ဆက်၍ ခံရကြောင်း ကျမ်းဂန်များ၌ အတိအလင်းမိန့်ဆိုထားသည်။ ထို့ကြောင့် အယူမှန်ရှိသူတို့သည် ကံ ကံ၏အကျိုးကိုမယုံကြည်သော မိစ္ဆာဒိဋ္ဌိအယူရှိသူတို့နှင့် ဝေးစွာရှောင်ကြဉ်မှသာ မိမိတို့၏ ဘဝသံသရာတွင် အန္တရာယ်ကင်းဝေးမည်ဖြစ်သည်"

> ❒ ရဟန်းသံဃာတို့အား ပြစ်မှားစော်ကားခြင်း၊ သတ်ဖြတ်ခြင်းကြောင့် ပြန်လည်ခံစားရသည့်အပြစ်များကို ဘုရားရှင်ဟောကြားထားသည့် တရားဒေသနာတော်များ၊ ဇာတ်နိပါတ်များတွင် ဖော်ပြထားသည်။ မြတ်စွာဘုရားရှင်လက်ထက်တော်က အရှင်နာရဒမထေရ်သည် နံနက်စောစောဆွမ်းခံရန် ရာဇဂြိုဟ်မြို့သို့ ကြွရောက်စဉ် လမ်း၌အလွန်ဆာလောင်နေသော ပြိတ္တာကိုတွေ့ရ၏။ ၎င်း၏ခန္ဓာကိုယ်မှာ ရွှေအဆင်းရှိပြီး ပါးစပ်မှာ ဝက်နှုတ်သီးနှင့်တူ၏။ ရှင်နာရဒသည် ပြိတ္တာနားသို့ချဉ်းကပ်၍ "သင်သည် ရွှေအဆင်းရှိ၏၊ မျက်နှာမှာ ဝက်မျက်နှာနှင့်တူ၏၊ သင်သည် ရှေးဘဝက မည်သည့်ကံပြုခဲ့၍ ဤသို့ဖြစ်ရသနည်း"ဟု မေး၏။ ထိုအခါ ပြိတ္တာက "အရှင်ဘုရား ကျွန်ုပ်သည် ကိုယ်ဖြင့် စောင့်စည်းသူဖြစ်ခဲ့ပါ၏။ သို့သော် ဝစီသရမ်း နှုတ်ထွက်ကြမ်းသော စကားလုံးများဖြင့် ရဟန်းတော်များအား ရှုတ်ချပြောဆိုကဲ့ရဲ့ခြင်း အကုသိုလ်ကံကြောင့် ဝက်မျက်နှာ၊ ဝက်နှုတ်သီးနှင့် အမြဲဆာလောင်နေသော ပြိတ္တာဘဝသို့ ရောက်ရခြင်း ဖြစ်ပါသည်။ ကိုယ်ဖြင့်စောင့်စည်းခဲ့သောကြောင့် ရွှေအဆင်းရှိရပါသည်" "နောင်လာနောက်သားများကို တပည့်တော်ကဲ့သို့ ရဟန်းတော်များအပေါ် ဝစီသရမ်းနှုတ်ထွက်မကြမ်းဖို့ သတိပေးစကားပြောကြားပေးပါဘုရား"ဟု လျှောက်ထားခဲ့၏

ဗုဒ္ဓသာသနာအထွန်းကားဆုံးနိုင်ငံတွင် ရတနာသုံးပါးအပေါ်၌ ထုံမွမ်းနေရန် လိုအပ်သည်။ ရဟန်းသံဃာများသည် မြတ်စွာဘုရားဟောကြားတော်မူခဲ့သော တရားဒေသနာများကို ထိန်းသိမ်းသယ်ဆောင် ဝေငှပေးသည့် မြတ်သောပုဂ္ဂိုလ်ဖြစ်သည်။ ဆင်းရဲကို ပယ်ဖျောက်တားမြစ်၍ စီးပွားချမ်းသာကို ဆောင်တတ်သော ပုဂ္ဂိုလ်ဖြစ်သဖြင့် မြတ်စွာဘုရားရှင်ကိုယ်စား ဆည်းကပ်ကိုးကွယ်ရာဟု နှလုံးသွင်းအပ်သည်။

## ပဉ္စာနန္တရိယကံကဲ့သို့

ရုပ်ပွားတော်၊ စေတီတော်များအား ပူဇော်ခြင်းသည် သက်တော်ထင်ရှား မြတ်စွာဘုရားအား ပူဇော်ခြင်းဖြစ်သကဲ့သို့ ကလျာဏပုထုဇဉ် ရဟန်းသာမဏေများကို ပူဇော်ခြင်းသည်လည်း မြတ်စွာဘုရားရှင်ကို ပူဇော်ခြင်း ကိစ္စပြီးတော့သည်ဟု မှတ်ယူရသည်။ ရဟန်းသာမဏေများသည် အရိယာဖြစ်စေ၊ ပုထုဇဉ်ဖြစ်စေ မြတ်သောသီလအစွမ်းကြောင့် လူတို့ပူဇော်မှုကို ခံယူထိုက်သည်။ ရဟန်းသာမဏေများ ဝတ်ရုံသော သင်္ကန်းသည်လည်း အရဟတ္တတန်ဆာဖြစ်၍ လူတို့အနေဖြင့် ပူဇော်ကိုးကွယ်ထိုက်ပေသည်။ ပုထုဇဉ်ရဟန်း၊ သမ္မုတိရဟန်းဟူ၍ မထီမဲ့မြင် မပြုသင့်ပေ။ ပြစ်မှားစော်ကားခြင်း လုံးဝမပြုအပ်ပေ။ သမ္မုတိသံဃာသည် အရိယာသံဃာအပေါင်းအစုဖြစ်၍ သံဃာတော်ကို ပြစ်မှားစော်ကားခြင်း၊ သတ်ဖြတ်ခြင်းပြုလုပ်ပါက ပဉ္စာနန္တရိယကံကဲ့သို့ အဆုံးအပိုင်းအခြားမရှိသည့် အကုသိုလ်ကံမျိုး ရောက်နိုင်သည်။

ရဟန်းသံဃာတို့အား ပြစ်မှားစော်ကားခြင်း၊ သတ်ဖြတ်ခြင်းကြောင့်ပြန်လည်ခံစားရသည့်အပြစ်များကို ဘုရားရှင်ဟောကြားထားသည့် တရားဒေသနာတော်များ၊ ဇာတ်နိပါတ်များတွင် ဖော်ပြထားသည်။ မြတ်စွာဘုရားရှင်လက်ထက်တော်က အရှင်နာရဒမထေရ်သည် နံနက်စောစောဆွမ်းခံရန် ရာဇဂြိုဟ်မြို့သို့ ကြွရောက်စဉ်လမ်း၌ အလွန်ဆာလောင်နေသော ပြိတ္တာကိုတွေ့ရ၏။ ၎င်း၏ ခန္ဓာကိုယ်မှာ ရွှေအဆင်းရှိပြီး ပါးစပ်မှာ ဝက်နှုတ်သီးနှင့်တူ၏။ ရှင်နာရဒသည် ပြိတ္တာနားသို့ချဉ်းကပ်၍ "သင်သည် ရွှေအဆင်းရှိ၏၊ မျက်နှာမှာ ဝက်မျက်နှာနှင့်တူ၏၊ သင်သည် ရှေးဘဝက မည်သည့်ကံပြုခဲ့၍ ဤသို့ဖြစ်ရသနည်း"ဟု မေး၏။ ထိုအခါ ပြိတ္တာက "အရှင်ဘုရား ကျွန်ုပ်သည် ကိုယ်ဖြင့်စောင့်စည်းသူဖြစ်ခဲ့ပါ၏။ သို့သော် ဝစီသရမ်း နှုတ်ထွက်ကြမ်းသော စကားလုံးများဖြင့် ရဟန်းတော်များအား ရှုတ်ချပြောဆိုကဲ့ရဲ့ခြင်း အကုသိုလ်ကံကြောင့် ဝက်မျက်နှာ၊ ဝက်နှုတ်သီးနှင့် အမြဲဆာလောင်နေသော ပြိတ္တာဘဝသို့ ရောက်ရခြင်းဖြစ်ပါသည်။ ကိုယ်ဖြင့် စောင့်စည်းခဲ့သောကြောင့် ရွှေအဆင်းရှိရပါသည်" "နောင်လာနောက်သားများကို တပည့်တော်ကဲ့သို့ ရဟန်းတော်များအပေါ် ဝစီသရမ်း နှုတ်ထွက်မကြမ်းဖို့ သတိပေးစကားပြောကြားပေးပါဘုရား" ဟု လျှောက်ထားခဲ့၏။

## မကောင်းမှုဒဏ်ကိုယ့်ထံပြန်

ရဟန်းတော်အား သေကြောင်းကြံသည့် ဝတ္ထုတစ်ပုဒ်တွင် ရှေးက မုဆိုးတစ်ယောက်သည် တောပစ်ထွက်ရာလမ်း၌ ရဟန်းတစ်ပါးကို တွေ့သောအခါ လမ်းခရီး၌ ရဟန်းကိုတွေ့၍ သားကောင်မရနိုင်ဟု တွေးပြီး တောထဲသို့ ဆက်ထွက်ခဲ့သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် မုဆိုးမှာ ထိုနေ့အဖို့ သားကောင်မရခဲ့ချေ။ မုဆိုးသည် မကျေမနပ်ဖြင့် တောလိုက်ရာမှအပြန် တိုက်တိုက်ဆိုင်ဆိုင် လမ်းမှာတွေ့ခဲ့သည့် ရဟန်းကို ထပ်မံဆုံတွေ့ပြန်သည်။ ထိုအခါ မုဆိုးက "ငါအမဲမရတာ ဒင်းကြောင့်" ဟု စွပ်စွဲကာ ရဟန်းအား ၎င်း၏အမဲလိုက်ခွေးများနှင့် ရှူးတိုက်သည်။ ရဟန်းက တောင်းပန်သော်လည်း မုဆိုးက နားမဝင်။ သခင့်အလိုကျ အမဲလိုက်ခွေးများက ရဟန်းကို လိုက်ကြသည်။ ရဟန်းမှာ ထွက်ပြေးပြီး နီးရာသစ်ပင်ကို တက်လိုက်သည်။

ထိုအခါ ရဟန်း၏ ခြေထောက်ကို ခွေးများက ကိုက်ဆွဲပြီး မုဆိုးကလည်း မြားတံအချွန်ဖြင့် ထိုးဆွပြန်သည်။ ရဟန်းတော်သည် ခွေးကိုက်သည့်ဒဏ်၊ မြားချွန်ထိုးခံရသည့် ဒဏ်တို့ကို မချိမဆံ့ ခံစားရသည်။ ထိုအခိုက် အမှတ်မထင်ရဟန်း၏ ကိုယ်ရုံသင်္ကန်း လျှောကျသွားပြီး မုဆိုးမိုက်အပေါ် တစ်ကိုယ်လုံးခြုံမိသွားသည်။ သင်္ကန်းခြုံထဲတွင် ရုန်းကန်နေသော မုဆိုးမိုက်ကို ရဟန်းအထင်ဖြင့် ခွေးများက ဝိုင်းအုံကိုက်ခဲစားသောက်ကြရာ မုဆိုးမိုက်မှာ ရုပ်ပျက်ဆင်းပျက်ဖြင့် သေဆုံးသွားသည်။

မကောင်းမှုကံသည် ကိုယ့်ထံကိုပြန်၊ ကိုယ့်အတတ်ကိုယ်စူး သဘောမျိုးဖြစ်သည်။ မုဆိုးမိုက်၏ အသေဆိုးသေဆုံးခြင်းသည် ခွေးကိုက်၍သေဆုံးခြင်းဟု သိမြင်နိုင်သော်လည်း အမှန်တကယ်တွင် သံဃာကို ပြစ်မှားကျူးလွန်မိသော အပြစ်ဒဏ်ကို ချက်ချင်း ပြန်လည်ခံစားရခြင်းဖြစ်သည်။ ခွေးကိုက်ခံရ၍ သေဆုံးပြီး အပါယ်ငရဲသို့ ချက်ချင်းကျသောအခါတွင် ခွေးကိုက်ခံရသည့် နာကျင်ခံစားမှုထက် အဆပေါင်းသိန်းသောင်း နာကျင်သည့်ဝေဒနာကို အချိန်ကြာရှည်စွာ ခံစားရဦးမည်ဖြစ်သည်။ အပါယ်ငရဲမှ လွတ်ခဲ့လျှင်လည်း ဖြစ်ရာဘဝ၌ ရက်စက်စွာသတ်ဖြတ်ခံရခြင်းကို အကြိမ်ကြိမ်ခံရဦးမည်ဖြစ်သည်။

## လူမိုက်ကို ဝေးစွာရှောင်ကြဉ်

ရဟန်းသံဃာများအပေါ် ပြစ်မှားစော်ကားခြင်း၊ သတ်ဖြတ်ခြင်းသည် မျက်မှောက်သံသရာတွင် အလွန်ကြီးလေးလှသည့်အပြစ်များကို ခံစားကြရသည်။ အကယ်၍ ဤသို့ ကျူးလွန်မှုကို ဂရုစိုက်စရာမလိုဟု (ကံ၊ ကံ၏ အကျိုးကို မယုံကြည်မှု) ဆိုလျှင် အကုသိုလ်အမျိုးမျိုးတွင်

*စာမျက်နှာ ၇ သို့*

## ၂၀၂၁ ခုနှစ်၊ (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး။
★ ပြည်ထောင်စုတစ်ဝန်းလုံး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာအဆင့် မြှင့်တင်ဆောင်ရွက်ရေး။
★ မျိုးချစ်စိတ်ဓာတ်ကို အရင်းခံသည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထက်မြက်ရေး။
★ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းစွာဖြင့် တိုင်းရင်းသားပေါင်းစုံ အတူတကွ ယှဉ်တွဲနေထိုင်ရေး။

## ၂၀၂၁ ခုနှစ်၊ (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

နိုင်ငံသာယာဝပြောဖို့ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စို့။

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၂၈-၁၁-၂၀၂၁)

# နိုင်ငံတော်တွင် ဘတ်ဂျက်ရငွေ၊ သုံးငွေ၊ ပိုငွေ၊ လိုငွေအခြေအနေများသည် အရေးပါသော ကိန်းဂဏန်းများဖြစ်

# အစိုးရဌာန အဖွဲ့အစည်းအားလုံးက ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ဘာသာရပ်များကို သိရှိနားလည်တတ်မြောက်ထားရန်လို

နေပြည်တော် နိုဝင်ဘာ ၂၂

ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲ၌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန၏ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုသင်တန်းကျောင်းတွင် ကိုဗစ် -၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေး စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကျင်းပသည်။

### သင်တန်းသားများ တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုသင်တန်းကျောင်း စီမံခန့်ခွဲမှုအဖွဲ့၊ အဖွဲ့ဝင် ဌာနအကြီးအကဲများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဝန်ကြီးဌာနအဖွဲ့အစည်း ၃၄ ခုမှ ညွှန်ကြားရေးမှူးအဆင့် သင်တန်းသားများ တက်ရောက်ကြသည်။

### စဉ်ဆက်မပြတ်ဆောင်ရွက်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်သည် "ခိုင်မာသည့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်ကို တည်ထောင်ရန်အတွက် စွမ်းရည်ပြည့်ဝသည့် နိုင်ငံ့ဝန်ထမ်းများ မွေးထုတ်ပေးရန်" ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန/အဖွဲ့အစည်းများအနေဖြင့် စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာ ကိစ္စရပ်များတွင် ချိတ်ဆက်မှုခိုင်မာအားကောင်းရန် လိုအပ်ကြောင်း၊ အသုံးစရိတ်များသုံးစွဲရာတွင် အကျိုးရှိရှိနှင့် ထိရောက်စွာသုံးစွဲရန်နှင့် လျာထားချက်အတိုင်း ပြည့်ဝစွာ အကောင်အထည်ဖော်နိုင်ရန်လိုအပ်ကြောင်း၊ စီမံကိန်း အကောင်အထည်ဖော်မှု၊ ဘတ်ဂျက်အကောင်အထည်ဖော်မှု အစီရင်ခံစာများ စနစ်တကျ တင်ပြရန်လိုအပ်ပြီး စနစ်တကျစာရင်းစစ်ဆေးမှုခံယူရန်အတွက် စဉ်ဆက်မပြတ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ သင်တန်းကျောင်း စတင်ဖွင့်လှစ်ချိန်မှစ၍ ယနေ့အထိ ပုံမှန်သင်တန်းများအဖြစ် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု အခြေခံသင်တန်းနှစ်ခုနှင့် အထူးကာလတို သင်တန်းများအဖြစ် ၃၄ခု ဖွင့်လှစ်ပို့ချခဲ့ပြီး သင်တန်းသားသင်တန်းသူ စုစုပေါင်း ၁၆၃၉ ဦး တက်ရောက်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုအခါ အခြေခံသင်တန်း အမှတ်စဉ် (၃)ကို ဆက်လက်ဖွင့်လှစ်လျက်ရှိပါကြောင်း၊ နိုင်ငံတော်တွင် ဘတ်ဂျက်ရငွေ၊ သုံးငွေ၊ ပိုငွေ၊ လိုငွေ အခြေအနေများသည်အရေးပါသော ကိန်းဂဏန်းများဖြစ်ကြောင်း၊ လိုငွေသည် ငွေကြေးဖောင်းပွမှုကို မြင့်မားစေကြောင်း၊ အစိုးရဌာန အဖွဲ့အစည်းအားလုံးက ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ဘာသာရပ်များကို သိရှိနားလည်တတ်မြောက်ထားရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်ဖြစ်သည့် နိုင်ငံ့ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေး၊ လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်ပျိုးထောင်ပေးရေးအတွက် ယခုသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

### ရှင်းလင်းတင်ပြ

ယင်းနောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက သင်တန်းဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းတင်ပြသည်။

သင်တန်းတွင် ပြည်ထောင်စုဝန်ကြီးဌာန အသီးသီးရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဆိုင်ရာ တာဝန်ခံ ညွှန်ကြားရေးမှူးအဆင့် အရာထမ်းများအား ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် သက်ဆိုင်သော ဘာသာရပ်များကို သင်ကြားပို့ချပေးမည်ဖြစ်သည်။

### စီစဉ်ဆောင်ရွက်ထား

သင်တန်းကာလမှာ တစ်ပတ်လျှင် ငါးရက်၊ တစ်ရက်လျှင် နှစ်နာရီခန့်ဖြင့် ရက်သတ္တပတ် လေးပတ်ကြာမြင့်မည်ဖြစ်ပြီး ရုံးချိန်ပြင်ပ လုပ်ငန်းခွင်မပျက်တက်ရောက်နိုင်ရန် စီစဉ်ဆောင်ရွက်ထားခြင်း ဖြစ်သည်။

### ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိ

ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုသင်တန်းကျောင်းတွင် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုဆိုင်ရာ အခြေခံသင်တန်းများ၊ ကာလတိုအထူးသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဘာသာရပ်ဆိုင်ရာ နီးနှော ဖလှယ်ပွဲများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

အပြစ်အကြီးလေးဆုံးဖြစ်သည့် မိစ္ဆာဒိဋ္ဌိကံထိုက်မည်ဖြစ်သည်။ မိစ္ဆာဒိဋ္ဌိ ကံထိုက်သူမှာ တစ်ကမ္ဘာပျက်သော် အပြစ်မကုန်ဆုံးသေးဘဲ နောက်တစ်ကမ္ဘာအသစ်တွင် အပြစ်ဆက်၍ခံရကြောင်း ကျမ်းဂန်များ၌ အတိအလင်းမိန့်ဆိုထားသည်။ ထို့ကြောင့် အယူမှန်ရှိသူတို့သည် ကံ ကံ၏အကျိုးကို မယုံကြည်သော မိစ္ဆာဒိဋ္ဌိအယူရှိသူတို့နှင့် ဝေးစွာရှောင်ကြဉ်မှသာ မိမိတို့၏ ဘဝသံသရာတွင် အန္တရာယ်ကင်းဝေးမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် ရဟန်းသံဃာတော်များအား ပုတ်ခတ်စော်ကားနေသူများကို မြင်တွေ့ကြားသိနေရသည်။ ၎င်းတို့အတွက် စိုးရိမ်ပူပန်သနားမိသည်။ သာမန်ပြည်သူအချို့အနေဖြင့် နိုင်ငံရေးဝါဒမှိုင်းမိပြီး ထေရ်ကြီးဝါကြီးရဟန်းတော်များကို သာမက သီလသမာဓိ ဂုဏ်သိက္ခာကြီးမားသော ရဟန်းတော်မြတ်များကိုပင် ဝစီကံဖြင့် ပြစ်မှားစော်ကားခြင်းအပြင် ရဟန်းတော်၏ပုံကို အမျိုးသမီးလုံချည်များဖြင့်တွဲ၍ လက်ရောက်ကျူးလွန်မှုများအထိပါ ပြုလုပ်လာကြသည်ကို မြင်တွေ့ရသည်။ ယခုအခါ CRPH နှင့် NUG တို့၏လက်ဝေခံ PDF အကြမ်းဖက်အဖွဲ့ဝင်များသည် မရိုးမဖြောင့် ယုတ်မာသော အကြံအစည်ဖြင့် ၎င်းတို့၏ နိုင်ငံရေးရည်ရွယ်ချက် ပြည့်ဝစေရန် ယုတ်မာပက်စက်သောအလုပ်များကို ပြုလုပ်လာကြသည်။

### သံဃာတော်များ ပျံလွန်တော်မူ

အကြမ်းဖက်အဖွဲ့များက ၎င်းတို့၏ ပါတီအဖွဲ့အစည်းအား ထောက်ခံအားပေးခြင်း မရှိသော၊ လက်မခံသော လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကိုသာမက ရဟန်းသံဃာတော်များကိုပါ ရက်စက်စွာ အကြမ်းဖက်သတ်ဖြတ်ခြင်းတို့ကို လုပ်ဆောင်လာကြသည်။ ၂၀၂၁ ခုနှစ် မေလ ၃ ရက်နေ့မှ နိုဝင်ဘာလ ၁၁ ရက်နေ့ကာလအတွင်း မိုးမောက်၊ မိုးညှင်း၊ မင်းတပ်၊ ပုလဲ၊ ကောလင်း၊ ကလေး၊ မုံရွာ၊ ဝမ်းတွင်း မြို့နယ်များတွင် ရဟန်းသံဃာတော်တစ်ပါးစီနှင့် ကနီ၊ မင်းကင်း မြို့နယ်များတွင် ရဟန်းသံဃာတော် နှစ်ပါးစီ စုစုပေါင်း ရဟန်းသံဃာတော် ၁၂ ပါး အကြမ်းဖက်သမားများ လက်ချက်ဖြင့် ပျံလွန်တော်မူခဲ့သည်ကို စိတ်နှလုံးညှိုးငယ်စွာ သိရှိရသည်။

မြန်မာနိုင်ငံတွင် အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ငံ၏ ဂုဏ်သိက္ခာနှင့် ပုံရိပ်ကျဆင်းနေရပြီ။ ကမ္ဘာပေါ်တွင် ထေရဝါဒဗုဒ္ဓသာသနာတော် အထွန်းကားဆုံးနိုင်ငံ၌ ဘာသာ၊ သာသနာအကျိုးနှင့် ဝေနေယျသတ္တဝါများ ချမ်းသာရေးကို ထမ်းရွက်နေသော ရဟန်းသံဃာတော်များအား ပြစ်မှားစော်ကားသည့်အပြင် ရက်စက်စွာ သတ်ဖြတ်မှုများ ပြုလုပ်ခဲ့ကြရာ မိမိတို့ဘာသာ၊ သာသနာမပျက်စီးရေးအတွက် ဗုဒ္ဓဘာသာဝင်အပေါင်းတို့က ဝိုင်းဝန်းကာကွယ်တားဆီးကြရမည်ဖြစ်သည်။

ဘာသာ၊ သာသနာကို စော်ကားသောသူများအနေဖြင့် ပစ္စုပ္ပန်၊ သံသရာတွင် အလွန်ကြီးလေးသောအပြစ်များကို မလွဲမသွေခံစားကြရမည် ဖြစ်ပါကြောင်း။ ။

# အာမခံအလုပ်သမားများအားလုံး ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၂**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၏ အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ အစည်းအဝေး (၁/၂၀၂၁)ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန စုဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ၊ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ လူမှုဖူလုံရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အမျိုးသားအဆင့်လူမှုဖူလုံရေးအဖွဲ့ဝင် အစိုးရကိုယ်စားလှယ်များ တက်ရောက်ကြပြီး အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက Online မှ တက်ရောက်ကြသည်။

**အရှိန်အဟုန်မြှင့် ဆောင်ရွက်**

အစည်းအဝေးတွင် အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လူမှုဖူလုံရေးအဖွဲ့သည် အလုပ်ရှင်နှင့် အလုပ်သမားများအတွက် နိုင်ငံတကာလူမှုဖူလုံရေးအဖွဲ့များကဲ့သို့ ဆောင်ရွက်နိုင်ရေး လိုအပ်သည့် ပြုပြင်ပြောင်းလဲမှု (၄)ရပ်ဖြစ်သည့် သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍပြုပြင်ပြောင်းလဲခြင်း (IT Reform)၊ ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်ကဏ္ဍပြုပြင်ပြောင်းလဲခြင်း ( Medical Reform)၊ စီမံခန့်ခွဲရေးကဏ္ဍပြုပြင်ပြောင်းလဲခြင်း (Administrative Reform)နှင့် ဥပဒေရေးရာကဏ္ဍပြုပြင်ပြောင်းလဲခြင်း (Legal Reform) တို့ကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း။

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ထန်းတပင်မြို့တို့ရှိ အလုပ်သမားဆေးရုံကြီးများတွင် ကိုဗစ်-၁၉ Positive လူနာများထားရှိကုသနိုင်ရန် ကုသဆောင်များကို ပြင်ဆင်ထားရှိပြီး ကုသပေးလျက်ရှိသည့်အပြင် ကိုဗစ်-၁၉ ကာလအတွင်း PUI လူနာများကို နှာခေါင်းနှင့်အာခေါင်တို့ဖတ်ယူခြင်းနှင့် လိုအပ်သောဓာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်ပေးပြီး လိုအပ်ပါက ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် ဆေးရုံများသို့ လွှဲပြောင်းပေးခြင်း ဆောင်ရွက်ပေးခဲ့ကြောင်း။

ကိုဗစ်-၁၉ ပထမလှိုင်းကာလအတွင်း လူမှုဖူလုံရေးထောက်ပံ့ကူညီမှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းပေးအပ်မှုအနေဖြင့် ယာယီပိတ်ထားခဲ့သည့် စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနပေါင်း ၉၀၁၇ ဌာန၊ အလုပ်သမားပေါင်း ၈၅၇၇၅၇ ဦးတို့အတွက် ငွေကျပ်သန်း ၂၁၆၂၇ ဒသမ ၀၉၀ အား ခွင့်ပြုထုတ်ပေးခဲ့ပြီး ဒုတိယလှိုင်း ကာလအတွင်းတွင် စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနပေါင်း ၉၁၁၆ ဌာန၊ အလုပ်သမားပေါင်း ၇၆၈၆၈၄ ဦးတို့အတွက် ငွေကျပ်သန်း ၄၈၇၁၃ ဒသမ ၉၉၅ ကို ခွင့်ပြုထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင် ကျန်ရှိနေသည့် အလုပ်ဌာနများမှ အာမခံအလုပ်သမားများကို ဆက်လက်ခွင့်ပြုထုတ်ပေးနိုင်ရေး စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

**ကာကွယ်ဆေး ထိုးနှံပေး**

၂၀၂၁ ခုနှစ် မတ် ၁၄ ရက်မှ ၂၀၂၁ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ ရှို့မီးကြောင့် မီးလောင်ဆုံးရှုံးခဲ့သည့် စက်ရုံ၊ အလုပ်ရုံ ၂၂ ရုံမှ အလုပ်လက်မဲ့ဖြစ်သွားသော အလုပ်သမား ၁၄၄၉၄ ဦးအတွက် လုပ်ခလစာ၏ ၄၀ ရာခိုင်နှုန်းကို လူမှုဖူလုံရေးထောက်ပံ့ငွေအဖြစ် ငွေကျပ်သန်း ၈၂၈ ဒသမ ၅၅၁ ကို ခွင့်ပြုထုတ်ပေးခဲ့ကြောင်း၊ ကိုဗစ်-၁၉ကာလအတွင်း ရောဂါကူးစက်မှု ကာကွယ်နိုင်ရန်အတွက် လူမှုဖူလုံရေးအကျုံးဝင်မှတ်ပုံတင်ထားသည့် အာမခံအလုပ်သမားအား ကာကွယ်ဆေးထိုးနှံပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နိုဝင်ဘာ ၁၈ ရက်အထိ ပထမအကြိမ် ထိုးနှံပြီး ဦးရေ ၅၄၈၈၆၇ ဦး၊ ဒုတိယအကြိမ် ထိုးနှံပြီးဦးရေ ၃၃၃၇၂၈ ဦး စုစုပေါင်း ၈၈၂၅၉၅ ဦး ထိုးနှံပေးခဲ့ပြီး အာမခံအလုပ်သမားများအားလုံး ကာကွယ်ဆေး ထိုးနှံပေးနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။





ဆက်လက်၍ လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ယခင် (၁/၂၀၂၀) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ပြီးစီးမှု၊ လူမှုဖူလုံရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ရှေ့လုပ်ငန်းစဉ်များနှင့် ဆုံးဖြတ်ရန် အမှာစာများကို ရှင်းလင်းတင်ပြပြီး လူမှုဖူလုံရေးအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာဌာနခွဲများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ဆွေးနွေးတင်ပြပြီး အစည်းအဝေးတက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက အမှာစာများနှင့် ဆုံးဖြတ်ရန်အချက်များကို ထောက်ခံအတည်ပြု ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အလုပ်ရှင်ကိုယ်စားလှယ် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ တောင်သူလယ်သမားစိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ် လုပ်ငန်းဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (AFFM-IUF)မှ အထွေထွေအတွင်းရေးမှူးနှင့် အလုပ်သမားကိုယ်စားလှယ် မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်(MSF)မှ ဥက္ကဋ္ဌတို့က လိုအပ်သည်များကို ရှင်းလင်းတင်ပြကြပြီး လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ပြည်ထောင်စုဝန်ကြီး၏ ခွင့်ပြုချက်ဖြင့် အမျိုးသားအဆင့်လူမှုဖူလုံရေးအဖွဲ့ အစည်းအဝေး(၁/၂၀၂၁)တွင် ဆုံးဖြတ်ရန် အချက် ၈ ချက်နှင့် မှတ်တမ်းတင်ရန်အမှာစာ အစောင်ရေ ၄၉ စောင်ကို သဘောတူအတည်ပြု၍ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် အမျိုးသားအဆင့်လူမှုဖူလုံရေးအဖွဲ့ ဥက္ကဋ္ဌ၊ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများ၏ အကျိုးကို ရှေးရှုပြီး အတူတကွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့် (၂၂) ကြိမ်မြောက် တရားသူကြီးချုပ်များ အပြည်ပြည်ဆိုင်ရာညီလာခံသို့ တက်ရောက်


**နေပြည်တော် နိုဝင်ဘာ ၂၂**

ပြည်ထောင်စုတရား လွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်သည် နိုဝင်ဘာ ၁၉ ရက်မှ ၂၂ ရက်အထိ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပပြုလုပ်သည့် (၂၂) ကြိမ်မြောက် တရားသူကြီးချုပ်များ အပြည်ပြည်ဆိုင်ရာညီလာခံ (WEBINAR of the 22nd International Conference of Chief Justice of the World) သို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် နေပြည်တော်မှ ပါဝင်တက်ရောက်ခဲ့သည်။

အဆိုပါ ညီလာခံကို အိန္ဒိယနိုင်ငံ Lucknow မြို့ရှိ City Montessori School (CMS) Society က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး နိုင်ငံတကာမှ တရားသူကြီးချုပ်များ၊ တရားသူကြီးများ၊ နိုင်ငံခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။

**အဓိကဆွေးနွေး**

ယခုနှစ်တွင် ကျင်းပသည့် ညီလာခံကို "Global Governance for a Sustainable World Order" ခေါင်းစဉ်ဖြင့် ပြုလုပ်ပြီး ညီလာခံတွင် နိုင်ငံတကာအကြမ်းဖက်မှုများ၊ တရားဥပဒေမဲ့ ကိစ္စရပ်များနှင့် ကမ္ဘာလုံးဆိုင်ရာပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများသည် လူသားများအပေါ် ခြိမ်းခြောက်မှုများဖြစ်ပေါ်လျက်ရှိသဖြင့် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများ ချမှတ်ဆောင်ရွက်ရန်၊ ကမ္ဘာလုံးဆိုင်ရာပေါင်းစည်းမှုနှင့် ငြိမ်းချမ်းမှုကို ဖြစ်ပေါ်စေသော ပတ်ဝန်းကျင်ဆောင်ရွက်ဖန်တီးရန်နှင့် လူသားမျိုးနွယ်စုအတွက် လုံခြုံစိတ်ချရသည့် အနာဂတ်ဖော်ဆောင်ရန် တို့ကို အဓိကဆွေးနွေးခဲ့ကြသည်။




**ပါဝင်ဆွေးနွေး**

ညီလာခံ တတိယနေ့ဖြစ်သည့် နိုဝင်ဘာ ၂၁ ရက်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်သည် "Climate Change and Sustainable Development in Myanmar: the Role of the Judiciary" ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးခဲ့သည်။

ဗီဒီယိုကွန်ဖရင့် စနစ်ဖြင့် လေးရက်တာ ကျင်းပပြုလုပ်ခဲ့သည့် အဆိုပါ ညီလာခံသို့ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်နှင့်အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးနှင့် သုတေသနဌာန ညွှန်ကြားရေးမှူး ဒေါ်မာလာမော် ပါဝင်တက်ရောက်ခဲ့သည်။

**သတင်းစဉ်**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ ၊ ဆေး၊ အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၂၂**

တပ်မတော်(ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်အရှေ့ရပ်ကွက်ရှိ သာသနာ့တံခွန်ကျောင်းတိုက်၊ သန်လျင်မြို့နယ် လက်ယက်စမ်း ကျေးရွာရှိ မုဒိတာမော်ကွန်းကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ရတနာပုံကျောင်းတိုက်၊ ဓမ္မဝိဟာရကျောင်းတိုက်၊ ကန်ကြီးထောင့်မြို့ရှိ သာသနာ့နွယ် သိင်္ဂီ သီလရှင်ပရိယတ္တိစာသင်တိုက်နှင့် မန္တလေးတိုင်းဒေသကြီး ပါဠိတက္ကသိုလ်၊ ရွှေဂူတိုက်၊ သစ္စာပါဒီကျောင်းတို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ

၂၂ -၁၁-၂၀၂၁

| | | |
|---|---|---|
| ဟားခါးမြို့ | ၆ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန်မြို့ | ၉ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်းမြို့ | ၉ | ဒီဂရီစင်တီဂရိတ် |
| လွိုင်ကော်မြို့ | ၉ | ဒီဂရီစင်တီဂရိတ် |

# ဒလတံတားကြီးသည် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုအတွက် အရေးပါသကဲ့သို့ မြန်မာအင်ဂျင်နီယာများအတွက် နည်းပညာများ ဖလှယ်ခွင့်ရရှိမည်



**နေပြည်တော် နိုဝင်ဘာ ၂၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်ရှိ အရိုးရောဂါ အထူးကုဆေးရုံတိုးချဲ့ ငါးထပ်ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ အဆောက်အဦဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့က ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုကို လုပ်ငန်းတစ်ခုချင်းအလိုက် ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဆေးရုံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီရေး၊ လက်ရာသေသပ်ကောင်းမွန်ရေး၊ ရန်ပုံငွေလုပ်ငန်းများ အချိန်မီပြီးစီးရေး အထူးအလေးထား ဆောင်ရွက်ရန် လိုပါကြောင်း၊ ဆေးရုံ၏သတ်မှတ် အင်္ဂါရပ်များနှင့်အညီ ဆေးရုံ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

**ငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်း**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးရုံအုပ်ကြီး ဒေါက်တာရဲမြင့်အောင်ထံသို့ ဆေးရုံဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းပြီး အဆောက်အဦ တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒလတံတားတည်ဆောက်ရေးလုပ်ငန်းခွင် (ရန်ကုန်ဘက်ကမ်း)သို့ရောက်ရှိရာ ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**အရှိန်အဟုန်ဖြင့် ဆောင်ရွက်**

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက တံတားကြီး အချိန်မီပြီးစီးရေးအတွက် တည်ဆောက်ရေးလုပ်ငန်းပိုင်းတွင် တာဝန်ယူဆောင်ရွက်သော ကုမ္ပဏီများအနေဖြင့် လုပ်ငန်းစီမံချက်အတိုင်း ဆောင်ရွက်ရန်လိုပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် တံတားတည်ဆောက်ရေးလုပ်ငန်းများ ကြန့်ကြာမှုအပေါ် ပြန်လည်ကုစားရေး အစီအစဉ်အရ လုပ်ငန်းများ အခက်အခဲမရှိစေရေးနှင့် လုံခြုံရေးဆိုင်ရာတို့ကို သက်ဆိုင်ရာ အဖွဲ့အစည်းများဖြင့် ညှိနှိုင်းဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ ယခု ဒလတံတားကြီးသည် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုအတွက် အရေးပါသကဲ့သို့ မြန်မာအင်ဂျင်နီယာများအတွက် နည်းပညာများ ဖလှယ်ခွင့်ရရှိမည်ဖြစ်ပါကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ အောင်မြင်စွာပြီးစီးရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်ဘက်ကမ်းချဉ်းကပ်တံတား လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရေလယ်ပင်မတံတားဘိုးပိုင် လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဒလဘက်ကမ်း ချဉ်းကပ်တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**လုပ်ငန်းလိုအပ်ချက်များ မှာကြား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၁)မှ တာဝန်ခံညွှန်ကြားရေးမှူး ဦးကျော်စွာထွန်းက တွံတေးတူးမြောင်းကို ဖြတ်ကျော်တည်ဆောက်မည့် အရှည် ၂၄၂၈ ပေ ဆိပ်ကြီးခနောင်တိုတံတား ဘိုးပိုင်တူးခြင်း လုပ်ငန်းများနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်တောင်ပိုင်းခရိုင် လမ်းဦးစီးဌာနမှ ဆောင်ရွက်သော တွံတေး - ဒလ လမ်းအပိုင်း လုပ်ငန်းခွင်သို့ ရောက်ရှိရာ ယာယီလမ်းစခန်းရှင်းလင်းဆောင်တွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်နိုင်က ဒလမြို့ဖွံ့ဖြိုးမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ရန်ကုန်တိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထင်ကျော်က တောင်ပိုင်းခရိုင်အတွင်းရှိ လမ်းများအား ဘဏ္ဍာရေးနှစ်အလိုက် ၂၄ ပေ အကျယ် ကွန်ကရစ်လမ်းအဖြစ် အပိုင်းလိုက်အဆင့်မြှင့်တင်ခြင်းနှင့် အရည်အသွေးထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားပြီး တွံတေး - ဒလ လမ်းအပိုင်းအား ၂၄ပေ အကျယ် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**စနစ်တကျစစ်ဆေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား တံတားဦးစီးဌာန၊ တံတားပြင်ဆင် ထိန်းသိမ်းရေး အဖွဲ့မှ အင်ဂျင်နီယာချုပ်နှင့် တာဝန်ရှိသူများက တွံတေးကြိုးတံတား ကြံ့ခိုင်ရေးအတွက် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ ပန်းလှိုင်တံတားကြံ့ခိုင်မှုနှင့် တံတားဧရိယာအတွင်း ရှင်းလင်းနေမှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက တံတားကြီးများ ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပူးပေါင်း၍ ကြံ့ခိုင်မှုအပိုင်း အမြဲမပြတ် စနစ်တကျစစ်ဆေး ထိန်းသိမ်းပေးရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စတုတ္ထအကြိမ်မြောက် ကမ္ဘာ့မီဒီယာထိပ်သီးဆွေးနွေးပွဲသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၂**


စတုတ္ထအကြိမ်မြောက် ကမ္ဘာ့မီဒီယာထိပ်သီးဆွေးနွေးပွဲ (4th World Media Summit) အား "Media Growth Strategy under the Impact of COVID-19" ခေါင်းစဉ်ဖြင့် ယနေ့နံနက်ပိုင်းက Video Conferencing စနစ်ဖြင့်ကျင်းပရာ ကမ္ဘာ့ရုပ်သံ သတင်းမီဒီယာနယ်ပယ်မှ ထိပ်ပိုင်းခေါင်းဆောင် ၂၄၀ ခန့်နှင့် မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေး ကျွမ်းကျင်ပညာရှင် ၄၀ ခန့် တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ကြသည်။ **(အောက်ပုံ)**

အဆိုပါ ဆွေးနွေးပွဲတွင် မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာ ဆန်းသစ်တီထွင်မှုနှင့် ပိုမိုကောင်းမွန်သည့် သဘောထားအမြင်များ (Media Development: New Technology, Better Vision )၊ မီဒီယာဈေးကွက်တွင် မိတ်ဖက်အဖွဲ့အစည်းသစ်များနှင့် ဈေးကွက်သစ်များ (Media Marketing: New Partners, New Markets)၊ သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်မှု၏ အနှစ်သာရဖြစ်သော ပြည်သူလူထု၏ အရေးပေါ်ကျန်းမာရေး အခြေအနေတွင် မီဒီယာအရေးပါမှု (In the Spirit of Science and Cooperation: Media Response in Public Health Emergencies)၊ ပြည်သူလူထုအတွင်း မီဒီယာ၏ ပေါင်းကူးဆက်သွယ်မှု(Media: A Bridge Among Civilizations)၊ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွင်း မီဒီယာ၏ အခန်းကဏ္ဍ (Media's Role in Global Development) အကြောင်းအရာများကို ဆွေးနွေးကြသည်။

ညနေပိုင်းတွင် World Media Summit Global Awards for Excellence အခမ်းအနားအား Online ဖြင့် ဆက်လက်ကျင်းပပြီး Winter Sports Photo ဆုရရှိသူစာရင်းအား ထုတ်ပြန်ကြေညာသည်။

ပထမအကြိမ် ကမ္ဘာ့မီဒီယာထိပ်သီးဆွေးနွေးပွဲအား ၂၀၀၉ ခုနှစ် အောက်တိုဘာ ၈ ရက်မှ ၁၀ ရက်အထိ တရုတ်နိုင်ငံ ပေကျင်းမြို့တွင် လည်းကောင်း၊ ဒုတိယအကြိမ် ဆွေးနွေးပွဲအား ၂၀၁၂ ခုနှစ် ဇူလိုင် ၅ ရက်မှ ၇ ရက်အထိ ရုရှားနိုင်ငံ မော်စကိုမြို့တွင်လည်းကောင်း၊ တတိယအကြိမ် ဆွေးနွေးပွဲအား ၂၀၁၆ ခုနှစ် မတ် ၂၀ ရက်မှ ၂၁ ရက်အထိ ကာတာနိုင်ငံ ဒိုဟာမြို့တွင်လည်းကောင်း ကျင်းပခဲ့ရာမှ ယခု စတုတ္ထအကြိမ် ထိပ်သီးဆွေးနွေးပွဲအား ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် ဆင်ဟွာသတင်းအေဂျင်စီ (Xinhua)မှ ဦးဆောင်၍ ကမ္ဘာကျော် မီဒီယာအဖွဲ့အစည်းများကြဖြစ်သည့် အေပီသတင်းဌာန (Associated Press)၊ ရိုက်တာ (Reuters)၊ ရုရှားသတင်း အေဂျင်စီ (TASS Russian News Agency)၊ ကျိုဒိုသတင်းဌာန (Kyodo News)၊ ဘီဘီစီသတင်းဌာန (BBC)နှင့် Google တို့အပါအဝင် ကမ္ဘာလုံးဆိုင်ရာ မီဒီယာအဖွဲ့အစည်း ကိုးခုတို့နှင့် ပူးပေါင်းပြီး Video Conferencing စနစ်ဖြင့် စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**







# ဘူးသီးတောင်မြို့နယ်ရှိ ကျောင်းသား ကျောင်းသူများအား ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံ

**ဘူးသီးတောင် နိုဝင်ဘာ ၂၂**

ဘူးသီးတောင်မြို့နယ်အတွင်းရှိ အလယ်တန်း၊ အထက်တန်း အခြေခံပညာကျောင်းများမှ အသက်(၁၂)နှစ်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံခြင်းကို ယနေ့နံနက် ၉နာရီက စတင်ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံမှုကို ဘူးသီးတောင် တပ်နယ်မှူး ဗိုလ်မှူးကြီး မြတ်မင်းမိုးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများက ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံနေမှုအခြေအနေများကို လိုက်လံကြည့်ရှုခဲ့ကြပြီး အားပေးစကားပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ဘူးသီးတောင်မြို့နယ်၌ အထက ငါးကျောင်း၊ အထကခွဲ ရှစ်ကျောင်း၊ အလက သုံးကျောင်း၊ အလက ခွဲ ၁၇ ကျောင်း၊ မူလွန် ၈၁ ကျောင်း စုစုပေါင်း ၁၁၄ ကျောင်းရှိပြီး အသက်(၁၂)နှစ်အထက် ကျောင်းသား ကျောင်းသူများအား (ပထမအကြိမ်) ကိုဗစ် -၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူ ၇၅၀၄ ဦးရှိကာ အဆိုပါ ကာကွယ်ဆေးထိုးနှံပြီးစီးသူများအား စုရပ် ၁၈ ခုထားရှိကာ သတ်မှတ်စုရပ်များ၌ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**လှကျော်(ပြန်/ဆက်)**

# ၁-၂-၂၀၂၁ ရက်မှ ၁၆-၁၁-၂၀၂၁ ရက်ထိ အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ရစဖမှူး၊ ရာအိမ်မှူးနှင့် ရပ်ကျေးစာရေးများ သေဆုံးဒဏ်ရာရရှိမှု

*(၁၉-၁၁-၂၀၂၁) ရက်မှ အဆက်*

| စဉ် | ရက်စွဲ | တိုင်း/ ပြည်နယ် | မြို့နယ် | အမည် | အလုပ်အကိုင် | ဖြစ်စဉ်အကျဉ်း | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ၂၆-၁၀-၂၀၂၁ | နေပြည်တော် | ပုဗ္ဗသီရိ | ဦးငွေအောင်(ခ) မောင်နီ | ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂ | ၂၄-၅-၂၀၂၁ | ကချင် | မိုးညှင်း | မိုးသူ(ခ)သူရိန်မိုး | (ရစဖ)ရုံးစောင့် | မီးရှို့သတ်ဖြတ်ခံရ။ | |
| ၃ | ၃၁-၅-၂၀၂၁ | ကချင် | ဖားကန့် | ဦးတင်စိုး(ခ)အိုက်ပီး | ကျေးရွာ တာဝန်ခံ | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၄ | ၂၅-၆-၂၀၂၁ | ကချင် | ရွှေကူ | ဦးမျိုးဝင်း | ရပ်ကျေးစာရေး | သေနတ်ဖြင့် ပစ်ခတ်ခဲ့ သဖြင့် ဒဏ်ရာရရှိ။ | |
| ၅ | ၁-၈-၂၀၂၁ | ကချင် | မိုးမောက် | ဦးဆွမ်လွတ်ခါးလာ | ရစဖမှူး | သေနတ်ဖြင့် ပစ်ခတ်ခဲ့ သဖြင့် ဒဏ်ရာရရှိ။ | |
| ၆ | ၁၄-၉-၂၀၂၁ | ကချင် | ရွှေကူ | ဦးညွန့်အောင် | ရစဖမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၇ | ၁၅-၉-၂၀၂၁ | ကချင် | မြစ်ကြီးနား | ဦးစိုးအောင် | ရစဖမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၈ | ၁၇-၉-၂၀၂၁ | ကချင် | မြစ်ကြီးနား | ဦးလှမြင့် | ရစဖမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၉ | ၁၁-၁၁-၂၀၂၁ | ကယား | လွိုင်ကော် | ဦးတင်ထွန်း | ရစဖမှူး | သေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် ဒဏ်ရာရရှိ။ | |
| ၁၀ | ၁၉-၃-၂၀၂၁ | ကရင် | မြဝတီ | ဦးစိုင်းခင်ဝင်း ဦးကျော်လင်းဦး | ရစဖမှူး ရာအိမ်မှူးဟောင်း | သေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် သေဆုံး/ ဒဏ်ရာရ။ | |
| ၁၁ | ၉-၅-၂၀၂၁ | ကရင် | မြဝတီ | ဦးဖိုးဇော်(ခ)မြင့်ဇော် | ရစဖမှူး | ဖမ်းဆီးခေါ်ဆောင် သတ်ဖြတ်။ | |
| ၁၂ | ၁၄-၅-၂၀၂၁ | ကရင် | သံတောင်ကြီး | ရာဇာဝင်းရွှေ စောစေးဝါ | ရစဖမှူး ရပ်ကျေးစာရေး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၁၃ | ၁၉-၅-၂၀၂၁ | ကရင် | ကြာအင်း ဆိပ်ကြီး | ဦးကျော်ဇင်မင်း | ရစဖမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၁၄ | ၉-၇-၂၀၂၁ | ကရင် | သံတောင်ကြီး | ဒေါ်နော်စော အယ်ထီး | ရစဖမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၁၅ | ၁၀-၅-၂၀၂၁ | ကရင် | သံတောင်ကြီး | နေပိုင်ဝင်း | မစဖ ရုံးစောင့် | လက်ပစ်ဗုံးထိမှန်ဒဏ်ရာရ။ | |
| ၁၆ | ၉-၁၀-၂၀၂၁ | ကရင် | ဖာပွန် | ဦးသန်းအောင် | ရစဖမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၁၇ | ၁၁-၁၀-၂၀၂၁ | ကရင် | ဖာပွန် | ဦးအောင်ဝင်းဦး | ရစဖမှူး | လက်ပစ်ဗုံးထိမှန်ဒဏ်ရာရ။ | |
| ၁၈ | ၈-၄-၂၀၂၁ | ချင်း | မင်းတပ် | ဦးအွမ်မာန် | အုပ်ချုပ်ရေးမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၁၉ | ၃၁-၃-၂၀၂၁ | ချင်း | မတူပီ | ဦးဆီလောင် | အုပ်ချုပ်ရေးမှူး | ရိုက်နှက်ဒဏ်ရာရ။ | |
| ၂၀ | ၃၁-၂-၂၀၂၁ | စစ်ကိုင်း | ရွှေဘို | ဦးခင်မောင်မြင့် | အုပ်ချုပ်ရေးမှူး | ရိုက်နှက်ဒဏ်ရာရ။ | |
| ၂၁ | ၂၄-၃-၂၀၂၁ | စစ်ကိုင်း | ချောင်းဦး | ဦးဂစိုးတင့် | အုပ်ချုပ်ရေးမှူး | ရိုက်နှက်ဒဏ်ရာရ။ | |
| ၂၂ | ၁၃-၄-၂၀၂၁ | စစ်ကိုင်း | ရွှေဘို | ဦးကျော်ကျော်ထွန်း | အုပ်ချုပ်ရေးမှူး | ရိုက်နှက်ဒဏ်ရာရ။ | |
| ၂၃ | ၁၄-၄-၂၀၂၁ | စစ်ကိုင်း | ဟုမ္မလင်း | ဦးနိုင်ဝင်းထွန်း(ခ) ဥက္ကာ | အုပ်ချုပ်ရေးမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၄ | ၄-၅-၂၀၂၁ | စစ်ကိုင်း | ခင်ဦး | ဦးညီပု | ရစဖမှူး | ရိုက်နှက်ခံရသည့်ဒဏ်ရာဖြင့် သေဆုံး။ | |
| ၂၅ | ၁၉-၅-၂၀၂၁ | စစ်ကိုင်း | မြောင်မြို့ | ဦးစိုးညွန့် | ရစဖမှူး | ဓားခုတ်ဒဏ်ရာဖြင့် သေဆုံး။ | |
| ၂၆ | ၂၁-၅-၂၀၂၁ | စစ်ကိုင်း | ကလေး | ဦးအောင်ကျော်ဝင်း | ရစဖမှူး | ဖမ်းဆီးခေါ်ဆောင် သတ်ဖြတ်။ | |
| ၂၇ | ၃၁-၅-၂၀၂၁ | စစ်ကိုင်း | အရာတော် | ဦးကျော်ဦး | ရစဖမှူး | ဂျင်ကလိဖြင့်ပစ်သတ်ခံရ။ | |
| ၂၈ | ၂၀-၅-၂၀၂၁ | စစ်ကိုင်း | ဒီပဲယင်း | ဦးစောနိုင် | ရစဖမှူး | ဗုံးစထိမှန်ဒဏ်ရာရရှိ။ | |
| ၂၉ | ၂၈-၅-၂၀၂၁ | စစ်ကိုင်း | ဒီပဲယင်း | ဦးကျော်ဇေယျ | ရစဖမှူး | ရိုက်နှက်ဒဏ်ရာရ။ | |
| ၃၀ | ၃၁-၅-၂၀၂၁ | စစ်ကိုင်း | ကန့်ဘလူ | ဦးသန်းဝင်း | ရစဖမှူး | သေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့်ဒဏ်ရာရရှိ။ | |
| ၃၁ | ၂-၆-၂၀၂၁ | စစ်ကိုင်း | တန့်ဆည် | ဦးရဲထွန်းမြင့် | ရစဖမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၃၂ | ၈-၆-၂၀၂၁ | စစ်ကိုင်း | ကန့်ဘလူ | ဦးထွန်းမြင့် | ရစဖမှူး | မိုင်းစထိမှန်ဒဏ်ရာဖြင့် သေဆုံး။ | |
| ၃၃ | ၈-၆-၂၀၂၁ | စစ်ကိုင်း | ဝက်လက် | ဦးတင်မြင့်တိုး(ခ) မြင့်တိုး | အုပ်ချုပ်ရေးမှူး | ရိုက်နှက်ဒဏ်ရာရ။ | |
| ၃၄ | ၁၈-၆-၂၀၂၁ | စစ်ကိုင်း | ဒီပဲယင်း | ဦးအောင်မြင့်စိုး | ရစဖမှူး | ဖမ်းဆီးခေါ်ဆောင် သတ်ဖြတ်။ | |
| ၃၅ | ၂၂-၆-၂၀၂၁ | စစ်ကိုင်း | မုံရွာ | ဦးမြတ်ကျော်အောင် | အုပ်ချုပ်ရေးမှူး | ဓားခုတ်ဒဏ်ရာရရှိ။ | |
| ၃၆ | ၂၇-၆-၂၀၂၁ | စစ်ကိုင်း | ကောလင်း | ဦးခင်မောင်ထွေး | ရစဖမှူး | မိုင်းစထိမှန် ဒဏ်ရာရ။ | |
| ၃၇ | ၄-၇-၂၀၂၁ | စစ်ကိုင်း | ဆားလင်းကြီး | ဦးအောင်ကို | အုပ်ချုပ်ရေးမှူး | ဓားခုတ်ဒဏ်ရာဖြင့် သေဆုံး။ | |
| ၃၈ | ၆-၇-၂၀၂၁ | စစ်ကိုင်း | တန့်ဆည် | ဦးချိုဦး | ရစဖမှူး | သေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် ဒဏ်ရာရရှိ။ | |
| ၃၉ | ၇-၇-၂၀၂၁ | စစ်ကိုင်း | မြောင် | ဦးသိန်း(ခ) မောင်သိန်း | ရစဖမှူး | ထိုးသွင်းဒဏ်ရာဖြင့် သေဆုံး။ | |
| ၄၀ | ၉-၇-၂၀၂၁ | စစ်ကိုင်း | ကန့်ဘလူ | ဦးကျော်လင်း | ရစဖမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၄၁ | ၁၅-၇-၂၀၂၁ | စစ်ကိုင်း | ဝက်လက် | ဦးနန်းညွန့်လွင် | ရစဖမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၄၂ | ၂၀-၇-၂၀၂၁ | စစ်ကိုင်း | မုံရွာ | ဦးသိန်းထွန်း | ရစဖမှူး | ဓားခုတ်ဒဏ်ရာဖြင့်သေဆုံး။ | |
| ၄၃ | ၂၈-၇-၂၀၂၁ | စစ်ကိုင်း | ဘုတလင် | ဦးကျော်စံမြင့် | အုပ်ချုပ်ရေးမှူး | ဓားခုတ်ဒဏ်ရာဖြင့်သေဆုံး။ | |
| ၄၄ | ၂၉-၇-၂၀၂၁ | စစ်ကိုင်း | ဟုမ္မလင်း | ဦးကျော်မြင့် | ရစဖမှူး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၄၅ | ၃၀-၇-၂၀၂၁ | စစ်ကိုင်း | ကန့်ဘလူ | ဦးညွန့်ဝင်း | ရစဖမှူး | တူမီးသေနတ်မှန်ဒဏ်ရာရ။ | |
| ၄၆ | ၃၁-၇-၂၀၂၁ | စစ်ကိုင်း | ဘုတလင် | ဦးထွန်းမြင့်ဦး | ရစဖမှူး | ဓားခုတ်ဒဏ်ရာဖြင့်သေဆုံး။ | |
| ၄၇ | ၃၁-၇-၂၀၂၁ | စစ်ကိုင်း | ပင်လည်ဘူး | ဦးခင်ဇော်ဝင်း | ရစဖမှူး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၄၈ | ၁၅-၈-၂၀၂၁ | စစ်ကိုင်း | ယင်းမာပင် | ဦးမြင့်ဝင်း | ရစဖမှူး | တူမီးသေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၄၉ | ၁၆-၈-၂၀၂၁ | စစ်ကိုင်း | မြောင် | ဦးအောင်မြင့်စိန် | ရစဖမှူး | ဓားခုတ်ဒဏ်ရာဖြင့်သေဆုံး။ | |
| ၅၀ | ၂၃-၈-၂၀၂၁ | စစ်ကိုင်း | ဟုမ္မလင်း | ဦးမန်းတင် | ရစဖမှူး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၅၁ | ၁-၈-၂၀၂၁ | စစ်ကိုင်း | ဒီပဲယင်း | ဦးသိန်းဝင်း | ရစဖမှူး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၅၂ | ၁-၈-၂၀၂၁ | စစ်ကိုင်း | ကောလင်း | ဦးကျော်ကြီး | ရစဖမှူး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၅၃ | ၃-၈-၂၀၂၁ | စစ်ကိုင်း | စစ်ကိုင်း | ဦးအောင်သောင်း | ရစဖမှူး | ဓားခုတ်ခံရဒဏ်ရာဖြင့် သေဆုံး။ | |
| ၅၄ | ၄-၈-၂၀၂၁ | စစ်ကိုင်း | ရေဦး | ဦးသောင်းငွေ | ရစဖမှူး | မီးရှို့သတ်ဖြတ်။ | |
| ၅၅ | ၇-၈-၂၀၂၁ | စစ်ကိုင်း | ခင်ဦး | ဦးဇော်မင်းနိုင် | ရစဖမှူး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၅၆ | ၂၉-၈-၂၀၂၁ | စစ်ကိုင်း | ပင်လယ် | ဦးဝင်းဟန် | ရပ်/ကျေးစာရေး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၅၇ | ၅-၉-၂၀၂၁ | စစ်ကိုင်း | ရေဦး | ဦးသောင်းဦး | ရစဖမှူး | ဓားခုတ်ဒဏ်ရာဖြင့်သေဆုံး။ | |
| ၅၈ | ၈-၉-၂၀၂၁ | စစ်ကိုင်း | ကန့်ဘလူ | ဦးညိုလင်း | ရပ်/ကျေးစာရေး | သေနတ်ထိမှန်ဒဏ်ရာရ။ | |
| ၅၉ | ၈-၉-၂၀၂၁ | စစ်ကိုင်း | ကလေး | ဦးမင်းကျော်သူ(ခ) လားထန်အဲလား | ရစဖမှူး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၆၀ | ၉-၉-၂၀၂၁ | စစ်ကိုင်း | ကလေး | ဦးကပ်မွန် | ရစဖမှူး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၆၁ | ၁၁-၉-၂၀၂၁ | စစ်ကိုင်း | ကန့်ဘလူ | ဦးစိန်မင်း | ရစဖမှူး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၆၂ | ၁၂-၉-၂၀၂၁ | စစ်ကိုင်း | ထီးချိုင့် | ဦးမောင်မြင့် | ရာအိမ်မှူး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၆၃ | ၁၃-၉-၂၀၂၁ | စစ်ကိုင်း | ဝက်လက် | ဦးသက်ဆွေ | ရပ်/ကျေးစာရေး | သေနတ်ထိမှန်ဒဏ်ရာရရှိ။ | |
| ၆၄ | ၁၇-၉-၂၀၂၁ | စစ်ကိုင်း | မြောင် | ဦးတင်ထွန်း | ရပ်/ကျေးစာရေး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၆၅ | ၁၇-၉-၂၀၂၁ | စစ်ကိုင်း | ထီးချိုင့် | ဦးကျော်ထူး | ရစဖမှူး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၆၆ | ၂၀-၉-၂၀၂၁ | စစ်ကိုင်း | မုံရွာ | ဦးမြင့်စိုး | ရစဖမှူး | ဓားထိုးဒဏ်ရာရရှိ။ | |
| ၆၇ | ၂၁-၉-၂၀၂၁ | စစ်ကိုင်း | ကန့်ဘလူ | ဦးမောင်ထွန်း | ရာအိမ်မှူး | ဓားခုတ်ဒဏ်ရာဖြင့်သေဆုံး။ | |
| ၆၈ | ၂၁-၉-၂၀၂၁ | စစ်ကိုင်း | ကောလင်း | ဦးမြင့်မောင် | ရစဖမှူး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၆၉ | ၂၄-၉-၂၀၂၁ | စစ်ကိုင်း | မြောင် | ဒေါ်တင်အေး | ရစဖမှူး | ဓားခုတ်ဒဏ်ရာဖြင့်သေဆုံး။ | |
| ၇၀ | ၂၈-၉-၂၀၂၁ | စစ်ကိုင်း | မုံရွာ | ဦးမြတ်ကျော်အောင် | ရစဖမှူး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၇၁ | ၂၉-၉-၂၀၂၁ | စစ်ကိုင်း | ထီးချိုင့် | ဦးကျော်မောင် | ရစဖမှူး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၇၂ | ၃၀-၉-၂၀၂၁ | စစ်ကိုင်း | ကန့်ဘလူ | ဦးကျော်ခင်(ခ)ဂျပန် | ရစဖမှူး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၇၃ | ၂-၁၀-၂၀၂၁ | စစ်ကိုင်း | ဘုတလင် | ဦးအောင်လန်း | ရစဖမှူး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၇၄ | ၃-၁၀-၂၀၂၁ | စစ်ကိုင်း | ဝက်လက် | ဦးသိန်းတင့် | ရစဖမှူး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၇၅ | ၉-၁၀-၂၀၂၁ | စစ်ကိုင်း | အရာတော် | ဦးခင်မောင်စိုး | ရစဖမှူး | မိုင်းစထိမှန်ဒဏ်ရာရ။ | |
| ၇၆ | ၁၁-၁၀-၂၀၂၁ | စစ်ကိုင်း | ကသာ | ဦးမောင်ဦး | ရစဖမှူး | ဖမ်းဆီးခေါ်ဆောင် သတ်ဖြတ်။ | |
| ၇၇ | ၁၆-၁၀-၂၀၂၁ | စစ်ကိုင်း | ဝက်လက် | ဦးဝင်းဇော်ဦး | ရစဖမှူး | ဓားခုတ်ဒဏ်ရာရ။ | |
| ၇၈ | ၁၇-၁၀-၂၀၂၁ | စစ်ကိုင်း | မုံရွာ | ဦးညီညီဝင်း | ရစဖမှူး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၇၉ | ၂၄-၁၀-၂၀၂၁ | စစ်ကိုင်း | စစ်ကိုင်း | ဦးဝင်းအောင် | ရစဖမှူး | သေနတ်ထိမှန်ဒဏ်ရာရ။ | |
| ၈၀ | ၂၃-၁၀-၂၀၂၁ | စစ်ကိုင်း | ရေဦး | ဦးလွမ်းအောင် | ရစဖမှူး | သေနတ်ထိမှန်ဒဏ်ရာရ။ | |
| ၈၁ | ၂၄-၁၀-၂၀၂၁ | စစ်ကိုင်း | ကန့်ဘလူ | ဦးဝင်းအောင် | ရစဖမှူး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၈၂ | ၂၅-၁၀-၂၀၂၁ | စစ်ကိုင်း | ပုလဲ | ဦးဝင်းဆွေ | ရစဖမှူး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၈၃ | ၂၇-၁၀-၂၀၂၁ | စစ်ကိုင်း | ရွှေဘို | ဦးထွန်းထွန်းဦး | ရစဖမှူး | သေနတ်ထိမှန်ဒဏ်ရာရရှိ။ | |
| ၈၄ | ၃၀-၁၀-၂၀၂၁ | စစ်ကိုင်း | မြောင် | ဦးစိုးနိုင်ဝင်း ဦးညိုဝင်း | ရစဖမှူး ရစဖမှူး | ရိုက်နှက်သတ်ဖြတ်ခံရ။ | |
| ၈၅ | ၃၁-၁၀-၂၀၂၁ | စစ်ကိုင်း | ရေဦး | ဦးညိုလင်း | ရစဖမှူး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၈၆ | ၂-၁၁-၂၀၂၁ | စစ်ကိုင်း | ဒီပဲယင်း | ဦးကျော်မျိုးနိုင် | ရစဖမှူး | သေနတ်ထိမှန်ဒဏ်ရာရ။ | |
| ၈၇ | ၆-၁၁-၂၀၂၁ | စစ်ကိုင်း | ကန့်ဘလူ | ဝက်တိုး(ခ) သူရကျော် | ရပ်/ကျေးစာရေး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၈၈ | ၇-၁၁-၂၀၂၁ | စစ်ကိုင်း | ရေဦး | ဦးစိုးမြင့် | ရစဖမှူး | ထိုးသွင်းဒဏ်ရာဖြင့် သေဆုံး။ | |
| ၈၉ | ၁၀-၁၁-၂၀၂၁ | စစ်ကိုင်း | စစ်ကိုင်း | ဦးဝင်းကို ဦးစိုးနိုင် | ဆယ်အိမ်မှူး ရစဖမှူး | သေနတ်ဖြင့်ပစ်သတ်ခံရ၊ ဒဏ်ရာရ။ | |
| ၉၀ | ၁၃-၁၁-၂၀၂၁ | စစ်ကိုင်း | ကန့်ဘလူ | ဦးမောင်ဆွေ | ရာအိမ်မှူး | ဗုံးစထိမှန်ဒဏ်ရာရ။ | |
| ၉၁ | ၁၅-၁၁-၂၀၂၁ | စစ်ကိုင်း | ပုလဲ | ဦးသာမိုး | ရစဖမှူး | ဖမ်းဆီးခေါ်ဆောင် သတ်ဖြတ်ခံရ။ | |
| ၉၂ | ၁၅-၁၁-၂၀၂၁ | စစ်ကိုင်း | တမူး | ဦးချစ်အေး | ရာအိမ်မှူး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၉၃ | ၁၅-၁၁-၂၀၂၁ | စစ်ကိုင်း | ရွှေဘို | ဦးစိုးနိုင်(ခ) ဖိုးသာထူး | ရစဖမှူး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၉၄ | ၁၆-၁၁-၂၀၂၁ | စစ်ကိုင်း | ရေဦး | ဦးဝင်းစောလေး | ရစဖမှူး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၉၅ | ၁၂-၃-၂၀၂၁ | တနင်္သာရီ | ကော့သောင်း | ဦးကိုကိုလွင် | အုပ်ချုပ်ရေးမှူး | ဓားဒဏ်ရာများဖြင့် သေဆုံး။ | |
| ၉၆ | ၁၁-၅-၂၀၂၁ | တနင်္သာရီ | မြိတ် | ဦးငွေမောင် | အုပ်ချုပ်ရေးမှူး | ရိုက်နှက်ဒဏ်ရာရ။ | |

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

| စဉ် | ရက်စွဲ | တိုင်း/ပြည်နယ် | မြို့နယ် | အမည် | အလုပ်အကိုင် | ဖြစ်စဉ်အကျဉ်း | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၉၇ | ၄-၆-၂၀၂၂ | တနင်္သာရီ | လောင်းလုံး | ဦးညာဏ်သိန်း (ခ)အာလူး | ရစဖမှုး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၉၈ | ၆-၇-၂၀၂၂ | တနင်္သာရီ | သရက်ချောင်း | ဦးသက်စိုး | အုပ်ချုပ်ရေးမှူး | သေနတ်၊ ဓားဒဏ်ရာများဖြင့် သေဆုံး | |
| ၉၉ | ၂၃-၇-၂၀၂၂ | တနင်္သာရီ | ကျွန်းစု | ဦးမြင့်ဇော် | အုပ်ချုပ်ရေးမှူး | ထိုးသွင်းဒဏ်ရာရရှိ။ | |
| ၁၀၀ | ၂၄-၈-၂၀၂၂ | တနင်္သာရီ | ထားဝယ် | ဦးဝင်းမြင့် | အုပ်ချုပ်ရေးမှူး | ရိုက်နှက်ဒဏ်ရာရရှိ။ | |
| ၁၀၁ | ၉-၉-၂၀၂၂ | တနင်္သာရီ | လောင်းလုံး | ဦးဇော်မျိုးဦး | ရစဖမှုး | ရိုက်နှက်ဒဏ်ရာရရှိ။ | |
| ၁၀၂ | ၁၇-၉-၂၀၂၂ | တနင်္သာရီ | ရေဖြူ | ဦးဝင်းတင် | ရာအိမ်မှူး | ဓားခုတ်ဒဏ်ရာရရှိ။ | |
| ၁၀၃ | ၂၀-၉-၂၀၂၂ | တနင်္သာရီ | ထားဝယ် | ဒေါ်စန်းစန်းဝေ | ရပ်ကျေးစာရေး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၁၀၄ | ၂၁-၉-၂၀၂၂ | တနင်္သာရီ | တနင်္သာရီ | ဦးအေးမင်းကို | ရစဖမှုး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၁၀၅ | ၁၁-၁၁-၂၀၂၂ | တနင်္သာရီ | လောင်းလုံး | ဦးရီဦး | ရာအိမ်မှူး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၁၀၆ | ၂၉-၁၁-၂၀၂၂ | တနင်္သာရီ | တနင်္သာရီ | ဦးမြင့်ဌေး | ရစဖမှုး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၁၀၇ | ၁၅-၁၁-၂၀၂၂ | တနင်္သာရီ | သရက်ချောင်း | ဦးနိုင်စိုး(ခ) မောင်နိုင် | ခြံလုပ်သား | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၁၀၈ | ၉-၅-၂၀၂၂ | ပဲခူး | ရေတာရှည် | ဦးခင်ဋ္ဌေ | အုပ်ချုပ်ရေးမှူး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၁၀၉ | ၃၀-၆-၂၀၂၂ | ပဲခူး | သဲကုန်း | ဦးအောင်ဇော်လတ် | ရစဖမှုး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၁၁၀ | ၉-၅-၂၀၂၂ | ပဲခူး | ရေတာရှည် | ဦးခင်ဋ္ဌေ | ရစဖရုံး(အကူ) | သေနတ်ထိမှန်ဒဏ်ရာရရှိ။ | |
| ၁၁၁ | ၂၁-၅-၂၀၂၂ | ပဲခူး | ညောင်လေးပင် | ဦးတင်မောင်သန်း | အုပ်ချုပ်ရေးမှူး | မိုင်းစထိမှန်ဒဏ်ရာရရှိ။ | |
| ၁၁၂ | ၁၇-၆-၂၀၂၂ | ပဲခူး | ပဲခူး | ဦးတင်မောင်ကြည် | ရစဖမှုး | ဗုံးစထိမှန်ဒဏ်ရာရရှိ။ | |
| ၁၁၃ | ၆-၇-၂၀၂၂ | ပဲခူး | တောင်ငူ | ဦးအောင်နိုင် | ရစဖမှုး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၁၁၄ | ၂၆-၉-၂၀၂၂ | ပဲခူး | ပဲခူး | ဦးသက်ဦး | ရာအိမ်မှူး | ဗုံးစထိမှန်ဒဏ်ရာရရှိ။ | |
| ၁၁၅ | ၁၁-၁၀၂၀၂၂ | ပဲခူး | အုတ်တွင်း | ဒေါ်ခင်ညိုဦး | ရာအိမ်မှူး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၁၁၆ | ၁၁-၁၀-၂၀၂၂ | ပဲခူး | ကဝ | ဦးအောင်မြင့်ဦး | ရစဖမှုး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၁၁၇ | ၁၁-၁၀-၂၀၂၂ | ပဲခူး | ပဲခူး | ဦးမောင်ဦး | ရာအိမ်မှူး | သေနတ်ထိမှန်ဒဏ်ရာရ။ | |
| ၁၁၈ | ၁၄-၁၀-၂၀၂၂ | ပဲခူး | ရေတာရှည် | ဦးကိုလေး | ရာအိမ်မှူး | သေနတ်ထိမှန်ဒဏ်ရာရ။ | |
| ၁၁၉ | ၁၈-၁၀-၂၀၂၂ | ပဲခူး | ပေါင်းတည် | ဦးအောင်လေး(ခ) ဦးအောင်ထွန်းနိုင် | ရစဖမှုး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၁၂၀ | ၂၈-၁၀-၂၀၂၂ | ပဲခူး | ပြည် | ဦးအေးစိုး | ရစဖမှုး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၁၂၁ | ၁၀-၁၁-၂၀၂၂ | ပဲခူး | ဒိုက်ဦး | ဦးသန့်ဇင်ဦး | ရာအိမ်မှူး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၁၂၂ | ၁၂-၁၁-၂၀၂၂ | ပဲခူး | နတ်တလင်း | ဦးစန်းဝင်း | ရာအိမ်မှူး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၁၂၃ | ၂၂-၃-၂၀၂၂ | မကွေး | မြို့သစ် | ဦးသိန်းဝင်း | အုပ်ချုပ်ရေးမှူး | ဓားခုတ်ဒဏ်ရာရရှိ။ | |
| ၁၂၄ | ၇-၄-၂၀၂၂ | မကွေး | မင်းလှ | ဦးသောင်းထိုက် | အုပ်ချုပ်ရေးမှူး | ထိုးနှက်ဒဏ်ရာရရှိ။ | |
| ၁၂၅ | ၃-၅-၂၀၂၂ | မကွေး | မကွေး | ဦးမောင်ဌေး | အုပ်ချုပ်ရေးမှူး | ဓားခုတ်ဒဏ်ရာဖြင့်သေဆုံး။ | |
| ၁၂၆ | ၃-၅-၂၀၂၂ | မကွေး | ဂန့်ဂေါ | ဦးမောင်မြင့် | အုပ်ချုပ်ရေးမှူး | လေးခွထိမှန်ဒဏ်ရာရရှိ။ | |
| ၁၂၇ | ၄-၅-၂၀၂၂ | မကွေး | ဂန့်ဂေါ | ဦးမင်းစိုး | အုပ်ချုပ်ရေးမှူး | ဗုံးစထိန်မှန်သေဆုံး။ | |
| ၁၂၈ | ၃၁-၅-၂၀၂၂ | မကွေး | ဂန့်ဂေါ | ဦးသာလူ ဦးစိန်ဦး | အုပ်ချုပ်ရေးမှူး အုပ်ချုပ်ရေးမှူး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၁၂၉ | ၁၈-၆-၂၀၂၂ | မကွေး | အောင်လံ | ဦးနိုင်ဝင်းအောင် | အုပ်ချုပ်ရေးမှူး | ဓားထိုးဒဏ်ရာရရှိ။ | |
| ၁၃၀ | ၇-၇-၂၀၂၂ | မကွေး | မြို့သစ် | ဦးသန်းဇော်ဦး | ရစဖမှုး | ဂျင်ကလိမှန်ဒဏ်ရာရရှိ။ | |
| ၁၃၁ | ၁၀-၇-၂၀၂၂ | မကွေး | မကွေး | ဦးဌေးလွင် ဦးဝင်းနိုင် | အုပ်ချုပ်ရေးမှူး ဆယ်အိမ်မှူး | အုတ်ခဲထိမှန်ဒဏ်ရာရရှိ။ | |
| ၁၃၂ | ၂၃-၇-၂၀၂၂ | မကွေး | မြိုင် | ဦးစံအောင် | ရစဖမှုး | ဓားဒဏ်ရာဖြင့်သေဆုံး။ | |
| ၁၃၃ | ၂၆-၇-၂၀၂၂ | မကွေး | ပခုက္ကူ | ဦးတင်ကို | ရစဖမှုး | ဗုံးစထိမှန်ဒဏ်ရာရရှိ။ | |
| ၁၃၄ | ၂၁-၈-၂၀၂၂ | မကွေး | တောင်တွင်းကြီး | ဦးဇော်လတ် | ရာအိမ်မှူး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၁၃၅ | ၂၂-၈-၂၀၂၂ | မကွေး | မြို့သစ် | ဦးထွန်းထွန်းဦး | ရစဖမှုး | သေနတ်ထိမှန်ဒဏ်ရာရရှိ။ | |
| ၁၃၆ | ၁-၉-၂၀၂၂ | မကွေး | မြို့သစ် | ဦးအောင်စိုးမင်း | ရစဖမှုး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၁၃၇ | ၇-၉-၂၀၂၂ | မကွေး | မြိုင် | ဦးကျော်ဆွေ | ရစဖမှုး | ဓားဒဏ်ရာဖြင့်သေဆုံး။ | |
| ၁၃၈ | ၁၄-၉-၂၀၂၂ | မကွေး | ရေစကြို | ဦးဇော်ဌေးနိုင် | ရစဖမှုး | သေနတ်ထိမှန်ဒဏ်ရာရရှိ။ | |
| ၁၃၉ | ၁-၁၀-၂၀၂၂ | မကွေး | ရေစကြို | ဦးဆန်းလင်း | ရာအိမ်မှူး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၁၄၀ | ၄-၁၀-၂၀၂၂ | မကွေး | ရေစကြို | ဦးလှမင်းမျိုးအောင် (ခ) မာစတာ | ကျေးရွာခွဲတာဝန်ခံ | ဓားဒဏ်ရာဖြင့်သေဆုံး။ | |
| ၁၄၁ | ၁၃-၁၀-၂၀၂၂ | မကွေး | မြို့သစ် | ဦးဝင်းစိုး | ရစဖမှုး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၁၄၂ | ၂၆-၁၀-၂၀၂၂ | မကွေး | မကွေး | ဦးဇော်ထွန်းလင်း | ရစဖမှုး | သေနတ်ထိမှန်ဒဏ်ရာရရှိ။ | |
| ၁၄၃ | ၂၉-၁၀-၂၀၂၂ | မကွေး | ထီးလင်း | ဦးဘဌေ | ရစဖမှုး | ဖမ်းဆီးခေါ်ဆောင် သတ်ဖြတ်။ | |
| ၁၄၄ | ၁-၁၁-၂၀၂၂ | မကွေး | မြို့သစ် | ဦးညာဏ်မြင့် | ရစဖမှုး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၁၄၅ | ၁-၁၁-၂၀၂၂ | မကွေး | နတ်မောက် | ဦးသန်းဆင့် | ရစဖမှုး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၁၄၆ | ၃-၁၁-၂၀၂၂ | မကွေး | ရေစကြို | ဦးစိုးတင့် | ရပ်/ကျေးစာရေး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၁၄၇ | ၄-၁၁-၂၀၂၂ | မကွေး | နတ်မောက် | ဦးအောင်မြိုင် | ရွာခွဲတာဝန်ခံ | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၁၄၈ | ၁၀-၁၁-၂၀၂၂ | မကွေး | ရေစကြို | ဦးသိန်းဆွေမြင့် | ရစဖမှုး | သေနတ်ထိမှန်ဒဏ်ရာရ။ | |
| ၁၄၉ | ၆-၄-၂၀၂၂ | မန္တလေး | မြင်းခြံ | ဦးကျော်စိုး | အုပ်ချုပ်ရေးမှူး | ရိုက်နှက်ဒဏ်ရာရရှိ။ | |
| ၁၅၀ | ၆-၄-၂၀၂၂ | မန္တလေး | အမရပူရ | ဦးထွန်းဝေ | အုပ်ချုပ်ရေးမှူး | ဓားဒဏ်ရာရရှိ။ | |
| ၁၅၁ | ၁၆-၄-၂၀၂၂ | မန္တလေး | ငါန်းဇွန် | ဦးအောင်သန်းဇော် | အုပ်ချုပ်ရေးမှူး | ဓားဒဏ်ရာရရှိ။ | |
| ၁၅၂ | ၁၈-၄-၂၀၂၂ | မန္တလေး | ရမည်းသင်း | ဦးကျော်လှိုင် | အုပ်ချုပ်ရေးမှူး | လေးခွထိမှန်ဒဏ်ရာရရှိ။ | |
| ၁၅၃ | ၆-၅-၂၀၂၂ | မန္တလေး | ချမ်းမြသာစည် | ဦးအောင်မိုး | ရစဖမှုး | ဓားဒဏ်ရာရရှိ။ | |
| ၁၅၄ | ၁၄-၅-၂၀၂၂ | မန္တလေး | မြင်းခြံ | ဦးသန်းနိုင် | အုပ်ချုပ်ရေးမှူး | ဒဏ်ရာများဖြင့်သေဆုံး။ | |
| ၁၅၅ | ၁၈-၅-၂၀၂၂ | မန္တလေး | ကျောက်ပန်းတောင်း | ဦးမိုးဇော်မြင့် | ရစဖမှုး | ရိုက်နှက်ဒဏ်ရာရရှိ။ | |
| ၁၅၆ | ၁၉-၄-၂၀၂၂ | မန္တလေး | ညောင်ဦး | ဦးငြိမ်းမောင် | အုပ်ချုပ်ရေးမှူး | ရိုက်နှက်ဒဏ်ရာဖြင့်သေဆုံး။ | |
| ၁၅၇ | ၂၄-၅-၂၀၂၂ | မန္တလေး | ရမည်းသင်း | ဦးမြင့်နိုင် ဦးတင်ဇော်ဝင်း | ရစဖမှုး ရာအိမ်မှူး | ဓားဒဏ်ရာများရရှိ။ | |
| ၁၅၈ | ၃၁-၅-၂၀၂၂ | မန္တလေး | မြင်းခြံ | ဦးမြင့်အောင် | အုပ်ချုပ်ရေးမှူး | ဓားဒဏ်ရာဖြင့်သေဆုံး။ | |
| ၁၅၉ | ၃၁-၅-၂၀၂၂ | မန္တလေး | ငါန်းဇွန် | ဦးဝင်းနိုင် | အုပ်ချုပ်ရေးမှူး | ဓားဒဏ်ရာဖြင့်သေဆုံး | |
| ၁၆၀ | ၁-၆-၂၀၂၂ | မန္တလေး | မဟာအောင်မြေ | ဦးကျော်ကျော်မောင် | ရစဖမှုး | ဗုံးစထိမှန်ဒဏ်ရာရရှိ။ | |
| ၁၆၁ | ၃-၆-၂၀၂၂ | မန္တလေး | ရမည်းသင်း | ဦးမိုးဝင်း | ရစဖမှုး | ဓားဒဏ်ရာရရှိ။ | |
| ၁၆၂ | ၆-၆-၂၀၂၂ | မန္တလေး | မြင်းခြံ | ဦးဟန်ဆွေ | အုပ်ချုပ်ရေးမှူး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၁၆၃ | ၉-၆-၂၀၂၂ | မန္တလေး | မြင်းခြံ | ဦးဖိုးစွန်း | အုပ်ချုပ်ရေးမှူး | ဓားဒဏ်ရာဖြင့်သေဆုံး။ | |
| ၁၆၄ | ၁၇-၆-၂၀၂၂ | မန္တလေး | ပြည်ကြီးတံခွန် | ဦးစိုးငြိမ်းဟန် | အုပ်ချုပ်ရေးမှူး | မိုင်းစထိမှန်ဒဏ်ရာရရှိ။ | |
| ၁၆၅ | ၁၈-၆-၂၀၂၂ | မန္တလေး | ချမ်းမြသာစည် | ဦးကျော်စိန် | ရစဖမှုး | သေနတ်ထိမှန်ဒဏ်ရာရရှိ။ | |
| ၁၆၆ | ၁၈-၆-၂၀၂၂ | မန္တလေး | တောင်သာ | ဦးသိန်းထွန်းဌေး | အုပ်ချုပ်ရေးမှူး | သေနတ်ဖြင့်ပစ်သတ်ခံရ။ | |
| ၁၆၇ | ၁၉-၆-၂၀၂၂ | မန္တလေး | အောင်မြေသာစံ | ဦးထွန်းထွန်းဦး | ရာအိမ်မှူး | ဗုံးစထိမှန် ဒဏ်ရာရရှိ။ | |
| ၁၆၈ | ၂၅-၆-၂၀၂၂ | မန္တလေး | ချမ်းမြသာစည် | ဦးကျော်ကျော်မင်း | ရာအိမ်မှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၁၆၉ | ၂၆-၆-၂၀၂၂ | မန္တလေး | ပြည်ကြီးတံခွန် | ဦးညိုအေး | ရာအိမ်မှူး | ဓားဒဏ်ရာရရှိ။ | |
| ၁၇၀ | ၂၇-၆-၂၀၂၂ | မန္တလေး | မြင်းခြံ | ဦးမြင့်ဌေး | အုပ်ချုပ်ရေးမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၁၇၁ | ၂၉-၆-၂၀၂၂ | မန္တလေး | မြင်းခြံ | ဦးကျော်ဝင်း | ရစဖမှုး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၁၇၂ | ၂၉-၆-၂၀၂၂ | မန္တလေး | တောင်သာ | ဦးလှမော် | ရပ်/ကျေးစာရေး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၁၇၃ | ၄-၇-၂၀၂၂ | မန္တလေး | မြင်းခြံ | ဦးအောင်မျိုးသန့် | ရစဖမှုး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၁၇၄ | ၆-၇-၂၀၂၂ | မန္တလေး | နွားထိုးကြီး | ဦးဝင်းမြင့် | အုပ်ချုပ်ရေးမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၁၇၅ | ၁၄-၇-၂၀၂၂ | မန္တလေး | ပြည်ကြီးတံခွန် | ဦးကိုဦး | ရစဖမှုး | ဓားဒဏ်ရာရရှိ။ | |
| ၁၇၆ | ၁၄-၇-၂၀၂၂ | မန္တလေး | အမရပူရ | ဒေါ်သက်သက်ချို ဦးဇော်လေး | အုပ်ချုပ်ရေးမှူး ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၁၇၇ | ၂၁-၇-၂၀၂၂ | မန္တလေး | မိုးကုတ် | ဦးစန်းလွင် | ရစဖမှုး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၁၇၈ | ၂၆-၇-၂၀၂၂ | မန္တလေး | မတ္တရာ | ဦးဝင်းဆွေ | အုပ်ချုပ်ရေးမှူး | ဓားဒဏ်ရာဖြင့်သေဆုံး။ | |
| ၁၇၉ | ၂၇-၇-၂၀၂၂ | မန္တလေး | အောင်မြေသာစံ | ဦးနိုင်လင်း | အုပ်ချုပ်ရေးမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၁၈၀ | ၄-၈-၂၀၂၂ | မန္တလေး | ပုသိမ်ကြီး | ဦးတင်မောင်ဝင်း | ရစဖမှုး | ဓားဒဏ်ရာရရှိ။ | |
| ၁၈၁ | ၇-၈-၂၀၂၂ | မန္တလေး | ကျောက်ဆည် | ဦးကျော်ထင်အောင် | အုပ်ချုပ်ရေးမှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၁၈၂ | ၂၄-၅-၂၀၂၂ | မန္တလေး | ရမည်းသင်း | ဦးမြင့်နိုင် ဦးတင်ဇော်ဝင်း | ရစဖမှုး ရာအိမ်မှူး | ဓားများဖြင့် ဝိုင်းခုတ်ခဲ့၍ ဒဏ်ရာရရှိ။ | |
| ၁၈၃ | ၁၀-၈-၂၀၂၂ | မန္တလေး | နွားထိုးကြီး | ဦးစိန်ထွန်း ဦးပေါ်စိန် | ရာအိမ်မှူး ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၁၈၄ | ၁၆-၈-၂၀၂၂ | မန္တလေး | မြင်းခြံ | ဦးအောင်မြင့် | အုပ်ချုပ်ရေးမှူး | ဓားခုတ်ဒဏ်ရာဖြင့် သေဆုံး။ | |
| ၁၈၅ | ၁၇-၈-၂၀၂၂ | မန္တလေး | တောင်သာ | ဦးခင်မောင်ကြည် | ကျေးရွာခွဲတာဝန်ခံ | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၁၈၆ | ၁၈-၈-၂၀၂၂ | မန္တလေး | ချမ်းအေးသာစံ | ဦးအောင်ဆွေထွန်း | ရစဖမှုး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၁၈၇ | ၁၉-၈-၂၀၂၂ | မန္တလေး | စဉ့်ကူး | ဦးသောင်းရှိန် | ရစဖမှုး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၁၈၈ | ၂၉-၈-၂၀၂၂ | မန္တလေး | ချမ်းမြသာစည် | ဦးညာဏ်ထွန်း | ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၁၈၉ | ၂၉-၈-၂၀၂၂ | မန္တလေး | မြင်းခြံ | ဦးမြတ်စိုး | ရစဖမှုး | ဓားခုတ်ဒဏ်ရာဖြင့် သေဆုံး။ | |
| ၁၉၀ | ၃၀-၈-၂၀၂၂ | မန္တလေး | တောင်သာ | ဦးမြင့်နွယ် | ရစဖမှုး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၁၉၁ | ၃၁-၈-၂၀၂၂ | မန္တလေး | ပုသိမ် | ဦးခင်ဇော် | ရစဖမှုး | ဓားခုတ်ဒဏ်ရာဖြင့် ဒဏ်ရာရရှိ။ | |
| ၁၉၂ | ၇-၉-၂၀၂၂ | မန္တလေး | နွားထိုးကြီး | ဦးထွန်းတင့် | ရစဖမှုး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၁၉၃ | ၇-၉-၂၀၂၂ | မန္တလေး | စဉ့်ကူး | ဦးတူးမောင် | ရစဖမှုး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၁၉၄ | ၈-၉-၂၀၂၂ | မန္တလေး | မဟာအောင်မြေ | ဦးပေါက်စီ | ရာအိမ်မှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၁၉၅ | ၁၃-၉-၂၀၂၂ | မန္တလေး | အောင်မြေသာစံ | ဦးလှသန်း ဦးအောင်တင် | ရာအိမ်မှူး ရာအိမ်မှူး | မိုင်းစထိမှန် သေဆုံး။ မိုင်းစထိမှန် ဒဏ်ရာရရှိ။ | |
| ၁၉၆ | ၁၃-၉-၂၀၂၂ | မန္တလေး | စဉ့်ကူး | ဦးတင်စိုး | ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၁၉၇ | ၂၃-၉-၂၀၂၂ | မန္တလေး | ချမ်းမြသာစည် | ဦးဝင်းနိုင် ဦးသက်ကို | ရစဖမှုး ရာအိမ်မှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၁၉၈ | ၂၅-၉-၂၀၂၂ | မန္တလေး | အောင်မြေသာစံ | ဦးဌေးဝင်း | ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၁၉၉ | ၂၆-၉-၂၀၂၂ | မန္တလေး | ချမ်းမြသာစည် | ဦးကျော်ကျော်မင်း | ရာအိမ်မှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၂၀၀ | ၃၀-၉-၂၀၂၂ | မန္တလေး | တောင်သာ | ဦးကျော်ဆန်း ဒေါ်ရင်ဌေး | ရစဖမှုး (ဇနီး) | ဓားခုတ်ဒဏ်ရာဖြင့် သေဆုံး။ | |
| ၂၀၁ | ၃၀-၉-၂၀၂၂ | မန္တလေး | မတ္တရာ | ဦးမြင့်ဦး မောင်စန်းမြိုင် | ရစဖမှုး (သား) | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၀၂ | ၃-၁၀-၂၀၂၂ | မန္တလေး | ချမ်းမြသာစည် | ဦးမိုး(ခ) စိုးမိုးအောင် | အကွက်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၀၃ | ၈-၁၀-၂၀၂၂ | မန္တလေး | ချမ်းမြသာစည် | ဦးတင်ဝင်း | ရာအိမ်မှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၂၀၄ | ၁၁-၁၀-၂၀၂၂ | မန္တလေး | တောင်သာ | ဦးထွန်းထွန်းဝင်း (ခ) ဌေးလှိုင် | ဆယ်အိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၀၅ | ၁၂-၁၀-၂၀၂၂ | မန္တလေး | မြင်းခြံ | ဦးလှတိုး မောင်မင်းမင်းထက် | ရစဖမှုး (သား) | ဓားခုတ်ဒဏ်ရာဖြင့် သေဆုံး။ | |
| ၂၀၆ | ၂၁-၁၀-၂၀၂၂ | မန္တလေး | တံတားဦး | ဦးမျိုးမင်းအောင် | ရစဖမှုး | ရိုက်နှက်ဒဏ်ရာရရှိ။ | |

*စာမျက်နှာ ၁၈ သို့*

*ကျောဖုံးမှ*

ကျည်အိမ်မျိုးစုံ ၂၇၆ ခု၊ ကျည်မျိုးစုံ ၁၆၀၅၇ တောင့်၊ ၄၀ မမဗုံးသီး ၄၃ လုံး၊ လက်လုပ်ဗုံး ၁၁ လုံး၊ ရီမုဒ်မိုင်း လေးလုံး၊ ရှေ့ထွက်မိုင်း ၁၀ လုံး၊ မီးခိုးဗုံး ငါးလုံး၊ ရှို့ပစ်နှစ်လုံး၊ လက်ပစ်ဗုံး ၁၈ လုံး၊ ကြိုးဆွဲလက်ပစ်ဗုံး ၁၅ လုံး၊ လက်လုပ်ဗုံး ၁၃၈ လုံး၊ လက်လုပ်ဗုံး(အကြီး)သုံးလုံး၊ မီးရှို့လက်လုပ်ဗုံး ၃၉ လုံး၊ ယမ်းပြင်း ၂၅ ထုပ်၊ လက်လုပ်ယမ်း ၄၃ ထုပ်၊ ယမ်းကြိုး(ပေ ၁၀၀) တစ်ခွေ၊ ဒီတိုနေတာ အချောင်း ၈၀၀၊ TNT ယမ်း (၀.၂၅)ပေါင် ၁၅၃ တောင့်၊ TNT ယမ်း(၁ ပေါင်) ၁၀ တောင့်၊ C4 ယမ်း (၁.၂၅) ပေါင် ကိုးတောင့်၊ Transistor ၁၄ ဘူး၊ ကီးပတ်ဖုန်း ၁၆ လုံး၊ နာရီ ခုနစ်လုံး၊ လမ်းလျှောက် စကားပြောစက် လေးလုံး၊ ဆက်သွယ်ရေးအထိုင်စက် တစ်လုံး၊ ၂.၅ လက်မ သံငါးပိသာ၊ မှန်ပြောင်း နှစ်ခု၊ ဂြိုဟ်တုဖုန်း ၁၃ လုံး၊ Laptop နှစ်လုံး၊ Hard Disk တစ်ခု၊ ATM ကတ်များ၊ နိုင်ငံကူးလက်မှတ် စာအုပ် တစ်အုပ်၊ ရန်ကုန်မြို့အတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေး ပြုလုပ်မည့်စာရင်းများ၊ လုပ်ကြံသတ်ဖြတ်မည့်စာရင်းများ ပြုစုထားသည့် မှတ်တမ်းစာအုပ်များ၊ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အခြားဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည့် ဖြစ်စဉ်အား နိုဝင်ဘာ ၂၀ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။



တရားခံ မောင်ကျော်(ခ)ဖြိုးဇေယျာသော်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့၏ မှတ်တမ်းဓာတ်ပုံ။

## စည်းရုံးရေး လှုပ်ရှားမှုများတွင် အနီးကပ်လိုက်ပါ

တရားခံ မောင်ကျော်(ခ) ဖြိုးဇေယျာသော်အား (ဘ) ဒေါက်တာ မြသော် (မိ) ဒေါက်တာ ဒေါ်ခင်ဝင်းမေတို့မှ ၁၉၈၁ ခုနှစ်၊ မတ်လ ၂၆ ရက်တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့ကြောင်း၊ ၂၀၀၃ ခုနှစ်တွင် ရတနာပုံတက္ကသိုလ်မှ အင်္ဂလိပ်စာအထူးပြုဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)အား ရရှိခဲ့ပြီး အနုပညာ(အဆိုတော်) လုပ်ငန်းအား လုပ်ကိုင်ခဲ့ကြောင်း၊ ၂၀၀၇ ခုနှစ်တွင် တရားမဝင် အသင်းဖွဲ့စည်းမှု၊ တရားမဝင် ငွေကြေး ကိုင်ဆောင်မှုတို့ဖြင့် ထောင်ဒဏ် ခြောက်နှစ် ကျခံခဲ့ရသော်လည်း ၂၀၁၁ ခုနှစ်တွင် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်ခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ်တွင် NLD ပါတီသို့ ဝင်ရောက်ခဲ့ပြီး ၂၀၁၂ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်၌ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အနိုင်ရရှိခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဇမ္ဗူသီရိမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အနိုင်ရရှိခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်၏ ယုံကြည်စိတ်ချရသူ တစ်ယောက်အနေဖြင့် တာဝန်ထမ်းဆောင်ကာ ဒေါ်အောင်ဆန်းစုကြည်၏ ပြည်တွင်း/ပြည်ပ ခရီးစဉ်များ၊ စည်းရုံးရေး လှုပ်ရှားမှုများတွင် အနီးကပ်လိုက်ပါခဲ့သည်။

တရားခံ မောင်ကျော်(ခ) ဖြိုးဇေယျာသော်သည် ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်း မရှိဘဲ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ စတင်၍ ရန်ကုန်မြို့အတွင်း အကြမ်းဖက် ဆူပူဆန္ဒပြမှုများအား ဦးစီးဆောင်ရွက်ခဲ့သည်။

ထို့ပြင် ဧပြီလမှစ၍ အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG မှ ရည်မွန်၊ ဖော်ဝေစိုး၊ လွင်ကိုလတ်တို့နှင့် ချိတ်ဆက်၍ ရန်ကုန်တိုင်းတာဝန်ခံအဖြစ် ဆောင်ရွက်ပြီး အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သော Special Tesk Force-STF နှင့် People Defence Force-PDF အဖွဲ့တို့အား ဦးစီးကာ အကြမ်းဖက် လုပ်ငန်းများအား ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံ မောင်ကျော်(ခ) ဖြိုးဇေယျာသော် ၏ ထွက်ဆိုချက်အရ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရန်အတွက် တာဝန် ထမ်းဆောင်နေသော မြို့နယ်/ ရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်ခိုင်ဖြိုးပါတီဝင်များ အပါအဝင် အခြားဆန့်ကျင်ဘက် ပါတီဝင်များ၊ ၎င်းတို့၏ မိသားစုဝင်များအား လုပ်ကြံသတ်ဖြတ်ရန်နှင့် အပြစ်မဲ့ပြည်သူလူထု ထိတ်လန့်ကြောက်ရွံ့စေရန် ရည်ရွယ်၍ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၊ အုပ်ချုပ်မှုဆိုင်ရာ အဆောက်အဦများ၊ စီးပွားရေးဆိုင်ရာ အဆောက်အဦများ အပါအဝင် ပညာသင်ကြားမှုများ ရပ်တန့်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကိုပါ ဖောက်ခွဲဖျက်ဆီးခြင်းများ ဆောင်ရွက်ရာတွင် လုပ်ကြံသတ်ဖြတ်ရေး အဖွဲ့များအား Mission ဆောင်ရွက်မည့် တင်ပြချက်အပေါ် မူတည်၍ လက်နက်/ခဲယမ်းများ ထုတ်ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။



ဖော်ဝေစိုး (NUG)



ရည်မွန် (NUG)



လွင်ကိုလတ်(NUG)


တရားခံ မောင်ကျော်(ခ) ဖြိုးဇေယျာသော်၏ ထွက်ဆိုချက်အရ လက်နက်/ခဲယမ်းများ ထုတ်ပေး၍ အကြမ်းဖက် လုပ်ကြံသတ်ဖြတ်မှု ကျူးလွန်ခဲ့မှုများအား ကနဦး ဖော်ထုတ်ရရှိမှုအနေဖြင့် ၁၅ ကြိမ်ရှိကြောင်း သိရှိရသည်။

## ရပ်ကွက်စီမံအုပ်ချုပ်ရေး အဖွဲ့မှူးအား သတ်ဖြတ်

- ၂၀၂၁ ခုနှစ် မေ ၁၈ ရက်တွင် လမ်းမတော်မြို့နယ် (၃) ရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့မှူး ဦးမျိုးလွင်အား သတ်ဖြတ်ရန်အတွက် (STF) အဖွဲ့ဝင် ကိုဂျီ ထံ ပစ္စတို တစ်လက် ထုတ်ပေးခဲ့ရာ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးသို့ အကြမ်းဖက်အဖွဲ့ဝင်အချို့မှ လက်လုပ်ဗုံး နှစ်လုံးဖြင့် ပစ်ခတ်ခဲ့မှုဖြစ်စဉ်အား စစ်ဆေးရန် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့မှူး ဦးမျိုးလွင်(၅၂)နှစ်သည် နေအိမ်တိုက်ခန်းမှ ရုံးသို့ထွက်လာစဉ် တိုက်ခန်းအောက် လှေကားအရောက်၌ စီစစ်ဆဲ လူတစ်စုမှ ပစ္စတိုသေနတ်ဖြင့် ပစ်ခတ်ခဲ့သောကြောင့် ဦးမျိုးလွင်တွင် ဦးခေါင်း တစ်ချက် ထိမှန်သေဆုံးခဲ့သည်။
- မေ ၁၉ ရက်တွင် စမ်းချောင်းမြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအား ဝင်ရောက်ပစ်ခတ်ရန်အတွက် (STF)အဖွဲ့ဝင် လင်းပိုင်ထံ ပစ္စတို နှစ်လက်အား ထုတ်ပေးခဲ့ရာ မေ ၂၁ ရက်တွင် စမ်းချောင်းမြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအား အကြမ်းဖက်အဖွဲ့ဝင် နှစ်ဦးမှ ပစ္စတိုသေနတ်၊ လက်ပစ်ဗုံးတို့ဖြင့် ပစ်ခတ်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။
- မေ ၁၉ ရက်တွင် သာကေတမြို့နယ်ရှိ အပြစ်မဲ့ပြည်သူတစ်ဦးအား ပစ်ခတ်ရန်အတွက် သာကေတမြို့နယ်၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့ဝင် ကျော်သီဟ ထံ ပစ္စတို တစ်လက် ထုတ်ပေးခဲ့ရာ မေ ၂၇ ရက်တွင် အမှတ် (၃၄)၊ မာန်ပြေ(၂၀) လမ်း၊ ၃ မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်နေ အပြစ်မဲ့ပြည်သူတစ်ဦးအား ၎င်း၏ နေအိမ်အရှေ့တွင် အကြမ်းဖက်သူ ကျား နှစ်ဦးမှ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သည်။
- မေ ၂၅ ရက်တွင် မရမ်းကုန်းမြို့နယ် (၃) ရပ်ကွက်ရှိ အပြစ်မဲ့ပြည်သူ ဦးအောင်မင်းအား ပစ်ခတ်ရန်အတွက် (STF) အဖွဲ့ဝင် Sky ထံ ပစ္စတို တစ်လက် ထုတ်ပေးခဲ့ရာ ဇွန် ၁ ရက်တွင် ဦးအောင်မင်းအား MCC ခန်းမရှေ့၌ အငှားယာဉ်တစ်စီးပေါ်မှ သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။
- ဇွန် ၃ ရက်တွင် ဒေါပုံမြို့နယ် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့မှူး ဦးထွန်းရီအား ပစ်ခတ်ရန်အတွက် ဒေါပုံမြို့နယ် ပြည်သူ့ကာကွယ်ရေးအဖွဲ့ဝင် နှစ်ဦးထံ ပစ္စတို တစ်လက် ထုတ်ပေးခဲ့ရာ ဦးထွန်းရီသည် ဒေါပုံမြို့နယ်မှ သန်လျင်မြို့နယ်သို့ မော်တော်ယာဉ်ဖြင့် ထွက်ခွာလာစဉ် မင်းနန္ဒာလမ်းနှင့် ရွှေဖူးမျှော်လမ်းထိပ် အရောက် အကြမ်းဖက်သမား သုံးဦးမှ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သည်။
- ဇွန် ၄ ရက်တွင် သာကေတမြို့နယ် ၃ မာန်ပြေရပ်ကွက်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ခတ်ရန်အတွက် (STF) အဖွဲ့ဝင် ကြွက် ထံ ပစ္စတို တစ်လက် ထုတ်ပေးခဲ့ရာ ဇွန် ၇ ရက်တွင် လုံခြုံရေးတာဝန် ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်များအား အဖြူရောင် မော်တော်ယာဉ်ပေါ်မှ အကြမ်းဖက်သမား လေးဦးမှ ပစ်ခတ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။
- ဇူလိုင် ၁၁ ရက်တွင် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်(၂)ရပ်ကွက်ရှိ “လှသီတာ” ရွှေဆိုင်အား ဓားပြတိုက်ရန်အတွက် STF အဖွဲ့မှ ထူးထူးအား ပစ္စတို တစ်လက် ငှားရမ်းပေးခဲ့သည့် ဖြစ်စဉ်တွင် တရားခံ ဝေယံ(ခ) အသေးလေးအား Glock အမျိုးအစား ပစ္စတို တစ်လက်၊ ကျည်အိမ် တစ်ခု၊ ကျည် ရှစ်တောင့်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။
- ဇူလိုင်လ စတုတ္ထပတ်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၃၅ ရပ်ကွက်ရှိ အပြစ်မဲ့ပြည်သူတစ်ဦးအား ပစ်ခတ်ရန်အတွက် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ပြည်သူ့ကာကွယ်ရေး အဖွဲ့ဝင် တစ်ဦးထံ ပစ္စတို တစ်လက် ထုတ်ပေးခဲ့ရာ ဩဂုတ် ၅ ရက်တွင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ် (၃၅)ရပ်ကွက် တပင်ရွှေထီးလမ်း အမှတ်(၅၀) မြိုင်မဟာ လက်ဖက်ရည်ဆိုင်သို့ အကြမ်းဖက်သမား နှစ်ဦးမှ လက်နက်ငယ်နှင့် လက်ပစ်ဗုံးတို့ဖြင့် ပစ်ခတ် ထွက်ပြေးသွားခဲ့ရာ

*စာမျက်နှာ ၁၃ သို့*

### ၄-၁၁-၂၀၂၂ ရက်တွင် Mytel ရုံးချုပ်မှ GM ဦးသိန်းအောင်အား လုပ်ကြံသတ်ဖြတ်ရာတွင် ပါဝင်သည့် တရားခံများ ဖမ်းဆီးရမိမှု အခြေပြဇယား






၁၈-၅-၂၀၂၁ ရက်တွင် လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၌ အပြစ်မဲ့ပြည်သူတစ်ဦး ပစ်ခတ်ခံရမှုမှတ်တမ်းဓာတ်ပုံ။

*စာမျက်နှာ ၁၂ မှ*

အပြစ်မဲ့ပြည်သူအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

- ဩဂုတ် ၁၇ ရက်တွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ၅၇ ရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ် ရေးအဖွဲ့ရုံးမှ အဖွဲ့ဝင်တစ်ဦးအား ပစ်ခတ်ရန်အတွက် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ပြည်သူ့ကာကွယ်ရေးအဖွဲ့ဝင် တစ်ဦးထံ ပစ္စတို တစ်လက် ထုတ်ပေးခဲ့ရာ မိုးကာဝတ်ထားသည့် အကြမ်းဖက်သမား လေးဦးမှ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။
- ဩဂုတ်လ တတိယပတ်တွင် လှိုင်သာယာမြို့နယ် ဘုရင့်နောင်တံတားအဆင်း လုံခြုံရေး ရဲကင်းအား ပစ်ခတ်ရန်အတွက် (STF) အဖွဲ့ဝင် တစ်ဦးထံ ပစ္စတို နှစ်လက် ထုတ်ပေးခဲ့ရာ ဩဂုတ် ၂၂ ရက်တွင် လှိုင်သာယာမြို့နယ် ဘုရင့်နောင်တံတား အဆင်းတွင် လုံခြုံရေးတာဝန် ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်များအား ယာဉ်ပေါ်မှ လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့ရာ လုံခြုံရေး တပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

## လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်သမားများပစ်ခတ်

- စက်တင်ဘာ ၉ ရက်တွင် စမ်းချောင်းမြို့နယ် လှည့်ကင်းဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ခတ်ရန်အတွက် Revolution Force အဖွဲ့ဝင်တစ်ဦးထံ လက်နက်ငယ်များ ထုတ်ပေးခဲ့ရာ စမ်းချောင်းမြို့နယ် သံတံတားရပ်ကွက်တွင် လှည့်ကင်းဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်သမားများမှ ယာဉ်နောက်ခန်းအတွင်း လက်ပစ်ဗုံးဖြင့် ပစ်ခတ်၍ လက်နက်ငယ်ဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့သဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာ ရရှိခဲ့ပြီး ပြစ်မှုကျူးလွန်ခဲ့သော တရားခံ ကျော်စိုးလင်းနှင့် ဝေယံပိုင် အပါ ကျား ၁၆ ဦး၊ မ နှစ်ဦး၊ ပေါင်း ၁၈ ဦးနှင့်အတူ လက်နက်ငယ်မျိုးစုံ ငါးလက်၊ ကျည်အိမ်မျိုးစုံ ငါးခု၊ ကျည်မျိုးစုံ ၁၆၆ တောင့်၊ လက်ပစ်ဗုံးမျိုးစုံ လေးလုံး၊ လက်လုပ်ဗုံး အလုံး ၃၀၊ ဒရုန်း တစ်ခုနှင့် ဆက်စပ်ပစ္စည်းများအား ဖမ်းဆီးရမိခဲ့သည်။
- အောက်တိုဘာလ ဒုတိယပတ်တွင် ဗားကရာလမ်းနှင့် အောက်ကြည့်မြင်တိုင် လမ်းထောင့်ရှိ ယာဉ်ထိန်းရဲကင်းရုံအား ပစ်ခတ်ရန်အတွက် (STF) အဖွဲ့ဝင် S-21 ထံ လက်နက်ငယ်များ ထုတ်ပေးခဲ့ရာ အောက်တိုဘာ ၂၃ ရက်တွင် ကြည့်မြင်တိုင်မြို့နယ် ဗားကရာမီးပွိုင့် ယာဉ်ထိန်းရုံး၌ လုံခြုံရေးတာဝန် ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်များအား အကြမ်းဖက်သမားများသည် မော်တော်ယာဉ် တစ်စီးပေါ်မှ လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် အပြန်အလှန် ပစ်ခတ်မှု ဖြစ်ပွားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး တရားခံ အောင်ပိုင်ဖြိုး၊ ဆွေလင်းအောင်၊ စောဂယ်လ်ဇင်ထူး၊ ဟိန်းထက်အောင်တို့ လေးဦးအား လက်နက်ငယ်မျိုးစုံ ရှစ်လက်၊ ကျည်အိမ်မျိုးစုံ ၃၅ ခု၊ ကျည်မျိုးစုံ အတောင့် ၁၂၂၀၊ ၄၀ မမ ဗုံးသီး ၁၂ လုံး၊ ရှေ့ထွက်မိုင်း လေးလုံး၊ မီးခိုးဗုံး ငါးလုံး၊ ရှို့ပစ် နှစ်လုံး၊ ယမ်းမှုန့် (မီးခိုးရောင်) ခုနစ်ထုပ်၊ မှန်ပြောင်း တစ်ခုတို့နှင့် အတူ ဖမ်းဆီးရမိခဲ့သည်။
- အောက်တိုဘာ ၂၃ ရက်တွင် ဗိုလ်တထောင်မြို့နယ် ဈေးလမ်းမီးပွိုင့်အနီး ယာဉ်ထိန်း ရဲကင်းရုံအား ပစ်ခတ်ရန်အတွက် (STF)အဖွဲ့ဝင် နှစ်ဦးထံ ပစ္စတိုလေးလက် ထုတ်ပေးခဲ့ရာ ဗိုလ်တထောင်မြို့နယ် (၃)ရပ်ကွက်ရှိ ယာဉ်ထိန်းရုံး မီးပွိုင့်၌ လုံခြုံရေး တာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်များအား အကြမ်းဖက်သမားလေးဦးမှ လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။
- အောက်တိုဘာလ တတိယပတ်တွင် ဒေါပုံမြို့နယ် ရဲစခန်းနှင့် လှိုင်မြို့နယ် ရဲစခန်းတို့အား ပစ်ခတ်ရန်အတွက် UG အဖွဲ့ဝင် 44-ST ထံ M-79 ဗုံးပစ်လောင်ချာ နှစ်လက်၊ ဗုံးသီး ခုနစ်လုံး ထုတ်ပေးခဲ့ရာ အောက်တိုဘာ ၂၇ ရက်တွင် အကြမ်းဖက်သမားများမှ ဒေါပုံရဲစခန်းအား ဒေါပုံသင်္ဘောကျင်းအနီးမှ လည်းကောင်း၊ အောက်တိုဘာ ၃၁ ရက်တွင် လှိုင်ရဲစခန်းအား လည်းကောင်း M-79 ဗုံးပစ်လောင်ချာဖြင့် ပစ်ခတ်ခဲ့ရာ တရားခံ ကျား ၁၁ ဦး၊ မ နှစ်ဦး၊ ပေါင်း ၁၃ ဦးအား FCG 9 သေနတ် ခြောက်လက်၊ ပွိုင့်-၄၅ COLT's ပစ္စတို သေနတ် တစ်လက်၊ ၉ မမ ကျည် ၁၂ တောင့်၊ ပွိုင့် ၄၅ ကျည် ငါးတောင့်၊ ပွိုင့် ၃၈ ကျည် အတောင့် ၂၀၊ FCG 9 ကျည်အိမ် ရှစ်ခု၊ ပစ္စတို ကျည်အိမ်တစ်ခု၊ လက်လုပ်ဗုံး နှစ်လုံးတို့နှင့် အတူ ဖမ်းဆီးရမိခဲ့သည်။
- နိုဝင်ဘာ ၄ ရက်တွင် မရမ်းကုန်းမြို့နယ်ရှိ Mytel GM ဦးသိန်းအောင်အား ပစ်ခတ်ရန်အတွက် (YFA) အဖွဲ့ဝင် တစ်ဦးထံ ပစ္စတို တစ်လက် ငှားရမ်းပေးခဲ့ကြောင်းနှင့် ပစ်ခတ်မှုဖြစ်စဉ်တွင် တရားခံ စစ်ဖော်ကံ (ခ) ဟန်သာထွန်းနှင့် ဗညားစိုးထက်(ခ) လီယို၊ ဖြိုးအိကျော်နှင့် စိုင်းစည်သူတို့ လေးဦးအား ဖမ်းဆီးရမိခဲ့သည်။


## ထွက်ပြေးတိမ်းရှောင်တရားခံများအား ဖမ်းမိရေး


အထက်ပါ တရားခံ မောင်ကျော် (ခ) ဖြိုးဇေယျာသော်ထံမှ လက်နက်/ခဲယမ်းများ ရယူ၍ အကြမ်းဖက်မှု ကျူးလွန်ခဲ့သော ဖြစ်စဉ်များတွင် တာဝန်ရှိ လုံခြုံရေးအဖွဲ့များနှင့် တာဝန်သိပြည်သူလူထု၏ ပူးပေါင်းဖော်ထုတ်မှုကြောင့် တရားခံ ကျား ၃၄ ဦး၊ မ ၅ ဦး ပေါင်း ၃၉ ဦးတို့အား လက်နက်ငယ် မျိုးစုံ ၂၁ လက်၊ ကျည်အိမ်မျိုးစုံ ၅၀၊ ကျည်မျိုးစုံ ၁၄၆၅ တောင့်၊ ၄၀ မမ ဗုံးသီး ၁၂ လုံး၊ လက်ပစ်ဗုံးမျိုးစုံ လေးလုံး၊ လက်လုပ်ဗုံး ၃၂ လုံး၊ ရှေ့ထွက်မိုင်း လေးလုံး၊ မီးခိုးဗုံး ငါးလုံး၊ ရှို့ပစ် နှစ်လုံး၊ ယမ်းမှုန့် (မီးခိုးရောင်) ခုနစ်ထုပ်၊ မှန်ပြောင်း တစ်ခု၊ ဒရုန်းတစ်ခုတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ထွက်ပြေးတိမ်းရှောင်လျက်ရှိသော တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဖမ်းဆီးရမိတရားခံ NLD ပါတီဝင် မောင်ကျော်(ခ) ဖြိုးဇေယျာသော်၏ အကြမ်းဖက်ဆောင်ရွက်မှုများအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**

၂၇-၁၀-၂၀၂၁ ရက်တွင် ဒေါပုံမြို့နယ် ရဲစခန်းနှင့် ၃၁-၁၀-၂၀၂၁ ရက်တွင် လှိုင်မြို့နယ် ရဲစခန်းတို့အား ပစ်ခတ်မှုဖြစ်စဉ်တွင် တရားခံများ ဖမ်းဆီးရမိမှုအခြေပြဇယား




၉-၉-၂၀၂၁ ရက်တွင် စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ ဗဟိုလမ်းနှင့် ဇလွန်လမ်းဆုံ၌ လှည့်ကင်းဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်ပစ်ဗုံး၊ သေနတ်တို့ဖြင့် ပစ်ခတ်ခဲ့သည့် တရားခံများ ဖမ်းဆီးရမိမှု အခြေပြဇယား



၂၂-၈-၂၀၂၁ ရက်တွင် လှိုင်သာယာမြို့နယ်၊ ဘုရင့်နောင်တံတားအဆင်းရှိ လုံခြုံရေးရဲကင်း ပစ်ခတ်ခံရမှု မှတ်တမ်းဓာတ်ပုံ

## အီရန်နိုင်ငံ အနောက်တောင်ပိုင်း၌ ရေနံနှင့် ဓာတ်ငွေ့ကုမ္ပဏီ မီးလောင်မှုကြောင့် ခြောက်ဦးဒဏ်ရာရ

**တီဟီရန် နိုဝင်ဘာ ၂၂**

အီရန်နိုင်ငံ အနောက်တောင်ပိုင်းပြည်နယ် ခူဇက်စတန်ပြည်နယ် မက်ဂျက်စ်ဆူလေမန်မြို့ရှိ ရေနံနှင့် ဓာတ်ငွေ့တူးဖော်ရေးကုမ္ပဏီ၌ နိုဝင်ဘာ ၂၁ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ လူခြောက်ဦးထက်မနည်း ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

**ဆေးရုံသို့ပို့ဆောင်**

မီးလောင်ဒဏ်ရာများရရှိခဲ့သည့် ကုမ္ပဏီဝန်ထမ်းတစ်ဦးကို အာဗက်မြို့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး အခြားအလုပ်သမားလေးဦးနှင့် မီးသတ်သမားတစ်ဦးတို့မှာ မီးခိုးငွေ့နှင့် ဓာတ်ငွေ့ရှူရှိုက်မိခြင်းတို့ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

**မီးသတ်သမားများ ချက်ချင်းရောက်ရှိခဲ့**

၎င်းတို့မှာ ကုသမှုခံယူပြီးနောက် ဆေးရုံမှ ဆင်းသွားကြပြီဖြစ်သည်။ မီးသတ်သမားများသည် အခင်းဖြစ်ပွားရာနေရာသို့ ချက်ချင်းရောက်ရှိခဲ့ကြသည်ဟု ကုမ္ပဏီဘက်မှ ပြောသည်။

**ဆင်ဟွာ**

# အသက်အကြီးဆုံး အမေရိကန်သမ္မတအဖြစ် ဂျိုးဘိုင်ဒင် မှတ်တမ်းဝင်

**ဝါရှင်တန် နိုဝင်ဘာ ၂၂**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် နိုဝင်ဘာ ၂၀ ရက်တွင် အသက် ၇၉ နှစ် ပြည့်ခဲ့ပြီဖြစ်ရာ အသက်အကြီးဆုံး အမေရိကန်သမ္မတအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်းသိရသည်။

သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည့်အချိန်တွင် ၎င်း၏အသက်မှာ ၇၈ နှစ် ရှိပြီဖြစ်ပြီး အမေရိကန်သမိုင်းတွင် အသက်အကြီးဆုံးသမ္မတ ဖြစ်ခဲ့သည်။

ယခင်က အမေရိကန်သမ္မတဟောင်း ရော်နယ်ရီဂင်သည် အိမ်ဖြူတော်မှ ထွက်ခွာချိန်တွင် အသက် ၇၇ နှစ်ရှိပြီး အသက်အကြီးဆုံး အမေရိကန်သမ္မတဖြစ်ခဲ့သည်။ သမ္မတဘိုင်ဒင်၏ ကျန်းမာရေး ဆေးစစ်ချက်ကို နိုဝင်ဘာ ၁၉ ရက်တွင် ကြေညာခဲ့ပြီး ၎င်း၏ဆရာဝန်က သမ္မတ



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်။

ဘိုင်ဒင်မှာ အသက် ၇၈ နှစ်အရွယ် အမျိုးသားတစ်ဦးအဖြစ် ကျန်းမာသန်စွမ်းပြီး သမ္မတတာဝန်များကို ထမ်းဆောင်ရန် သင့်လျော်သည့် ကျန်းမာရေးကောင်းမွန်သူဟု ပြောသည်။ ဂျိုးဘိုင်ဒင် အမေရိကန်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည့် အချိန်မှစတင်ကာ ၎င်း၏ကျန်းမာရေး အခြေအနေမှာ လူအများ စိတ်ဝင်စားစရာ အခြေအနေဖြစ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ရုရှားသမ္မတ ဗလာဒီမာပူတင် စပွတ်နစ်လိုက်ထ် ကိုဗစ်-၁၉ ကာကွယ်ဆေးအပိုဆောင်းထိုးနှံမှုခံယူ

**မော်စကို နိုဝင်ဘာ ၂၂**

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် စပွတ်နစ်လိုက်ထ်ကိုဗစ်-၁၉ ကာကွယ်ဆေးအပိုဆောင်းထိုးနှံမှုခံယူခဲ့ကြောင်း နိုဝင်ဘာ ၂၁ ရက်က ပြောသည်။

တတိယအကြိမ်အပိုဆောင်းကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုခံယူပြီးနောက် မိမိ၏အခြေအနေမှာ ကောင်းမွန်ကြောင်း စပွတ်နစ်ကာကွယ်ဆေးကို ဖန်တီးခဲ့သည့် ကူးစက်ရောဂါပြန့်ပွားခြင်းနှင့် ကာကွယ်ခြင်းဆိုင်ရာနှင့် အဏုဇီဝဗေဒဆိုင်ရာ Gamaleya သိပ္ပံနည်းကျသုတေသန အင်စတီကျု၏ ဒုတိယညွှန်ကြားရေးမှူး ဒန်းနစ်လိုဂူနော့ဗ်နှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ပူတင်သည် မတ် ၂၃ ရက်က ပထမအကြိမ် စပွတ်နစ်ဗွီကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုကို ခံယူခဲ့ပြီး ဧပြီ ၁၄ ရက်တွင် ဒုတိယအကြိမ်ဆေးထိုးမှုခံယူခဲ့သည်။ လိုဂူနော့ဗ်နှင့်တွေ့ဆုံစဉ် ပူတင်သည် ရုရှားကိုဗစ်-၁၉ ကာကွယ်ဆေးစမ်းသပ်မှုတွင် စေတနာ့ရှင်လုပ်ပေးခဲ့သည်။

Gamaleya အင်စတီကျုသည် ကိုဗစ်-၁၉ ရောဂါကို ကုသရန် ကာကွယ်ဆေးများကို လုပ်ဆောင်လျက်ရှိပြီး ၂၀၂၂ နှစ်ကုန်တွင် မှတ်တမ်းတင်နိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း လိုဂူနော့ဗ်က ပူတင်ကိုပြောသည်။

**ဆင်ဟွာ**

## ဗြိတိန်နိုင်ငံ၌ ကိုဗစ်- ၁၉ ကူးစက်ခံရသူ ၄၀၀၀၄ ဦး ထပ်မံတွေ့ရှိ

**လန်ဒန် နိုဝင်ဘာ ၂၂**

ဗြိတိန်နိုင်ငံ၌ ကိုဗစ်- ၁၉ နောက်ထပ်ကူးစက်ခံရသူ ၄၀၀၀၄ ဦး ထပ်မံတွေ့ရှိပြီးနောက် ကူးစက်ခံရသူ စုစုပေါင်းမှာ ၉၈၄၅၄၉၂ ဦး ရှိလာသည်ဟု နိုဝင်ဘာ ၂၁ ရက်တွင် တရားဝင်ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ကိုဗစ်- ၁၉ နှင့် ဆက်စပ်ပြီး သေဆုံးသူ ၆၁ ဦး တိုးလာရာ စုစုပေါင်းသေဆုံးသူ အရေအတွက်မှာ ၁၄၃၉၂၇ ဦးရှိသည်။ ဆေးရုံတွင် ကုသမှုခံယူနေရသည့် အရေအတွက်မှာ ၈၀၇၉ ဦးရှိသည်။ ဗြိတိန်နိုင်ငံ၌ အသက် ၁၂ နှစ်နှင့်အထက် ကာကွယ်ဆေးတစ်ကြိမ်ထိုးပြီးသူ ၈၈ ရာခိုင်နှုန်းရှိပြီး ကာကွယ်ဆေးအပြည့်ထိုးပြီးသူ ၈၀ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။

**ဆင်ဟွာ**

## ဂျော်ဒန်နိုင်ငံ၌ ကိုဗစ်- ၁၉ တတိယအကျော့နှင့် ရင်ဆိုင်နေရ

**အမ္မန် နိုဝင်ဘာ ၂၂**

ဂျော်ဒန်နိုင်ငံသည် ကိုဗစ်- ၁၉ တတိယအကျော့အတွင်းသို့ ဝင်ရောက်လာပြီဖြစ်ပြီး အပတ်စဉ်ကူးစက်မှုနှုန်းမှာ ၂၀၀၀၀ နီးပါးရှိသည်ဟု ကျန်းမာရေး ဝန်ကြီးဌာနက ပြောသည်။

ရောဂါကူးစက်ခံရမှု စစ်ဆေးတွေ့ရှိမှုများ များပြားလာမည်ကို စိုးရိမ်နေရကြောင်း ကျန်းမာရေး ဝန်ကြီးဌာန အထွေထွေအတွင်းရေးမှူး အဗ္ဗဒယ်ဘယ်ဘစ်စီ က ပြောသည်။

သို့သော်လည်း ဆေးရုံများတွင် လူနာကုသပေးမှုနှုန်းမှာ နိုင်နင်းသည့်အနေအထားတွင်သာ ရှိနေသေးကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အထူးကြပ်မတ်ကုသဆောင်၊ အသက်ရှူအထောက်အကူပြုကိရိယာ တပ်ဆင်ထားသည့် ဆေးရုံခုတင် အသုံးပြုမှုမှာ ၃၀ ရာခိုင်နှုန်းကို ကျော်လွန်ခြင်းမရှိသေးကြောင်း ၎င်းက ဆက်ပြောသည်။

ကာကွယ်ဆေးမှာလည်း လုံလောက်မှုရှိပြီး ဒေသခံများနှင့် နေထိုင်သူများအားလုံး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန်လည်း ၎င်းက တိုက်တွန်းထားသည်။ ဂျော်ဒန်နိုင်ငံ၌ နိုဝင်ဘာ ၂၁ ရက်က ကိုဗစ် - ၁၉ ကူးစက်ခံရသူ ၃၅၇၉ ဦး တွေ့ရှိခဲ့ပြီး သေဆုံးသူ ၁၄ ဦး ရှိခဲ့သည်။ **ဆင်ဟွာ**

# ကာတာ ကမ္ဘာ့ဖလားပွဲမတိုင်မီ အလုပ်သမားအခွင့်အရေးနှင့်ပတ်သက်ပြီး စိန်ခေါ်မှုများစွာ ရင်ဆိုင်နေရ

**ဒိုဟာ နိုဝင်ဘာ ၂၂**

ကာတာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကျင်းပရန် တစ်နှစ်သာလိုတော့သည့်အချိန်တွင် ရွှေ့ပြောင်းလုပ်သားများ၏ အခွင့်အရေးနှင့် သက်သာချောင်ချိရေးအပေါ် စိုးရိမ်ပူပန်မှုများ မြင့်မားလာသည်။

အဆောက်အအုံများ ဆောက်လုပ်ရန် လုပ်ငန်းခွင်အတွင်း ခက်ခဲကြမ်းတမ်းသည့် အခြေအနေများကြောင့် အလုပ်သမားအများစုမှာ သေဆုံးရသည်ဟု လူ့အခွင့်အရေးအုပ်စုများက ပြောသည်။

ဖီဖာကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ အရှေ့အလယ်ပိုင်းဒေသ၌ ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပြီး ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် ကာတာနိုင်ငံဒိုဟာမြို့၌ ကျင်းပတော့မည်ဖြစ်သည်။

ပွဲကြည့်ပရိသတ် ၁ ဒသမ ၂ သန်းကို ဆွဲဆောင်နိုင်လိမ့်မည်ဟု ကာတာအစိုးရက ပြောသည်။ သို့သော်လည်း အလုပ်သမားအခွင့်အရေးနှင့်ပတ်သက်ပြီး စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရသည်။

ရွှေ့ပြောင်းလုပ်သားများသည် အားကစားရုံကြီးခုနစ်ခုကို ဆောက်လုပ်နေရပြီး ဟိုတယ်များ၊ လမ်းများနှင့် မြေအောက်ရထားလမ်းများလည်း ဆောက်လုပ်ရသည်။ ရွှေ့ပြောင်းလုပ်သားအများစုမှာ တောင်အာရှနိုင်ငံများ အထူးသဖြင့် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် နီပေါနိုင်ငံတို့မှ ဖြစ်ကြသည်။

ရွှေ့ပြောင်းနေထိုင်သူအများစုမှာ ၂၀၁၀ ပြည့်နှစ်မှစတင်ကာ သေဆုံးခဲ့ကြခြင်းဖြစ်သည်ဟု အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ပြောသည်။ ပြင်းထန်သည့်အပူချိန်အောက်တွင် နာရီကြာရှည်စွာ အလုပ်လုပ်ကိုင်ရန် ဖိအားပေးခံရသည်ဟုလည်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ပြောသည်။

၎င်းတို့ သေဆုံးရခြင်းအကြောင်းကို စုံစမ်းမှုများ မရှိဟုလည်း အဆိုပါအဖွဲ့က ဆက်လက်ပြောကြားခဲ့သည်။ လုပ်ငန်းခွင်အခြေအနေများ တိုးတက်ကောင်းမွန်ရေးနှင့် အလုပ်သမားများအတွက်



ကာတာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းခွင်မှ အလုပ်သမားများကို တွေ့ရစဉ်။

သင့်လျော်သည့် အလုပ်စာချုပ်များ ပြင်ဆင်ပေးခြင်းတို့ ပြုလုပ်ပေးရန်အတွက်လည်း အဆိုပါအဖွဲ့က တောင်းဆိုခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# နိုဝင်ဘာ ၂၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၅၄၉ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၉ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉၀၃၄ ဦးရှိ

**(၂၂–၁၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် –

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့ နေအိမ်တွင် အသက် (၆၅) နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့် နာတာရှည်ရောဂါတစ်ခုခု ခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့်နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၁–၁၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၂–၁၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၃,၉၉၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု**လူနာသစ် (၅၄၉) ဦး** တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ **(၂.၂၉) ရာခိုင်နှုန်း**ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၃၉၅,၈၀၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၁၈,၄၇၁) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၈၆၈)ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၉၁,၇၈၁)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံ**သေဆုံးသူ (၉) ဦး**ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၀၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၂–၁၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၀၅၀) ခု | (၂၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၄) ခု | (၁၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၂၅) ခု | (၈) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၂) ခု | – |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၇၁) ခု | (၄) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၆၆၉) ခု | (၁၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၀၈၉) ခု | (၁၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၉,၄၉၀) ခု | (၄၈၂) ဦး |
| စုစုပေါင်း | (၂၃,၉၉၀) ခု | (၅၄၉) ဦး |

**လွန်ခဲ့သော (၂၁) ရက် အတွင်း ကိုဗစ်–၁၉ ဓာတ်ခွဲစစ်ဆေးမှုနှင့် အတည်ပြုလူနာသစ် တွေ့ရှိမှု အခြေအနေ (၃၁–၁၀–၂၀၂၁ ရက်နေ့မှ ၂၀–၁၁–၂၀၂၁ ရက်နေ့အထိ)**

| ရက်စွဲ | ဓာတ်ခွဲနမူနာ စုစုပေါင်း | ဓာတ်ခွဲအတည်ပြု လူနာစုစုပေါင်း | ပျမ်းမျှရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်း |
|---|---|---|---|
| (၃၁–၁၀–၂၀၂၁ မှ ၆–၁၁–၂၀၂၁) (Epi Week–44) | ၁၅၈,၃၃၉ | ၆,၆၇၇ | ၄.၂၂ |
| (၇–၁၁–၂၀၂၁ မှ ၁၃–၁၁–၂၀၂၁) (Epi Week–45) | ၁၇၉,၁၁၇ | ၆,၅၅၀ | ၃.၆၆ |
| (၁၄–၁၁–၂၀၂၁ မှ ၂၀–၁၁–၂၀၂၁) (Epi Week–46) | ၁၆၃,၈၈၈ | ၄,၈၄၇ | ၂.၉၆ |

- ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု အခြေအနေများအား ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုရေး ရက်သတ္တပတ်အလိုက် ဓာတ်ခွဲနမူနာရယူစစ်ဆေးမှု၊ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုနှုန်း အခြေအနေများအား စောင့်ကြပ်ကြည့်ရှုလျက်ရှိရာ အပတ်စဉ် (၄၄)၊ အပတ်စဉ် (၄၅) နှင့် အပတ်စဉ် (၄၆) တို့ကို နှိုင်းယှဉ် ချက်အရ ဓာတ်ခွဲအတည်ပြုလူနာနှင့် ပျမ်းမျှရောဂါပိုးတွေ့ရှိမှုနှုန်းများမှာ အပတ်စဉ်အလိုက် လျော့နည်းကျဆင်းလာကြောင်း တွေ့ရှိရသဖြင့် ရောဂါကူးစက်မှု ဆက်လက်လျော့နည်းလာ စေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် ပြည်သူလူထုအနေဖြင့် မိမိတို့ကဏ္ဍအလိုက် ယခုထက် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၂- ၁၁ - ၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၈၅၉၂၈၁၁ | ၃၈၄၆၃၀၄၁ | ၇၉၃၆၅၁ |
| ၂။ | အိန္ဒိယ | ၃၄၅၁၈၉၀၁ | ၃၃၉၃၄၅၄၇ | ၄၆၅၉၁၁ |
| ၃။ | ဘရာဇီး | ၂၂၀၁၇၂၇၆ | ၂၁၂၂၂၀၃၂ | ၆၁၂၇၂၂ |
| ၄။ | ဗြိတိန် | ၉၈၄၅၄၉၂ | ၈၀၈၇၉၉၃ | ၁၄၃၉၂၇ |
| ၅။ | ရုရှား | ၉၃၆၆၈၃၉ | ၈၀၅၃၆၄၃ | ၂၆၅၃၃၆ |
| ၆။ | တူရကီ | ၈၅၇၁၅၅၄ | ၈၀၉၁၉၄၇ | ၇၅၀၄၂ |
| ၇။ | ပြင်သစ် | ၇၄၁၄၉၇၁ | ၇၀၅၀၂၈၂ | ၁၁၈၄၆၁ |
| ၈။ | အီရန် | ၆၀၈၂၈၆၅ | ၅၇၉၅၀၆၀ | ၁၂၉၀၅၃ |
| ၉။ | ဂျာမနီ | ၅၃၇၈၁၉၂ | ၄၆၄၉၃၀၀ | ၉၉၆၁၃ |
| ၁၀။ | အာဂျင်တီးနား | ၅၃၁၅၃၄၈ | ၅၁၈၁၃၆၆ | ၁၁၆၃၇၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၂- ၁၁ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၅၃၅၉၈ | ၄၁၀၁၈၈၉ | ၁၄၃၇၄၄ |
| ဖိလစ်ပိုင် | ၂၈၂၆၈၅၃ | ၂၇၅၉၇၆၇ | ၄၇၂၈၈ |
| မလေးရှား | ၂၅၈၆၆၀၁ | ၂၄၈၇၈၀၉ | ၃၀၀၀၂ |
| ထိုင်း | ၂၀၇၁၀၀၉ | ၁၉၆၄၈၀၅ | ၂၀၄၃၄ |
| ဗီယက်နမ် | ၁၁၀၄၈၃၅ | ၉၁၀၂၇၆ | ၂၃၉၅၁ |
| မြန်မာ | ၅၁၈၄၇၁ | ၄၉၁၇၈၁ | ၁၉၀၃၄ |
| စင်ကာပူ | ၂၅၂၁၈၈ | ၂၃၂၇၂၉ | ၆၆၂ |
| ကမ္ဘောဒီးယား | ၁၁၉၉၀၄ | ၁၁၆၂၈၆ | ၂၉၀၅ |
| လာအို | ၆၃၁၅၉ | ၅၁၅၃၆ | ၁၃၃ |
| ဘရူနိုင်း | ၁၄၆၃၀ | ၁၄၁၀၇ | ၉၆ |

◆ *ကျော်ဖုံးမှ*

အကြမ်းဖက်အုပ်စုများဖြစ်သော CRPH ၊ NUG ၊ PDF စသည့်အဖွဲ့အစည်းများက နိုင်ငံ့အကျိုး တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများကို အကြောင်းမဲ့ရက်စက်စွာ သတ်ဖြတ်ခဲ့ခြင်းများအပြင် ဆေးရုံ၊ ဆေးခန်းများကိုလည်း မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်ခဲ့ခြင်းကြောင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်နေ့မှ နိုဝင်ဘာလ ၁၅ ရက်နေ့အထိ ဆေးရုံ၊ ဆေးခန်း ၂၅ ခု ပျက်စီးဆုံးရှုံးခဲ့ရမှုကို ဖော်ပြပါအတိုင်း တွေ့ရှိရသည် -



၄-၅-၂၀၂၁ ရက်တွင် မိုင်းပေါက်ကွဲမှုဖြစ်ပွားသည့် ဖန်းမော်မြို့ ပြည်သူ့ဆေးရုံ။

**၁-၂-၂၀၂၁ ရက်မှ ၁၅-၁၁-၂၀၂၁ ရက်ထိ တိုင်းဒေသကြီး/ပြည်နယ်အတွင်း ဆူပူအကြမ်းဖက်သောင်းကျန်းသူများတိုက်ခိုက်ခံခဲ့ရသည့် ဆေးရုံ/ဆေးခန်းများ ဦးစီးဇယား**

| စဉ် | တိုင်း/ပြည်နယ် | မြို့နယ် | ဆေးရုံ/ဆေးခန်း | မှတ်ချက် |
|---|---|---|---|---|
| ၁ | နေပြည်တော် | ၁ | ၁ | |
| ၂ | ကချင် | ၂ | ၃ | |
| ၃ | ကရင် | ၃ | ၃ | |
| ၄ | ချင်း | ၁ | ၁ | |
| ၅ | စစ်ကိုင်း | ၂ | ၂ | |
| ၆ | ပဲခူး | ၁ | ၁ | |
| ၇ | မကွေး | ၂ | ၂ | |
| ၈ | မန္တလေး | ၃ | ၃ | |
| ၉ | မွန် | ၂ | ၂ | |
| ၁၀ | ရန်ကုန် | ၃ | ၄ | |
| ၁၁ | ရှမ်း | ၂ | ၂ | |
| ၁၂ | ဧရာဝတီ | ၁ | ၁ | |
| စုစုပေါင်း | | ၂၃ | ၂၅ | |

**၁-၂-၂၀၂၁ မှ ၁၅-၁၁-၂၀၂၁ ရက်ထိ တိုင်းဒေသကြီး/ ပြည်နယ်များအတွင်းရှိ ဆေးရုံ/ဆေးခန်းများအား အကြမ်းဖက်သမားများက တိုက်ခိုက်မှုကြောင့် ပျက်စီးမှုစာရင်း**

| စဉ် | ရက်စွဲ | တိုင်း/ ပြည်နယ် | ခရိုင်/မြို့နယ် | ဌာနဆိုင်ရာရုံး၊ အဆောက်အဦ | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ၁၄-၃-၂၀၂၁ | ရန်ကုန် | အရှေ့ပိုင်း တောင်ဥက္ကလာပ | တောင်ဥက္ကလာပ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး | မီးရှို့ဖျက်ဆီး။ |
| ၂ | ၁၂-၄-၂၀၂၁ | ရှမ်း | မိုင်းယောင်း | ဆေးရုံ | မီးရှို့ဖျက်ဆီးမှုကြောင့် ဆေးရုံမှန်များ ပျက်စီး |
| ၃ | ၁၅-၃-၂၀၂၁ | မကွေး | မြို့သစ် | မထွဲကျေးရွာ ကျေးလက်ကျန်းမာရေးဦးစီးဌာန | မီးရှို့ဖျက်ဆီးမှုကြောင့် ဆေးရုံမီးလောင်ပျက်စီး |
| ၄ | ၂၂-၄-၂၀၂၁ | ကချင် | ဖားကန့် | ရစဖ(နမ္မဖြစ်)၊အထကခွဲ(နမ္မဖြစ်)နှင့် ကျေးလက်ကျန်းမာရေး ဆေးပေးခန်း | ဆေးပေးခန်းတွင်လှူင့်ထူထားသည့် နိုင်ငံတော်အလံအားမီးရှို့ဖျက်ဆီး |
| ၅ | ၈-၅-၂၀၂၁ | ရှမ်း | တာချီလိတ် | ခရိုင်ဆေးရုံဝင်း | လက်လုပ်မိုင်းပစ်ပေါက်မှုကြောင့် အနည်းငယ်ပျက်စီး |
| ၆ | ၁၃-၅-၂၀၂၁ | ကရင် | လှိုင်းဘွဲ့ | မြို့နယ်ပြည်သူ့ဆေးရုံ | လက်လုပ်မိုင်းပစ်ပေါက်မှုကြောင့် အနည်းငယ်ပျက်စီး |
| ၇ | ၄-၅-၂၀၂၁ | ကချင် | ဖန်းမော် | ပြည်သူ့ဆေးရုံကြီး | လက်လုပ်မိုင်းပစ်ပေါက်မှုကြောင့် အနည်းငယ်ပျက်စီး |
| ၈ | ၇-၅-၂၀၂၁ | ကရင် | ကော့ကရိတ် | ဗိုလ်ချုပ်လမ်းနှင့်ပြည်သူ့ဆေးရုံလမ်းဆုံ | လက်လုပ်မိုင်းပစ်ပေါက်မှုကြောင့် အနည်းငယ်ပျက်စီး |
| ၉ | ၁၉-၅-၂၀၂၁ | ကရင် | ကြာအင်းဆိပ်ကြီး | (၁)ရပ်ကွက် | လက်လုပ်မိုင်းပစ်ပေါက်မှုကြောင့် အနည်းငယ်ပျက်စီး |
| ၁၀ | ၁၉-၅-၂၀၂၁ | ရန်ကုန် | မင်္ဂလာဒုံ | သားဖွားမီးယပ်နှင့်ကလေးဆေးရုံ | ဆေးရုံခြံစည်းရိုးအနီး၌ လက်လုပ်မိုင်းတွေ့ရှိ |
| ၁၁ | ၂၅-၅-၂၀၂၁ | စစ်ကိုင်း | ရေဦး | ပြည်သူ့ဆေးရုံကြီး | ဆေးရုံကြီးအတွင်းရှိ လမ်းပေါ်၌ လက်လုပ်မိုင်းပေါက်ကွဲ |
| ၁၂ | ၃၁-၅-၂၀၂၁ | ပဲခူး | ကျောက်တံခါး | တောကျွဲအင်းတိုက်နယ်ဆေးရုံ | လက်လုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွား |
| ၁၃ | ၃၁-၅-၂၀၂၁ | မကွေး | ဂန့်ဂေါ | ဟံသာဝတီတိုက်နယ်ဆေးရုံ | လက်လုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွား |
| ၁၄ | ၆-၆-၂၀၂၁ | ဧရာဝတီ | မအူပင် | ခရိုင်ဆေးရုံဝင်း | ဆေးရုံရှိ ကလေးကုသဆောင်အနီး လက်လုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွား |
| ၁၅ | ၉-၈-၂၀၂၁ | စစ်ကိုင်း | ခင်ဦး | **ပြည်သူ့ဆေးရုံ** | လက်လုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွား |
| ၁၆ | ၁၁-၈-၂၀၂၁ | ရန်ကုန် | တောင်ဥက္ကလာပ | ကလေးဆေးရုံကြီး | ဆေးရုံရှေ့လမ်းဘေး၌ လက်လုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွား |
| ၁၇ | ၂၇-၈-၂၀၂၁ | မွန် | ကျိုက်ထို | ကျေးလက်ကျန်းမာရေးဆေးခန်း | ဆေးပေးခန်းအတွင်းသို့ လက်ပစ်ဗုံးပစ်ပေါက်မှုကြောင့် အနည်းငယ်ပျက်စီး |
| ၁၈ | ၂၈-၈-၂၀၂၁ | ရန်ကုန် | အင်းစိန် | ပြည်သူ့ဆေးရုံ | ဆေးရုံရှေ့လမ်း၌ လက်လုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွား |
| ၁၉ | ၂၉-၈-၂၀၂၁ | မန္တလေး | မတ္တရာ | ကျေးလက်ကျန်းမာရေး ဆေးပေးခန်း | လက်လုပ်ဗုံးပေါက်ကွဲမှုဖြစ်ပွား |
| ၂၀ | ၇-၉-၂၀၂၁ | နေပြည်တော် | ဇမ္ဗူသီရိ | ရပ်ကွက် ကျန်းမာရေးရုံး | ကျန်းမာရေးရုံးရှေ့၌ လက်ပစ်ဗုံးတွေ့ရှိ |
| ၂၁ | ၅-၁၀-၂၀၂၁ | မန္တလေး | စဉ့်ကိုင် | ကျေးလက် ဆေးပေးခန်း | လက်ပစ်ဗုံးပေါက်ကွဲမှုကြောင့် အနည်းငယ်ပျက်စီး |
| ၂၂ | ၁၁-၁၀-၂၀၂၁ | ကချင် | ဖားကန့် | ဆိပ်မူကျေးရွာ ကျေးလက်ဆေးပေးခန်း | လက်လုပ်ဗုံးပေါက်ကွဲမှုဖြစ်ပွား |
| ၂၃ | ၃၀-၁၀-၂၀၂၁ | မန္တလေး | သာစည် | ညောင်ရမ်းတိုက်နယ် ဆေးရုံ | လက်လုပ်ဗုံးပေါက်ကွဲမှုဖြစ်ပွား |
| ၂၄ | ၉-၁၁-၂၀၂၁ | မွန် | ဘီးလင်း | ပြည်သူ့ဆေးရုံ ဆိုင်းဘုတ် | လက်လုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွား |
| ၂၅ | ၁၁-၁၁-၂၀၂၁ | ချင်း | မင်းတပ် | ခရိုင်ဆေးရုံဝင်း | ဆေးရုံဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာများအား လက်နက်ငယ်များဖြင့်ပစ်ခတ်မှု ဖြစ်ပွား |

*စာမျက်နှာ ၁၇ သို့*

# အကြမ်းဖက်သူများက မြိုင် - မန္တလေးကားလမ်းပေါ်ရှိ ကိုဗစ်-၁၉ စစ်ဆေးရေးဂိတ်အား လက်ပစ်ဗုံး၊ လက်လုပ်ဗုံးနှင့် လက်လုပ်မိုင်းများ အသုံးပြု၍ အကြမ်းဖက်မှုလုပ်ရပ်များအား လုပ်ဆောင်

**နေပြည်တော် နိုဝင်ဘာ ၂၂**

အစွန်းရောက်အကြမ်းဖက် သောင်းကျန်းသူများသည် အေးချမ်းစွာနေထိုင်သော ပြည်သူလူထုများနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဝိုင်းဝန်းဆောင်ရွက်နေသော အုပ်ချုပ်ရေးတာဝန်ရှိသူများအား ထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်ချက်များဖြင့် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များအား ငွေကြေးထောက်ပံ့ကာ နောက်ကွယ်မှ သွေးထိုးမြှောက်ပင့်လှုံ့ဆော်မှုများဖြင့် အများပြည်သူသွားလာနေသော လမ်းမကြီးများ၊ လမ်းများနှင့် ဌာနဆိုင်ရာရုံးများအား လက်လုပ်ဗုံး၊ လက်လုပ်မိုင်းများဖြင့် ထောင်ကာဖောက်ခွဲခြင်း၊ ပစ်ပေါက်ခြင်းများ ပြုလုပ်ဆောင်ရွက်လျက်ရှိသည်။

**လက်လုပ်မိုင်းနှစ်လုံး ပေါက်ကွဲ**

ထိုသို့ အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များ ပြုလုပ်ခဲ့ရာတွင် နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီခွဲခန့်တွင် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် မြိုင်-မန္တလေးကားလမ်းမပေါ်ရှိ ကိုဗစ်-၁၉ စစ်ဆေးရေးဂိတ်၌ ကျန်းမာရေးဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် စစ်ဆေးခြင်းများဆောင်ရွက်ရန်အတွက် အဆိုပါဂိတ်အနီးပတ်ဝန်းကျင်ကို ရှင်းလင်းစစ်ဆေးနေစဉ် နံနက် ၉ နာရီ ၄၅ မိနစ်ခန့်တွင် စစ်ဆေးရေးဂိတ်၏ အရှေ့ဘက် ၁၅ ပေခန့်အကွာရှိ သဲပုံအတွင်းမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ပေါက်ကွဲမှုကြောင့် အဆိုပါနေရာအနီးမှ ဆိုင်ကယ်မောင်းနှင်လာသည့် အမှတ်(၁)ရပ်ကွက်နေ ဦးဇော်အောင်(ခ) ဝင်းဇော်အောင်(၃၅)နှစ် (ဘ)ဦးစိန်လှ၏ နဖူးနှင့် အောက်နှုတ်ခမ်းတို့တွင် ပေါက်ပြဲဒဏ်ရာများ ရရှိခဲ့သဖြင့် မြိုင်မြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် သဲပုံအတွင်း စစ်ဆေးရန် ပြုလုပ်စဉ် နံနက် ၁၀ နာရီခန့်တွင် ထပ်မံပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် ရှင်းလင်းစစ်ဆေးခဲ့ရာ အဆိုပါသဲပုံအတွင်း မြှုပ်နှံထားသည့် သံပိုက်ဖြင့် ပြုလုပ်ထားပြီး ဆိုင်ကယ်ဘက်ထရီအိုးဖြင့် ချိတ်ဆက်ထားသည့် လက်လုပ်မိုင်းနှစ်လုံး ပေါက်ကွဲထားသည်ကို တွေ့ရှိရကြောင်း သိရသည်။




မြိုင်မြို့ ကိုဗစ်-၁၉ စစ်ဆေးရေးဂိတ်အနီး အကြမ်းဖက်သူများထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိ။

**စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း**

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

*စာမျက်နှာ ၁၆ မှ*

စာမျက်နှာ ၁၆ မှ

အကြမ်းဖက်အဖွဲ့များအနေဖြင့် ဆေးရုံ၊ ဆေးခန်းများအား ယခုကဲ့သို့ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်နေမှုအပေါ် လူထုတစ်ရပ်လုံးအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းကာကွယ်သွားကြပါရန်နှင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများကိုရရှိပါက နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ ဆက်သွယ် သတင်းပေးပို့၍ အကြမ်းဖက်သမားများ ရပ်တည်မှုမရှိနိုင်သည်အထိ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြပါရန် မေတ္တာရပ်ခံထားကြောင်း သက်ဆိုင်ရာက သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**



၆-၆-၂၀၂၁ ရက်တွင် မအူပင်မြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးရုံးဝင်းအတွင်း၌ လက်လုပ်မိုင်းပေါက်ကွဲမှု။




၁၃-၅-၂၀၂၁ ရက်တွင် လှိုင်းဘွဲ့မြို့ ပြည်သူ့ဆေးရုံ၌ အသံဗုံးတစ်လုံး ပေါက်ကွဲမှု။

# တမူးမြို့ မြန်မာ-အိန္ဒိယနယ်စပ်ရှိ ဆိုက်ရောက် (Arrival) ဗီဇာစစ်ဆေးရေးရုံးအား အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီး

**နေပြည်တော် နိုဝင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ မြန်မာ-အိန္ဒိယနယ်စပ်ရှိ ဆိုက်ရောက်(Arrival)ဗီဇာ စစ်ဆေးရေးရုံးအား ယနေ့ နံနက်ပိုင်းတွင် အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၅ နာရီခွဲခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ ဈေးတန်းရပ်ကွက်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးရှေ့ အာရှလမ်းမကြီးပေါ်တွင် တည်ဆောက်ထားသည့် မြန်မာ-အိန္ဒိယနယ်စပ် လူဝင်/ထွက် စစ်ဆေးရေးဂိတ်ရှိ ဆိုက်ရောက် (Arrival) ဗီဇာ စစ်ဆေးရေးရုံးအား အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးသွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အလျား ပေ ၃၀၊ အနံ ၁၀ ပေရှိ RC တစ်ထပ် ဗီဇာစစ်ဆေးရေးရုံး၏ ပြတင်းတံခါးမှန် ခြောက်ချပ်အား အကြမ်းဖက်သူများက ရိုက်ခွဲဖျက်ဆီး ဝင်ရောက်ပြီး ရုံးခန်းအတွင်းရှိ ဖိုက်ဘာခုံများပေါ်သို့ ဓာတ်ဆီလောင်းကာ မီးရှို့ဖျက်ဆီးခဲ့သဖြင့် ရုံးအတွင်း တပ်ဆင်ထားသည့် ဝိုင်ယာကြိုးများ၊ ဖိုက်ဘာထိုင်ခုံ လေးလုံးနှင့် ဗီနိုင်းဆိုင်းဘုတ်တစ်ခုတို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။

အဆိုပါ စစ်ဆေးရေးရုံးအား ကိုဗစ်-၁၉ ရောဂါ တားဆီး ကာကွယ်နိုင်ရေးလုပ်ငန်းစဉ်များနှင့်အညီ မတ် ၁၀ ရက်မှစ၍ ယာယီပိတ်သိမ်းထားခြင်း ဖြစ်ကြောင်း သိရှိရသည်။

ထိုကဲ့သို့ နိုင်ငံတော်ပိုင် မြန်မာ-အိန္ဒိယနယ်စပ်ရှိ ဆိုက်ရောက် (Arrival) ဗီဇာစစ်ဆေးရေးရုံးအား မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**



## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

စာမျက်နှာ ၁၁ မှ

| စဉ် | ရက်စွဲ | တိုင်း/ ပြည်နယ် | မြို့နယ် | အမည် | အလုပ်အကိုင် | ဖြစ်စဉ်အကျဉ်း | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၂၀၇ | ၂၁-၁၀-၂၀၂၂ | မန္တလေး | ဝမ်းတွင်း | ဦးမောင်လွင် | ရစဖမှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၂၀၈ | ၂၄-၁၀-၂၀၂၂ | မန္တလေး | ကျောက်ပန်းတောင်း | ဦးသောင်းအေး | ရစဖမှူး | သေနတ်ဖြင့် ပစ်ခတ်ခံရ။ | |
| ၂၀၉ | ၂၅-၁၀-၂၀၂၂ | မန္တလေး | ပုသိမ်ကြီး | ဦးမြင့်နိုင် | ရစဖမှူး | ရိုက်နှက်သေဆုံး။ | |
| ၂၁၀ | ၂၆-၁၀-၂၀၂၂ | မန္တလေး | ပုသိမ်ကြီး | ဦးတင်စိုး | ရစဖမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၁၁ | ၂၆-၁၀-၂၀၂၂ | မန္တလေး | ကျောက်ပန်းတောင်း | ဦးငွေးလှိုင် | ရစဖမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၁၂ | ၂၆-၁၀-၂၀၂၂ | မန္တလေး | ချမ်းမြသာစည် | ဦးကျော်ကျော် | ရာအိမ်မှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၂၁၃ | ၂၇-၁၀-၂၀၂၂ | မန္တလေး | တောင်သာ | ဦးမှတ်တင် | ရစဖမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၁၄ | ၂၇-၁၀-၂၀၂၂ | မန္တလေး | ဝမ်းတွင်း | ဦးကျော်ရှိန် | ရစဖမှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၂၁၅ | ၂၈-၁၀-၂၀၂၂ | မန္တလေး | စဉ့်ကိုင် | ဦးအောင်မြင့် | ရစဖမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၁၆ | ၂၈-၁၀-၂၀၂၂ | မန္တလေး | ပုသိမ်ကြီး | ဦးအောင်ကြည် | ရစဖမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၁၇ | ၂၉-၁၀-၂၀၂၂ | မန္တလေး | နွားထိုးကြီး | ဦးခိုင်ဦး | ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၁၈ | ၃၀-၁၀-၂၀၂၂ | မန္တလေး | နွားထိုးကြီး | ဦးသန်းဆောင် | ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၁၉ | ၃၀-၁၀-၂၀၂၂ | မန္တလေး | မဟာအောင်မြေ | ဦးသက်နိုင် | ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၂၀ | ၁-၁၁-၂၀၂၂ | မန္တလေး | ကျောက်ဆည် | ဦးမြင့်သိန်းငွေ | ရစဖမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၂၁ | ၂-၁၁-၂၀၂၂ | မန္တလေး | ညောင်ဦး | ဦးလင်းအောင် | ရစဖမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၂၂ | ၃-၁၁-၂၀၂၂ | မန္တလေး | မဟာအောင်မြေ | ဦးမျိုးနိုင် | ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၂၃ | ၅-၁၁-၂၀၂၂ | မန္တလေး | ချမ်းမြသာစည် | ဦးသိန်းဝင်း | ရာအိမ်မှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၂၂၄ | ၇-၁၁-၂၀၂၂ | မန္တလေး | စဉ့်ကူး | ဦးခင်မောင်သန်း | ရစဖမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၂၅ | ၇-၁၁-၂၀၂၂ | မန္တလေး | နွားထိုးကြီး | ဦးမောင်အေး | ရာအိမ်မှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၂၂၆ | ၈-၁၁-၂၀၂၂ | မန္တလေး | မဟာအောင်မြေ | ဦးထွန်းထွန်း | အကွက်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၂၇ | ၈-၁၁-၂၀၂၂ | မန္တလေး | စဉ့်ကူး | ဦးမောင်ငယ်(ခ)<br>မြသန်းထူး | ရာအိမ်မှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၂၂၈ | ၉-၁၁-၂၀၂၂ | မန္တလေး | ပြင်ဦးလွင် | ဦးစိုးဝင်း | ရာအိမ်မှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၂၂၉ | ၁၁-၁၁-၂၀၂၂ | မန္တလေး | ချမ်းမြသာစည် | ဦးစန်းဝင်း<br>ဦးကျန်ကျောင်း (ခ)<br>မင်းမင်းထွန်း | ရာအိမ်မှူး<br>ရာအိမ်မှူး | မိုင်းစထိမှန် ဒဏ်ရာရရှိ။ | |
| ၂၃၀ | ၂၁-၆-၂၀၂၂ | မွန် | သထုံ | ဦးစိုးသိန်း | ရစဖမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၃၁ | ၂၇-၆-၂၀၂၂ | မွန် | ရေး | ဦးဝင်းစိုးမြင့် | ရစဖမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၃၂ | ၂၃-၇-၂၀၂၂ | မွန် | သထုံ | ဦးလှမင်း | ရစဖမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၃၃ | ၃၁-၇-၂၀၂၂ | မွန် | မုဒုံ | ဦးမန်း | ရစဖမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၃၄ | ၁၉-၅-၂၀၂၂ | မွန် | ရေး | ဦးရွှေဇင် | ရစဖမှူး | မိုင်းစထိမှန် ဒဏ်ရာရရှိ။ | |
| ၂၃၅ | ၄-၆-၂၀၂၂ | မွန် | မော်လမြိုင် | ဦးမြင့်ဇော် | ရစဖမှူး | မိုင်းစထိမှန် သေဆုံး။ | |
| ၂၃၆ | ၁၄-၆-၂၀၂၂ | မွန် | ရေး | ဦးကျော်အောင်<br>ဦးမြင့်မောင် | ရစဖမှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။<br>သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၃၇ | ၂၃-၆-၂၀၂၂ | မွန် | ဘီးလင်း | ဦးအောင်မိုးထွန်း | ရစဖမှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၂၃၈ | ၂၁-၆-၂၀၂၂ | မွန် | သထုံ | ဦးစိုးသိန်း | ရစဖမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၃၉ | ၁၆-၈-၂၀၂၂ | မွန် | ရေး | ဦးကိုကို | ရာအိမ်မှူး | ဓားဒဏ်ရာဖြင့် သေဆုံး။ | |
| ၂၄၀ | ၁၅-၉-၂၀၂၂ | မွန် | ရေး | ဦးမှတ်(ခ)ဦးလှအေး | ရာအိမ်မှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၂၄၁ | ၁၉-၉-၂၀၂၂ | မွန် | ကျိုက်ထို | ဦးချစ်သန်း | ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၄၂ | ၂၄-၉-၂၀၂၂ | မွန် | ရေး | ဦးကျော်သူထွန်း | ရာအိမ်မှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၂၄၃ | ၂၇-၉-၂၀၂၂ | မွန် | သထုံ | ဦးသန်းဆိုင် | ရစဖမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၄၄ | ၈-၁၀-၂၀၂၂ | မွန် | မော်လမြိုင် | ဦးလှဝင်း | ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၄၅ | ၈-၁၀-၂၀၂၂ | မွန် | ချောင်းဆုံ | ဦးရန်နိုင်စိုး | ရာအိမ်မှူး | မိုင်းစထိမှန် ဒဏ်ရာရရှိ။ | |
| ၂၄၆ | ၁၂-၁၀-၂၀၂၂ | မွန် | ချောင်းဆုံ | ဦးဝင်းအောင် | ရစဖမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၄၇ | ၁၈-၁၀-၂၀၂၂ | မွန် | မော်လမြိုင် | ဦးလွင်မိုးဦး | ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၄၈ | ၃၀-၁၀-၂၀၂၂ | မွန် | မော်လမြိုင် | ဦးလှရီ | ရစဖမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၄၉ | ၂-၁၁-၂၀၂၂ | မွန် | ပေါင် | ဦးကရင်(ခ)<br>ဇော်ထိုက် | ရာအိမ်မှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၂၅၀ | ၁၃-၁၁-၂၀၂၂ | မွန် | ပေါင် | ဦးကျော်အောင် | ရစဖမှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၂၅၁ | ၁၆-၁၁-၂၀၂၂ | မွန် | မော်လမြိုင် | ဦးစည်သူစိုး<br>ဦးကိုကိုနိုင် | ဆယ်အိမ်မှူး<br>ဆယ်အိမ်မှူး | တုတ်ဖြင့်ရိုက်၍<br>ဒဏ်ရာရရှိ။ | |
| ၂၅၂ | ၂-၇-၂၀၂၂ | ရခိုင် | သံတွဲ | ဦးမျိုးဦး | ရစဖမှူး | ဓားဒဏ်ရာဖြင့် သေဆုံး။ | |
| ၂၅၃ | ၃-၅-၂၀၂၂ | ရန်ကုန် | သာကေတ | ဦးသက်ပိုင် | ရစဖမှူး | ဓားဒဏ်ရာဖြင့် သေဆုံး။ | |
| ၂၅၄ | ၉-၅-၂၀၂၂ | ရန်ကုန် | လှိုင်သာယာ<br>(အရှေ့ပိုင်း) | ဦးကြည်ဝင်း | ရစဖမှူး | ဓားဒဏ်ရာဖြင့် သေဆုံး။ | |
| ၂၅၅ | ၁၈-၅-၂၀၂၂ | ရန်ကုန် | လမ်းမတော် | ဦးမျိုးလွင် | ရစဖမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၅၆ | ၃-၆-၂၀၂၂ | ရန်ကုန် | ဒေါပုံ | ဦးထွန်းရီ | ရစဖမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၅၇ | ၈-၆-၂၀၂၂ | ရန်ကုန် | တာမွေ | ဒေါ်စိုးစိုးလွင် | ရစဖမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၅၈ | ၁၆-၆-၂၀၂၂ | ရန်ကုန် | လှိုင်သာယာ<br>(အနောက်ပိုင်း) | ဦးလှဦး | ရစဖမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၅၉ | ၆-၇-၂၀၂၂ | ရန်ကုန် | ဒဂုံ(ဆိပ်ကမ်း) | ဦးခင်ဦး | ရစဖမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၆၀ | ၉-၇-၂၀၂၂ | ရန်ကုန် | သုံးခွ | ဦးမျိုးမြင့်အောင် | ရစဖမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၆၁ | ၂-၃-၂၀၂၂ | ရန်ကုန် | ကျောက်တန်း | ဦးသန်းဇော် | အုပ်ချုပ်ရေးမှူး | ဓားဒဏ်ရာရရှိ။ | |
| ၂၆၂ | ၁၂-၃-၂၀၂၂ | ရန်ကုန် | သုံးခွ | ဦးမျိုးမြင့်အောင် | အုပ်ချုပ်ရေးမှူး | ရိုက်နှက်၍ ဒဏ်ရာရရှိ။ | |
| ၂၆၃ | ၂၄-၄-၂၀၂၂ | ရန်ကုန် | တောင်ဥက္ကလာပ | ဦးဇော်မင်းနိုင် | အုပ်ချုပ်ရေးမှူး | မိုင်းစထိမှန် ဒဏ်ရာရရှိ။ | |
| ၂၆၄ | ၂၇-၅-၂၀၂၂ | ရန်ကုန် | တွံတေး | ဦးထွန်းဝင်း | အုပ်ချုပ်ရေးမှူး | ရိုက်နှက်၍ ဒဏ်ရာရရှိ။ | |
| ၂၆၅ | ၁၇-၆-၂၀၂၂ | ရန်ကုန် | စမ်းချောင်း | ဦးအောင်ကျော်မိုး | ရစဖမှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၂၆၆ | ၂၁-၆-၂၀၂၂ | ရန်ကုန် | ဒဂုံ(အရှေ့) | ဦးတင်ထွန်းအောင် | ရစဖမှူး | ရိုက်နှက်၍ ဒဏ်ရာရရှိ။ | |
| ၂၆၇ | ၂၅-၆-၂၀၂၂ | ရန်ကုန် | ကျောက်တန်း | ဦးဗိုက်ကြီး(ခ)<br>သန်းဇော်<br>ဦးမင်းဆွေ | ရစဖမှူး<br>ရာအိမ်မှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၂၆၈ | ၇-၇-၂၀၂၂ | ရန်ကုန် | ဒဂုံမြို့သစ်<br>(အရှေ့) | ဦးခင်မောင်သန်း<br>မောင်ပြည့်ဖြိုးဝေ | ရစဖမှူး<br>ရဲတသ | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၂၆၉ | ၁-၈-၂၀၂၂ | ရန်ကုန် | မရမ်းကုန်း | ဦးညာဏ်လှိုင် | ရစဖမှူး | မိုင်းစထိမှန် ဒဏ်ရာရရှိ။ | |
| ၂၇၀ | ၂၂-၆-၂၀၂၂ | ရန်ကုန် | ကြည့်မြင်တိုင် | ဦးဝေတင့်အောင် | ရစဖရုံးစာရေး | ဓားဒဏ်ရာရရှိ။ | |
| ၂၇၁ | ၂၅-၆-၂၀၂၂ | ရန်ကုန် | ကျောက်တန်း | ဦးဗိုက်ကြီး(ခ)<br>သန်းဇော်<br>ဦးမင်းဆွေ | ရစဖမှူး<br>ရာအိမ်မှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၂၇၂ | ၂၇-၆-၂၀၂၂ | ရန်ကုန် | ဒဂုံ(ရှေ့) | ဦးမျိုးအောင် | ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၇၃ | ၂၈-၆-၂၀၂၂ | ရန်ကုန် | သန်လျင် | ဒေါ်မိ | ရာအိမ်မှူး | မိုင်းစထိမှန် ဒဏ်ရာရရှိ။ | |
| ၂၇၄ | ၃၀-၆-၂၀၂၂ | ရန်ကုန် | အင်းစိန် | ဦးမောင်မောင်မြင့် | ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၇၅ | ၇-၇-၂၀၂၂ | ရန်ကုန် | အလုံ | ဦးအောင်ကြီး(ခ)<br>အောင်အောင် | ရစဖရုံးအကူ | မိုင်းစထိမှန် ဒဏ်ရာရရှိ။ | |
| ၂၇၆ | ၁၄-၈-၂၀၂၂ | ရန်ကုန် | မင်္ဂလာဒုံ | ဦးလှဦး<br>ဦးအောင်မော် | ရာအိမ်မှူး<br>ရာအိမ်မှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၂၇၇ | ၂၆-၈-၂၀၂၂ | ရန်ကုန် | ဒဂုံမြို့သစ်<br>(ဆိပ်ကမ်း) | ဦးမျိုးမြင့်(ခ)ရဲကြီး | ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၇၈ | ၃၀-၈-၂၀၂၂ | ရန်ကုန် | ကျောက်တန်း | ဦးဆွေဦး | ရစဖမှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၂၇၉ | ၂-၉-၂၀၂၂ | ရန်ကုန် | လှိုင် | ဦးဂျူလှိုင်မျိုးမင်းမင်း | ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၈၀ | ၄-၉-၂၀၂၂ | ရန်ကုန် | အင်းစိန် | စိုးမြင့်ငွေး(ခ)အာနိုး | ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၈၁ | ၉-၉-၂၀၂၂ | ရန်ကုန် | တွံတေး | ဦးကျော်လှ | ရစဖမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၈၂ | ၁၁-၉-၂၀၂၂ | ရန်ကုန် | မရမ်းကုန်း | ဦးစိန်သောင်း | ရာအိမ်မှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၂၈၃ | ၁၂-၉-၂၀၂၂ | ရန်ကုန် | ခရမ်း | ဦးတင်အောင် | အုပ်ချုပ်ရေးမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၈၄ | ၁၂-၉-၂၀၂၂ | ရန်ကုန် | ဒဂုံမြို့သစ်<br>ဆိပ်ကမ်း | ဦးမျိုးတင့်နိုင် | ရာအိမ်မှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၂၈၅ | ၁၃-၉-၂၀၂၂ | ရန်ကုန် | ဒဂုံမြို့သစ်<br>မြောက်ပိုင်း | ဦးနိုင်လင်း | ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၈၆ | ၁၆-၉-၂၀၂၂ | ရန်ကုန် | သန်လျင် | ဦးအုန်းလွင် | ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၈၇ | ၁၉-၉-၂၀၂၂ | ရန်ကုန် | အင်းစိန် | ဦးစိုးသိန်း | ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၈၈ | ၂၂-၉-၂၀၂၂ | ရန်ကုန် | တိုက်ကြီး | ဦးသန်းဝင်းဇော် | ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၈၉ | ၂၅-၉-၂၀၂၂ | ရန်ကုန် | ဒဂုံ(တောင်) | ဦးမြထွန်း | ရစဖမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၉၀ | ၂၉-၉-၂၀၂၂ | ရန်ကုန် | သန်လျင် | ဦးရဲတင် | ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၉၁ | ၅-၁၀-၂၀၂၂ | ရန်ကုန် | ရွှေပြည်သာ | ဦးထွန်းလင်းကျော်<br>(ခ) ကျော်ဆံသ | ဆယ်အိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၉၂ | ၆-၁၀-၂၀၂၂ | ရန်ကုန် | ဒဂုံ(တောင်) | ဦးစောသန်း | ရာအိမ်မှူး | မိုင်းစထိမှန် ဒဏ်ရာရရှိ။ | |
| ၂၉၃ | ၈-၁၀-၂၀၂၂ | ရန်ကုန် | ထန်းတပင် | ဦးဝင်းဗိုလ်(ခ)<br>ဝင်းထွဋ် | ရစဖမှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၂၉၄ | ၁၃-၁၀-၂၀၂၂ | ရန်ကုန် | ရွှေပြည်သာ | ဦးထွန်းထွန်းမြင့် | ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၉၅ | ၁၅-၁၀-၂၀၂၂ | ရန်ကုန် | အင်းစိန် | ဦးမျိုးမြင့် | ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၉၆ | ၁၈-၁၀-၂၀၂၂ | ရန်ကုန် | တွံတေး | ဦးစိုးဝင်း | ရစဖမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၉၇ | ၁၈-၁၀-၂၀၂၂ | ရန်ကုန် | တွံတေး | ဦးမောင်တူ(ခ)<br>လှတင် | ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၉၈ | ၁၉-၁၀-၂၀၂၂ | ရန်ကုန် | ဒေါပုံ | ဦးကျော်စိန် | ရစဖမှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၂၉၉ | ၂၆-၁၀-၂၀၂၂ | ရန်ကုန် | မင်္ဂလာဒုံ | ဦးဝေလင်းအောင် | ကျေးရွာရစဖမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၃၀၀ | ၂၆-၁၀-၂၀၂၂ | ရန်ကုန် | သဃ်န်းကျွန်း | ဦးမျိုးဝင်းညွန့် | ရာအိမ်မှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၃၀၁ | ၂၆-၁၀-၂၀၂၂ | ရန်ကုန် | လှိုင်သာယာ(နောက်) | ဦးဘိုနီ | ရာအိမ်မှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၃၀၂ | ၂၈-၁၀-၂၀၂၂ | ရန်ကုန် | မင်္ဂလာဒုံ | ဦးဖိုးချို | ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၃၀၃ | ၁-၁၁-၂၀၂၂ | ရန်ကုန် | ကြည့်မြင်တိုင် | ဒေါ်နှင်းနှင်းလှိုင် | ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၃၀၄ | ၁-၁၁-၂၀၂၂ | ရန်ကုန် | သာကေတ | ဦးအောင်ကြီး(ခ)<br>အောင်အောင်လွင် | ဆယ်အိမ်မှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၃၀၅ | ၄-၁၁-၂၀၂၂ | ရန်ကုန် | တွံတေး | ဦးချစ်ဝင်း<br>ဦးစိန်ကြိုင် | ရစဖမှူး<br>ရာအိမ်မှူး | ဓားဒဏ်ရာရရှိ။ | |
| ၃၀၆ | ၇-၁၁-၂၀၂၂ | ရန်ကုန် | မရမ်းကုန်း | ဦးကျော်စိုးဝင်း | ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၃၀၇ | ၁၀-၁၁-၂၀၂၂ | ရန်ကုန် | ဒဂုံမြို့သစ်<br>(ဆိပ်ကမ်း) | ဦးသိန်းဇော်<br>ဦးသိန်းဖုံ<br>ဦးသန်းမြင့် | ရစဖမှူး<br>ရာအိမ်မှူး<br>ရာအိမ်မှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၃၀၈ | ၁၃-၁၁-၂၀၂၂ | ရန်ကုန် | ရွှေပြည်သာ | ဦးစိန်မြင့် | ရာအိမ်မှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၃၀၉ | ၁၃-၁၁-၂၀၂၂ | ရန်ကုန် | လှိုင်သာယာ<br>(အရှေ့ပိုင်း) | ဦးသောင်းလှိုင်စိုး(ခ)<br>ကိုထက် | ရစဖမှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၃၁၀ | ၁၃-၁၁-၂၀၂၂ | ရန်ကုန် | လှိုင်သာယာ<br>(အနောက်ပိုင်း) | ဦးတင်စိုး | ရာအိမ်မှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၃၁၁ | ၁၄-၁၁-၂၀၂၂ | ရန်ကုန် | ရွှေပြည်သာ | ဦးကျော်သောင်း | ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၃၁၂ | ၁၅-၁၁-၂၀၂၂ | ရန်ကုန် | မင်္ဂလာဒုံ | ဒေါ်အောင်နန္ဒာဝင်း<br>(ခ) ဒေါ်အောင်နိုင်<br>နိုင်ဝင်း(ခ) ဒေါ်ပူစူး | ရာအိမ်မှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၃၁၃ | ၂၇-၄-၂၀၂၂ | ရှမ်း | ဖယ်ခုံ | ဦးထွန်းပေါ် | အုပ်ချုပ်ရေးမှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၃၁၄ | ၁၉-၆-၂၀၂၂ | ရှမ်း | သိန္နီ | ဦးစိုင်းရွှေဘ | ရစဖမှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၃၁၅ | ၂၅-၉-၂၀၂၂ | ရှမ်း | မဘိမ်း | ဦးမြင့်ဦး | ဆယ်အိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၃၁၆ | ၉-၅-၂၀၂၂ | ဧရာဝတီ | ကြံခင်း | ဦးမောင်မောင်ဦး | ရစဖမှူး | ရိုက်နှက်၍ ဒဏ်ရာရရှိ။ | |
| ၃၁၇ | ၁၄-၃-၂၀၂၂ | ဧရာဝတီ | မြန်အောင် | ဦးသက်စိုးအောင် | အုပ်ချုပ်ရေးမှူး | ရိုက်နှက်၍ ဒဏ်ရာရရှိ။ | |
| ၃၁၈ | ၂-၅-၂၀၂၂ | ဧရာဝတီ | ညောင်တုန်း | ဦးအောင်မြဦး | အုပ်ချုပ်ရေးမှူး | ဓားဒဏ်ရာရရှိ။ | |
| ၃၁၉ | ၂၉-၆-၂၀၂၂ | ဧရာဝတီ | ကျိုက်လတ် | ဦးကျော်ဆန်း<br>ဦးမျိုးညွန့်<br>ဦးဇော်မျိုးဦး<br>မမျိုးမျိုးအေး<br>မောင်မျိုးခိုင် | ရစဖမှူး<br>ရာအိမ်မှူး<br>ရာအိမ်မှူး<br>ကျန်းမာရေး<br>ဝန်ထမ်း<br>ဆိုင်ကယ် ကယ်ရီ | မိုင်းစထိမှန် ဒဏ်ရာရရှိ။ | |
| ၃၂၀ | ၂၃-၈-၂၀၂၂ | ဧရာဝတီ | လပွတ္တာ | ဦးမြင့်အေး<br>ဒေါ်မိုးမိုး<br>မောင်ချစ်ညီညီ | ရာအိမ်မှူး<br>(ဇနီး)<br>(သား) | ဓားဒဏ်ရာရရှိ။<br>ဓားဒဏ်ရာဖြင့် သေဆုံး။<br>ဓားဒဏ်ရာဖြင့် သေဆုံး။ | |
| ၃၂၁ | ၂၂-၁၀-၂၀၂၂ | ဧရာဝတီ | မအူပင် | မောင်ဦး(ခ)<br>ခင်မောင်ဦး | ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၃၂၂ | ၂၅-၁၀-၂၀၂၂ | ဧရာဝတီ | ပုသိမ် | ဦးကျော်ငွေ(ခ)<br>ကျော်ကြီး | ရစဖမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၃-၁၁-၂၀၂၁ အင်္ဂါနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ရတနသုတ်၊မောရသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ကိုဗစ်နှင့်ရေအာဟာရ
**၀၉:၁၅** ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** တောပြာကြီးကျေးရွာမှ ပလေဝီးတိုင်းရင်းသားတို့ရဲ့ဘဝများ
**၁၃:၀၀** အကွေ့နှင့်အရွေ့သမိုင်းဖြစ်ရပ်မှန် (အပိုင်း-၄)
**၁၃:၃၅** MRTV National News
**၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ **'မြန်မာစာဘာသာရပ်'**
**၁၅:၃၅** ရုပ်မြင်သံကြားဇာတ်လမ်း **'လက်တစ်ကမ်း'**
**၁၆:၃၅** ရွှေပြည်အမရသာပေစွ
**၁၇:၃၅** မြန်မာနိုင်ငံ၏မြို့တော်နေပြည်တော် (အပိုင်း-၁)
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'မာယာမျက်နှာဖုံး'** (အပိုင်း-၁၆)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** အကွေ့နှင့်အရွေ့သမိုင်းဖြစ်ရပ်မှန် (အပိုင်း-၅)
**၂၁:၄၀** သံစဉ်ချိုမြမြန်မာတေးအလှ
**၂၂:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'မတူညီသောမေတ္တာများ'** (အပိုင်း-၁၂)

**သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်**

MRTV Online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

**07:01** News
**07:26** Global Partnership for Brighter Future: Lithuania Pavilion at Expo 2020 Dubai
**07:35** Evergreen Classic: Zambudipar (Shwe Yee Win)
**07:41** TUK TUK In Myanmar (Pyin Oo Lwin)
**08:01** An Aficionado of Alluring Antiques
**08:33** Myanmar's Beauty and Nature "Beach"
**09:01** Kyeik Paw Law Pagoda
**09:10** The Recycle Art: Tyre
**09:26** Dances of Myanmar "Gaybar Kayin Traditional Dance"
**09:30** Myanmar Traditional Instruments (MYANMA OBOE)
**10:01** Myanmar Masterclass: Artist Win Pe Myint
**10:14** Mobile House
**10:25** Myanma Thanakha

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ကယားတိုင်းရင်းသားယဉ်ကျေးမှုနှင့်ကေးလျားရွာ

**ဝကော်ကရင် (၀၈:၀၀ မှ ၀၉:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၃)

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
သာယာလှပသဲဖြူကျွန်းအလှ

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ရေကညွတ်ဟင်း

**ချင်း (လိုင်ဇို) (၁၁:၀၀ မှ ၁၂:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည်အမိမြန်မာပြည်(အပိုင်း-၂)

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ချင်းရိုးရာခေါင်

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
သွားလည်ကြမယ် ဇင်းကျိုက်ရေတံခွန်ဆီ

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ရေခူသုပ်

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
လှပဆင်ယင်ခမ်းတီးအဆင်

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ဝညီနောင်တို့ရဲ့သီးခြားကမ္ဘာလေးဆီသို့ (အပိုင်း-၂)

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
မြန်မာ့မြေမှ စိုက်ပျိုးစီးပွားလူမှုဘဝများ

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက် သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၈)
**၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ဖြူစင်သောစိတ်ထား'**
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၈)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS' ကို နေ့စဉ်နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

---


## အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနား

“အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ဖို့ ယခုပင်ဆောင်ရွက်စို့”

"Orange the world: End violence against women now!"

၂၅-၁၁-၂၀၂၁ နေပြည်တော်


# ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ငွေကျပ်သိန်း ၄၀ တန်ဖိုးရှိ လူနာခုတင်လှူဒါန်း

**ကျောင်းကုန်း နိုဝင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ငွေကျပ်သိန်း ၄၀ တန်ဖိုးရှိ ဆေးရုံသုံး လူနာခုတင် လှူဒါန်းမှုကို ယနေ့မွန်းလွဲပိုင်းက အလှူရှင် ဒေါ်သိန်းမြင့် (သီတာဦး) အိမ်၌ ပြုလုပ်သည်။

ကွယ်လွန်သူ ကိုသန်းနိုင် လေးလပြည့် အထိမ်းအမှတ်အနေဖြင့် မြို့နယ်ပြည်သူ့ဆေးရုံသို့ ငွေကျပ်သိန်း ၄၀ တန်ဖိုးရှိ ဆေးရုံသုံးလူနာခုတင်ကို အလှူရှင်ဒေါ်သိန်းမြင့်နှင့် ကိုသန်းနိုင်၏ဇနီး မသင်းသင်းချို (သီတာဦး) မိသားစုတို့က လှူဒါန်းရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးနိုင်နှင့် သူနာပြုဆရာမများက လက်ခံယူသည်။

၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၅ ရက်ကလည်း ကျောင်းကုန်းမြို့နယ်ပြည်သူ့လူထုအတွက် အရေးပေါ်ကယ်ဆယ်ရေး လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် အရေးပေါ် လူနာတင်ယာဉ်တစ်စီးကိုလည်း သီတာဦးမိသားစုက လှူဒါန်းကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

---

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၂ - ၁၁ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၈၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၈၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၈၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၈၀၀၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၃၀၅/၁၃၄၅ ကျပ် | ၁၃၃၀/၁၃၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၃၁၅/၁၃၆၅ ကျပ် | ၁၃၄၅/၁၄၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၃၅၀/၁၃၈၅ ကျပ် | ၁၄၀၀/၁၄၅၇ ကျပ် |
| အောက်တိန်း ၉၅ | ၁၄၀၀/၁၄၃၅ ကျပ် | ၁၅၁၀/၁၅၄၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၁ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၀၄ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၀၅ . ၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၉၉၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၅၇ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၅ . ၀၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၈ . ၆၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၈၆၈ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၇၀၀ | ၁၄၃၄ | ၁၂၄၇၅၈၀၀ |
| MTSH | ၃၃၀၀ | ၃၂၀၀ | ၁၁၁၄ | ၃၅၆၅၂၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၁၃ | ၂၆၀၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁၀၀ | ၁၂၇၅၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

---


**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီမွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# လာရောက်စေချင် ချောင်းသာ၊ ငွေဆောင်ကမ်းခြေအပန်းဖြေခရီးစဉ်

**ဇော်လင်းထွန်း (ဟိုတယ်/ခရီး)**

ဧရာဝတီတိုင်းဒေသကြီးကို မြန်မာနိုင်ငံ၏ စပါးကျီအဖြစ် တင်စားခေါ်ဝေါ်ပြီး ဆန်စပါးကိုသာမက မြစ်၊ ချောင်း၊ အင်း၊ အိုင်များပေါများခြင်း၊ ကမ်းရိုးတန်းဒေသတစ်ခုဖြစ်ခြင်းတို့ကြောင့် ရေချို၊ ရေငန် ထွက် စားသောက်ကုန်များကို ထုတ်လုပ်ပေးနေသော တိုင်းဒေသကြီးတစ်ခု ဖြစ်ပါသည်။ အခြားတစ်ဖက်တွင်လည်း မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးကဏ္ဍတစ်ခုဖြစ်သည့် ခရီးသွားလုပ်ငန်းတွင် ကမ္ဘာသိ ချောင်းသာ၊ ငွေဆောင်စသောကမ်းခြေဒေသခရီးစဉ်များတည်ရှိရာ သယံဇာတပေါများသော ဒေသတစ်ခု ဖြစ်ပါသည်။

**မော်တော်ကားလေးစီးကာရယ်**
**လည်လည်သွားကြမယ်**

ချောင်းသာကမ်းခြေနှင့် ငွေဆောင်ကမ်းခြေတို့သို့ သွားရောက်လည်ပတ် အပန်းဖြေမည်ဆိုပါက ပုသိမ်မြို့မှတစ်ဆင့် သွားရောက်နိုင်သည်။ ရန်ကုန်မြို့နှင့် ပုသိမ်မြို့သည် ၁၀၉ မိုင်ခန့် ကွာဝေးပြီး ပုသိမ်မြို့နှင့် ချောင်းသာကမ်းခြေသည် ၃၅ မိုင်၊ ပုသိမ်မြို့နှင့် ငွေဆောင်ကမ်းခြေသည် ၂၄ မိုင် ၄ ဖာလုံခန့် ကွာဝေးသဖြင့် မည်သည့်ကမ်းခြေသို့ လာရောက်လည်ပတ်ချင်သည်ဖြစ်စေ ရန်ကုန်မြို့မှ အချိန် ငါးနာရီခန့်ပေးလျှင် ရောက်ရှိနိုင်သည်။

**လမ်းခရီးဝယ် စားကြမယ်**

ရန်ကုန်-ပုသိမ်-ချောင်းသာ/ရန်ကုန်-ပုသိမ်-ငွေဆောင် ခရီးစဉ်များအတွင်း ထန်းတပင်၊ ညောင်တုန်း၊ ပန်းတနော်၊ ကျောင်းကုန်း၊ ကန်ကြီးထောင့်၊ ပုသိမ်၊ ရှောပြာနှင့် ကားလမ်းဘေးတစ်လျှောက်ရှိအဆင့်မြင့်ထမင်းဆိုင်၊ စားသောက်ဆိုင်များတွင် မိမိတို့ကြိုက်နှစ်သက်ရာ အစားအစာအမျိုးမျိုးနှင့် ဒေသထွက်အစားအစာများကို ဝင်ရောက်စားသောက် အပန်းဖြေနားနေနိုင်ပြီး ကျန်းမာရေးကိစ္စများအတွက် အဆင့်မီသန့်စင်ခန်းများကိုလည်းအသုံးပြုနိုင်သည်။



ကျောက်ပုထိုးစေတီနှင့် ချောင်းသာကမ်းခြေအလှကို မြင်တွေ့ရစဉ်။

**ချောင်းသာကမ်းခြေ**

ပုသိမ်မြို့၏အနောက်ဘက် ၂၅ မိုင်ခန့်အကွာတွင်တည်ရှိပြီး ၁၉၈၂ ခုနှစ်မှစတင်ကာ အပန်းဖြေကမ်းခြေဒေသတစ်ခုအဖြစ် ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။ ကမ်းခြေအရှည် ၁ ဒသမ ၅ မိုင်ခန့်ရှည်လျားသော လှပသည့်ဒေသတစ်ခုဖြစ်သည်။ ချောင်းသာမှ ဆက်စပ်လည်ပတ်နိုင်သော ခရီးစဉ်ဒေသများအဖြစ် အရှေ့ဘက်တွင် ဥတိုချောင်းဆင်စခန်း၊ အနောက်ဘက်တွင် သဲဖြူကျွန်း၊ တောင်ဘက်တွင် အောင်မင်္ဂလာကျွန်း၊ မြောက်ဘက်တွင် ကျောက်မောင်နှမကမ်းခြေ၊ ရွှေသောင်ယံကမ်းခြေနှင့် ဝက်သေ၊ ပင်လယ်ချိုင်တို့ ဝန်းရံတည်ရှိနေသည်။

**ငွေဆောင်ကမ်းခြေ**

ပုသိမ်မြို့မှ ၂၄ မိုင် ၄ ဖာလုံခန့်အကွာတွင်တည်ရှိပြီး ၂၀၀၀ ပြည့်နှစ်မှစတင်ကာ အပန်းဖြေကမ်းခြေဒေသတစ်ခုအဖြစ် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ ကမ်းခြေအရှည် ၉ မိုင်ခန့်ရှည်လျားသည့် လှပသောကမ်းခြေတစ်ခုဖြစ်သည်။ ပြည်ပဧည့်သည်များ အထူးနှစ်ခြိုက်စွာ လာရောက်လည်ပတ်ကြသည်။ ငွေဆောင်ကမ်းခြေ၏ အရှေ့ဘက်တွင် ဆင်စခန်း၊ အနောက်ဘက်တွင် ငှက်တောင်မြောက်ကျွန်း၊ တောင်ဘက်တွင် ဆင်မတံငါကျေးရွာနှင့် ဂေါ်ရန်ဂျီကျွန်း၊ မြောက်ဘက်တွင် သဇင်ကျေးရွာ၊ မြွေကျွန်းနှင့် ချောင်းသာကမ်းခြေတို့သို့လည်း ဆက်စပ်လည်ပတ်နိုင်သေးသည်။

**စိတ်ချမ်းမြေ့စွာ တည်းခိုစရာ**

ကမ်းခြေများသည် သာယာလှပ စိတ်ချမ်းမြေ့ဖွယ်ကောင်းလှသည်။ ထို့ကြောင့်လည်း ပြည်တွင်း၊ ပြည်ပဧည့်သည်များ နှစ်စဉ် တိုးတက်ဝင်ရောက်လာကြသည်။အကျိုးဆက်အနေဖြင့် ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်းများတွင် ရင်းနှီးလုပ်ကိုင်လိုသူများကလည်းတိုးတက် ဆောင်ရွက်လာခဲ့ကြရာ ယခုအခါချောင်းသာကမ်းခြေတွင် အဆင့်မီဟိုတယ်/တည်းခိုရိပ်သာ စုစုပေါင်း ၃၃ လုံး၊ အခန်းပေါင်း ၁၇၁၆ ခန်း၊ ငွေဆောင်ကမ်းခြေတွင် ဟိုတယ်/တည်းခိုရိပ်သာစုစုပေါင်း ၃၅ လုံး၊ အခန်းပေါင်း ၁၆၂၀ ခန်းဖြင့် သင်တန်းဆင်းဝန်ထမ်းများကို ခန့်အပ်ထားရှိကာ ဝန်ဆောင်မှုပေးနေကြသည်။ ဧည့်သည်များအနေဖြင့် တည်းခိုနေထိုင်စဉ်အတွင်း ဟိုတယ်၊ တည်းခိုရိပ်သာများမှ အစားအစာများကို မှာယူသုံးဆောင်နိုင်သကဲ့သို့ ပြင်ပစားသောက်ဆိုင်များတွင်လည်း သွားရောက်သုံးဆောင်နိုင်ကြသည်။ ထို့အပြင် ကမ်းခြေတွင် လာရောက်ရောင်းချကြသော ဈေးသည်များထံမှ လတ်ဆတ်သော ပင်လယ်စာအမျိုးမျိုးကို ရွေးချယ်ဝယ်ယူကာ ချက်ပြုတ်စေပြီး မှာယူစားသောက်နိုင်သေးသည်။ သတိပြုရန်မှာ အများပြည်သူ ကာလရက်ရှည်ရုံးပိတ်ရက်များ၊ ပွဲတော်ရက်များတွင်ဧည့်သည်များပြားသဖြင့် လာရောက်လည်ပတ်လိုကြသော ဧည့်သည်များအနေဖြင့် ကြိုတင်အခန်းမှာကြားထားခြင်းဖြင့် တည်းခိုနေထိုင်ရေး စိတ်အေးရမည်ဖြစ်သည်။

**ကမ်းခြေမှာ ပျော်ရွှင်စရာ**

ပင်လယ်ကမ်းခြေသို့ လာရောက်အပန်းဖြေသူဧည့်သည်များအနေဖြင့် ပင်လယ်လေကိုရှူရှိုက်ခြင်း၊ ရေကူးခြင်း၊ စက်ဘီးစီးခြင်းများအပြင် Family Karaoke တွင် မိသားစုတေးသီချင်းများ သီဆိုခြင်း၊ Spa များတွင်အနားယူခြင်း၊ စားသောက်ဆိုင်များရှိ စင်တင်ဂီတဖျော်ဖြေပွဲများတွင် သွားရောက်အပန်းဖြေခြင်း၊ ရေလွှာလျှောစီးခြင်း၊ ကလေးကစားကွင်းတွင် မိမိတို့ကလေးငယ်များအား ဆော့ကစားစေခြင်း၊ Mini Golf၊ Billiards၊ Tennis ကစားခြင်း၊ အပျော်စီးသင်္ဘောစီးခြင်း၊ Jet Ski စီးခြင်း၊ Speed Boat စီးခြင်း၊ Scuba Diving၊ အပျော်တမ်းငါးမျှားခြင်းများကိုလည်း ပြုလုပ်နိုင်ပါသေးသည်။

**အိမ်ပြန်လက်ဆောင် ဝယ်ရအောင်**

အပန်းဖြေခရီးစဉ်ပြီး၍ မိမိတို့ဒေသများသို့ ပြန်ကြသော တချို့သောဧည့်သည်များသည် လတ်ဆတ်ပြီးဈေးချိုသော ပင်လယ်စာ ငါး၊ ပုစွန်၊ ကဏန်းစသည်များကို ရေခဲပုံးများနှင့် ဝယ်ယူသွားကြသကဲ့သို့ ဓာတုဆေးဝါးများကို လုံးဝအသုံးပြုခြင်းမရှိဘဲ ထုတ်လုပ်ထားသည့် ငါးပိရည်ကျို၊ ငါးပိစိမ်းစား၊ ပုစွန်ခြောက်၊ ငါးခြောက်၊ ပုစွန်ချဉ်၊ ငါးချဉ်၊ ပုသိမ်ဟာလဝါ၊ သရက်တောထိုးမုန့်များကိုလည်း ဝယ်ယူသွားကြသည်။ ထို့အပြင် ပင်လယ်ထွက် ခရုနှင့်အုန်းသီးများကို အခြေခံပြုလုပ်ထားသည့် လက်မှုအလှဆင်ပစ္စည်းများကို လည်းကောင်း၊ အိမ်သုံးပစ္စည်းများဖြစ်သည့် သင်ဖြူးဖျာ၊ ကြိမ်ခုံနှင့် ကြိမ်ကုလားထိုင်အမျိုးမျိုးကိုလည်း အိမ်ပြန်လက်ဆောင်အဖြစ် အမှတ်တရဝယ်ယူသွားနိုင်ပါသည်။

**ဘေးအန္တရာယ်ကင်းရေးအား စီမံဆောင်ရွက်ထား**

ကမ်းခြေများသို့ လာရောက် အပန်းဖြေလည်ပတ်ကြသော ပြည်တွင်း၊ ပြည်ပဧည့်သည်များ ဘေးအန္တရာယ်ကင်းစေရေးအတွက် Safety Water Line အမှတ်အသားများထားရှိပေးခြင်း၊ ရေပြင်အသက်ကယ်အဖွဲ့များဖြင့် အဆင်သင့်စောင့်ရှောက်ပေးခြင်း၊ Bay Watch ပင်လယ်ပြင်စောင့်ကြည့်သူများ ထားရှိပေးခြင်းများနှင့်အတူ ပင်လယ်ရေဆွဲရှိသောနေရာများ၊ အန္တရာယ်ရှိသောနေရာများတွင် ရေကူးခြင်းမပြုရန် မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် သတိပေးဆိုင်းဘုတ်များ၊ အပြည်ပြည်ဆိုင်ရာ သတိပေးအမှတ်အသားများဖြင့် လိုအပ်သလိုအသိပေးထားပါသည်။ လုံခြုံရေးအတွက် ခရီးသွားများလာရောက်မှု များပြားချိန်တွင် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကမ္ဘာလှည့်ရဲတပ်ဖွဲ့ စသည့်ဌာနများမှ စုပေါင်းအဖွဲ့ဖြင့် ကင်းလှည့်စောင့်ရှောက်ပေးလျက်လည်းရှိသည်။

**ကမ်းခြေသန့်ရှင်းသာယာမှု**
**အထူးအလေးထားဂရုပြု**

စစ်တမ်းတစ်ခုအရ ကမ်းခြေဒေသများသို့ လာရောက်လည်ပတ်ကြသော ဧည့်သည်များသည် သန့်ရှင်းသောလေကို ရှူရှိုက်ရန်အတွက် ၂၆ ဒသမ ၅၃ ရာခိုင်နှုန်း၊ ရေကူးရန်အတွက် ၁၈ ဒသမ ၃၇ ရာခိုင်နှုန်း၊ သဘာဝတရားနှင့် တောလေ့ကိုလေ့လာလိုသူ ၁၅ ဒသမ ၆၅ ရာခိုင်နှုန်း၊ သဲသောင်ပြင်တွင် အေးဆေးစွာလမ်းလျှောက်လိုသူ ၁၅ ဒသမ ၆၅ ရာခိုင်နှုန်း၊ မိမိတို့ကလေးများကိုလွတ်လပ်စွာ ဆော့ကစားစေလိုသူ ၉ ဒသမ ၅၂ ရာခိုင်နှုန်း၊ လှပသောရှုခင်းရှုကွက်များကို ကြည့်ရှုခံစားလိုသူ ၆ ဒသမ ၁၂ ရာခိုင်နှုန်း၊ ပင်လယ်အခြေပြု ရေပေါ်အားကစားများပြုလုပ်လိုသူ ၆ ဒသမ ၁၂ ရာခိုင်နှုန်း၊ နေပူစာလှုံချင်သူ ၂ ဒသမ ၀၄ ရာခိုင်နှုန်းတို့ဖြစ်ကြောင်း တွေ့ရှိရသည်။

အဆိုပါရည်ရွယ်ချက်များသည် အမျိုးမျိုးကွဲပြားကြသော်လည်း တူညီသောအချက်တစ်ခုမှာ ပင်လယ်ပြင်နှင့် ကမ်းခြေသန့်ရှင်းမှုရှိရေးပင်ဖြစ်သည်။ သန့်ရှင်းမှုမရှိပါက ဧည့်သည်များ၏ ရည်ရွယ်ချက်များ အားလုံးပျက်စီးရမည်သာဖြစ်ပါသည်။

ထို့ကြောင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် "ကမ်းခြေဒေသရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုက်နာဆောင်ရွက်ရန် အမိန့်(၂/၂၀၁၅)"ကို ထုတ်ပြန်ထားရှိခဲ့ပြီး ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေးအတွက် ၂၀၁၈ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့တွင် "အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၈)"ဖြင့် ပြင်ဆင်ထုတ်ပြန် ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများကလည်း နှစ်စဉ်ဒေသန္တရအမိန့်ကို ထုတ်ပြန်ကာ ကမ်းခြေသာယာရေးကို ထိန်းသိမ်းဆောင်ရွက်ပေးနေသည်။

*စာမျက်နှာ ၂၁ သို့*

> ❐ **ငွေဆောင်ကမ်းခြေ၏ အရှေ့ဘက်တွင် ဆင်စခန်း၊ အနောက်ဘက်တွင် ငှက်တောင်မြောက်ကျွန်း၊ တောင်ဘက်တွင် ဆင်မတံငါကျေးရွာနှင့် ဂေါ်ရန်ဂျီကျွန်း၊ မြောက်ဘက်တွင် သဇင်ကျေးရွာ၊ မြွေကျွန်းနှင့် ချောင်းသာကမ်းခြေတို့သို့လည်း ဆက်စပ်လည်ပတ်နိုင်**
>
> ❐ **ကမ်းခြေတွင် လာရောက်ရောင်းချကြသော ဈေးသည်များထံမှ လတ်ဆတ်သော ပင်လယ်စာအမျိုးမျိုးကို ရွေးချယ်ဝယ်ယူကာ ချက်ပြုတ်စေပြီး မှာယူစားသောက်နိုင်**

## တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲစတင်

**ထားဝယ် နိုဝင်ဘာ ၂၂**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကိုယနေ့ နံနက် ၉ နာရီက ထားဝယ်မြို့ ရွှေဝယ်သီရိ အားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်း ပြိုင်ပွဲသည် ၂၀၂၂ ခုနှစ် ဇွန်လအတွင်း နေပြည်တော်၌ ကျင်းပပြုလုပ်မည့် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို သွားရောက် ယှဉ်ပြိုင်ရန်အတွက် တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားပြု လက်ရွေးစင်အားကစားသမားများ ရွေးထုတ်နိုင်ရန်ပြုလုပ်ခြင်း ဖြစ်ကြောင်း၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းအားကစား အဆင့်အတန်း တိုးတက်မြင့်မားလာရေးအတွက် ရည်ရွယ်ကျင်းပသော ပြိုင်ပွဲတစ်ခုလည်း ဖြစ်ကြောင်း၊ ပိုက်ကျော်ခြင်းအားကစားသမားများအနေဖြင့် အရည်အချင်းပြည့်ဝသော တိုင်းဂုဏ်ဆောင် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများဖြစ်အောင် ကြိုးစားယှဉ်ပြိုင် ကစားကြရန်လိုကြောင်း ပြောကြားသည်။



ထို့နောက် ဖွင့်ပွဲနေ့ ပထမပွဲစဉ်အဖြစ် အမျိုးသား မြိတ်အသင်းနှင့် လောင်းလုံးအသင်းတို့ ယှဉ်ပြိုင်ရာ မြိတ်အသင်းက အနိုင်ရရှိသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား ၁၀ သင်း၊ အမျိုးသမီး ရှစ်သင်း ပါဝင်ယှဉ်ပြိုင်ပြီး နိုဝင်ဘာ ၂၆ ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## သုံးခွမြို့ ဘိုးဘွားရိပ်သာသို့ ငွေကျပ်သိန်း ၂၀၀ လှူဒါန်း

**သုံးခွ နိုဝင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် သိုက်တူးကန်ကျေးရွာအုပ်စု (ရဲနွဲ့တာ) အနီးသုံးခွ-သန်လျင်ကားလမ်းမဘေး ဧရိယာ ၄ ဒသမ ၉၄ တွင် ဘိုးဘွားရိပ်သာတည်ဆောက်လျက်ရှိရာ စေတနာအလှူရှင်များက အလှူငွေများ လှူဒါန်းလျက်ရှိသည်။

**ပေးအပ်လှူဒါန်း**

ထိုသို့လှူဒါန်းရာတွင် နိုဝင်ဘာ၂၁ ရက်က ဦးအောင်ကျော် ဓမ္မသုခ ပရဟိတမိသားစု ရေကျော်၊ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့က ၎င်းနေအိမ်၌ ငွေကျပ်သိန်း၂၀၀ ကို ဘိုးဘွားရိပ်သာ တည်ဆောက်ရေးအဖွဲ့ထံ လှူဒါန်းရာ ဘိုးဘွားရိပ်သာတည်ဆောက်ရေး၊ အကျိုးတော်ဆောင်အဖွဲ့၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ငွေစာရင်းထိန်းသိမ်းရေးအဖွဲ့မှ ဦးကြည်လှနှင့်အဖွဲ့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**မတည်လှူဒါန်း**

ယခုလှူဒါန်းလိုက်သော ငွေကျပ်သိန်း၂၀၀ သည် ဘိုးဘွားရိပ်သာအတွင်း ဘိုးဘွားများထားရှိသည့်အချိန်တွင် ဘိုးဘွားများ စားဝတ်နေရေး၊ ကျန်းမာရေးကိစ္စများတွင် အသုံးပြုရန်အတွက် ငွေပဒေသာပင်အတွက် ကနဦး မတည်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

## ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အသက် ၂၅ နှစ်အောက် အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ကျင်းပ

**ပုသိမ် နိုဝင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားခန်းမ၌ နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အသက် ၂၅ နှစ်အောက် အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက တိုင်းဒေသကြီးကိုယ်စားပြု ထူးချွန်ထက်မြက်သော ဘော်လီဘော အားကစားသမားကောင်းများ ပေါ်ထွက်လာပြီး တိုင်းဒေသကြီး ဂုဏ်ကိုဆောင်ကာ နိုင်ငံတော်အတွက်ကိုပါ ဂုဏ်ဆောင် အားကစားသမားများဖြစ်အောင် ကြိုးစားလေ့ကျင့် ယှဉ်ပြိုင်ကစားသွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုင်းဒေသကြီး လက်ရွေးစင်ဟောင်းများမှ သရုပ်ပြ ကစားခြင်း၊ ပြိုင်ပွဲဝင်အမျိုးသားအသင်းများဖြစ်သော ပုသိမ်ခရိုင်အသင်းနှင့် လပွတ္တာခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားခြင်းတို့ကို ကြည့်ရှုအားပေးခဲ့ကြသည်။ အဆိုပါပြိုင်ပွဲများကို နိုဝင်ဘာ ၂၀ ရက်မှ ၂၄ ရက်အထိ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



*စာမျက်နှာ ၂၀ မှ*

ထို့အပြင် "ကမ်းခြေစည်းကမ်းထိန်းသိမ်းရေးနှင့်လုံခြုံရေးအဖွဲ့"များကို ဌာနဆိုင်ရာများ၊ ဟိုတယ်ဇုန်တာဝန်ရှိသူများ၊ ဒေသခံများနှင့် ပူးပေါင်းဖွဲ့စည်းကာ အဆိုင်းများခွဲ၍ ကွင်းဆင်းစောင့်ရှောက်ပေးနေပါသည်။

**ခရီးလည်းသွား အပန်းလည်းဖြေ**
**ကိုဗစ်-၁၉ ကိုလည်း ကာကွယ်မယ်လေ**

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ လိုင်စင်ရယူထားသော ဟိုတယ်၊ တည်းခိုရိပ်သာများမှ တင်ပြလာသောဝန်ထမ်းစုစုပေါင်း ၂၆၄၅ ဦးကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပြည့်အဝထိုးနှံပြီးဖြစ်ပါသည်။ ထို့အပြင် ဟိုတယ်၊ တည်းခိုရိပ်သာဝန်ထမ်းများအား ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ အသိပညာပေးသင်တန်းများကို ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့်လည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပေါင်းစပ်၍ (Outsourcing)စနစ်ဖြင့်လည်းကောင်း ပို့ချပေးလျက်ရှိပါသည်။

ဟိုတယ်၊ တည်းခိုခန်းများကိုလည်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော "ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့်လမ်းညွှန်ချက် (Version 2.0)"နှင့်အညီ ဆောင်ရွက်ထားခြင်း ရှိ မရှိ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးကာ သတ်မှတ်ချက်နှင့် ညီညွတ်မှုရှိသည့် ဟိုတယ်၊ တည်းခိုရိပ်သာများကိုသာ လုပ်ငန်းဆောင်ရွက်ခွင့်ပြုပေးနေခြင်းဖြစ်သည်။ ထပ်မံ၍လည်း အသစ်ထုတ်ပြန်ထားသော "ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက်(Version 3.0)"နှင့် ညီညွတ်စေရေး စစ်ဆေးသွားရန် ဆောင်ရွက်နေပါသည်။



ငွေဆောင်ကမ်းခြေအလှကို မြင်တွေ့ရစဉ်။

အိမ်ရှင်ဘက်မှ အတတ်နိုင်ဆုံးဘေးအန္တရာယ်ကင်းရှင်းရေးကို ဆောင်ရွက်ပေးနေသကဲ့သို့ ဧည့်သည်များဘက်ကလည်း ကျန်းမာရေးဝန်ကြီးဌာနကထုတ်ပြန်ထားသော ကိုဗစ်-၁၉ ဆိုင်ရာ လိုက်နာဖွယ်များကို အပြည့်အဝလိုက်နာခြင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို အကြိမ်ပြည့်ထိုးနှံထားရှိခြင်းဖြင့် အပန်းဖြေအနားယူခြင်းဖြင့် ပူးပေါင်းဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းအပ်ပါသည်။

**ခရီးသွားခြင်း၊ အပန်းဖြေခြင်း၊**
**ကိုဗစ်-၁၉နှင့် New Normal**

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားခဲ့သည့် ၂၀၂၀ ပြည့်နှစ် မတ်လမှစတင်ကာ ပြည်သူများအနေဖြင့် အိမ်ထဲမှအိမ်ပြင်သို့ပင် မထွက်ရဲ၊ ဆွေမျိုးသားချင်းများထံသို့လည်း အလည်အပတ်မသွားနိုင်၊ မိဘဆွေမျိုးများ၏ နာရေးကိစ္စကိုပင် အဝေးမှကြိတ်မှိတ်မျိုသိပ်ခံစားခဲ့ကြရသည်။ ယခုအချိန်အခါကဲ့သို့ ရောဂါဖြစ်ပွားမှုလျော့ကျလာချိန်၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံခြင်းလွှမ်းခြုံမှု မြင့်မားလာချိန်၊ ပွင့်လင်းရာသီသို့ ရောက်ရှိလာချိန်တွင် အပန်းဖြေခရီးသွားလိုကြမည်သာဖြစ်သည်။ လွတ်လပ်မှုကိုမြတ်နိုးခြင်း၊ ခရီးသွားလာခြင်းကို နှစ်သက်ခြင်းနှင့် စူးစမ်းလေ့လာလိုခြင်း စသည့် လူသားတို့၏ ရှိရင်းစွဲ ဗီဇစိတ်များ နိုးကြားလာခဲ့ကြသည်။

ကိုဗစ်-၁၉ သည် ဤကမ္ဘာပေါ်မှ မည်သည့်အချိန်တွင် အရှင်းပျောက်ကွယ်သွားနိုင်မည်ဆိုသည်ကို မည်သည့်ပညာရှင်ကမှ ဟောကိန်းမထုတ်နိုင်ကြသေးပေ။ သေချာသည့်အချက်မှာ ၎င်းနှင့်အတူ ယှဉ်တွဲနေထိုင်ရန်သာ ဖြစ်ပါသည်။ ယခင်အခါများက မလုပ်ခဲ့ကြသော ပါးစပ်နှင့်နှာခေါင်းစည်းတပ်ဆင်ခြင်း၊ လူစုလူဝေးနေရာများကိုရှောင်ကြဉ်ခြင်း၊ ဆပ်ပြာနှင့် ရေကိုအသုံးပြု၍ လက်ကို မကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာ ခပ်ခွာခွာနေထိုင်ခြင်းတို့သည် လူသားများ၏ နေ့စဉ်ဘဝများတွင် New Normal အဖြစ် ရောက်ရှိလာပြီဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ခရီးသွားဧည့်သည်များ၊ ဟိုတယ်၊ တည်းခိုရိပ်သာလုပ်ငန်းရှင်များ၊ ဝန်ထမ်းများ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သူများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ ညီညာစွာ ပူးပေါင်းကာ(Public၊ Private၊People၊ Partenar-ship ) အစိုးရ၊ ပြည်သူ၊ ပုဂ္ဂလိကပူးပေါင်းခြင်းဖြင့် ဘေးအန္တရာယ်ကင်းသော ခရီးသွားလုပ်ငန်းကို မလွဲမသွေ ဖော်ဆောင်နိုင်မည်ဟု ယုံကြည်မိပါသည်။ ကောင်းမွန်သောဝန်ဆောင်မှု၊ လတ်ဆတ်သော ပင်လယ်စာများ၊ နွေးထွေးပျူငှာသော ဒေသခံများနှင့်အတူ သန့်ရှင်းသာယာသော ချောင်းသာ၊ ငွေဆောင်ကမ်းခြေများက ဧည့်သည်တော်များအား အစဉ်အမြဲ နွေးထွေးစွာကြိုဆိုနေမည်သာ ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# နယ်စပ်ရေးရာဝန်ကြီးဌာန စက်မှုလက်မှုပညာသင်တန်းကျောင်းများ၌ သင်တန်းများ ဖွင့်လှစ်

## သင်တန်းသုံးပစ္စည်းများ အခမဲ့ထောက်ပံ့၍ သင်တန်းပြီးပါက အလုပ်အကိုင်ရရှိရေးဆောင်ရွက်ပေးမည်

**နေပြည်တော် နိုဝင်ဘာ ၂၂**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း အောင်ပန်း၊ လပွတ္တာ၊ ပုဏ္ဏားကျွန်း၊ ဘားအံတို့၌ စက်မှုလက်မှုလုပ်ငန်းများတွင် ကျွမ်းကျင်လုပ်သားများ ပေါ်ထွက်လာစေရန်၊ စက်မှုလက်မှုပညာရပ်များတတ်မြောက်၍ သင်တန်းဆင်းပြီးပါက





အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ချက်များဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် ပထမအကြိမ် သင်တန်းတွင် ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်းနှင့် လက်ကိုင်ဖုန်းပြင်သင်တန်းတို့၏ သင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်းများ၌ ကျင်းပရာ အောင်ပန်း နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းကလည်းကောင်း **(ဓာတ်ပုံ)**၊ လပွတ္တာ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း၌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးညွန့်ကလည်းကောင်း၊ ပုဏ္ဏားကျွန်းနယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း၌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်ကလည်းကောင်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကားများ ပြောကြားပြီး ကျောင်းအုပ်များက သင်တန်းဆိုင်ရာအချက်အလက်များ ရှင်းလင်းတင်ပြကြသည်။

သင်တန်းဖွင့်ပွဲ အသီးသီးသို့ သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီးများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းသားများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းကျောင်း လေးကျောင်းတွင် ဆောက်လုပ်ရေးသင်တန်းသို့ ၃၅ ဦး၊ လျှပ်စစ်သင်တန်းသို့ ၃၄ ဦး၊ ဂဟေသင်တန်းသို့ ၄၀ ၊ မော်တော်ယာဉ်စက်ပြင်သင်တန်းသို့ ၆၂ ဦးနှင့် လက်ကိုင်ဖုန်းပြင်သင်တန်းသို့ ၁၅ ဦး စုစုပေါင်း သင်တန်းသား ၁၈၆ ဦးတို့အား ၂၂-၁၁-၂၀၂၁ ရက်နေ့မှ ၂၂-၄-၂၀၂၂ ရက်နေ့အထိ ရက်သတ္တပတ် ၂၂ ပတ်ကြာ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်သင်ကြား ပို့ချမည်ဖြစ်ပြီး သင်တန်းသားများ နေထိုင်စားသောက်ရေးနှင့် သင်တန်းသုံးပစ္စည်းများ အခမဲ့ထောက်ပံ့၍ သင်ကြားပေးမည်ဖြစ်ကြောင်းနှင့် သင်တန်းဆင်းပြီးပါက အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကယားပြည်နယ်အတွင်း ကိုဗစ်- ၁၉ တတိယအကျော့တွင် တက်ကြွစွာ ဆောင်ရွက်ကြသူများအား ဂုဏ်ပြုချီးမြှင့်

လွိုင်ကော်နိုဝင်ဘာ ၂၂

ကယားပြည်နယ်အတွင်း ကိုဗစ်-၁၉ တတိယအကျော့တွင် ကဏ္ဍအသီးသီးအလိုက် တက်ကြွစွာဆောင်ရွက်ကြသူများနှင့် ဂုဏ်ပြုထိုက်သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ ပြည်နယ် ဝန်ကြီးချုပ် ဦးခင်မောင်ဦးက ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကူးစက်မှုအနေဖြင့် မိမိတို့နိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် နှစ်ဦးကာလတွင် ပထမအကျော့ ဖြစ်ပွားခဲ့ပြီး အဆိုပါ ပထမအကျော့တွင် ကယားပြည်နယ်အတွင်း ပိုးတွေ့ရှိခြင်းမရှိဘဲ ရောဂါပိုးကင်းစင်သည့် ပြည်နယ်တစ်ခု ဖြစ်ခဲ့ကြောင်း၊ ကယားပြည်နယ်အနေဖြင့် ကိုဗစ်-၁၉ တတိယအကျော့တွင် ယနေ့အချိန်ထိ ရောဂါဖြစ်ပွားသူ ၅၆၇၂ ဦး ၊ သေဆုံးသူ ၂၂၄ ဦးရှိပြီဖြစ်ပြီး Quarantine Center စုစုပေါင်းခုနစ်ခု ဖွင့်လှစ်ကာ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ကာကွယ်ဆေး ထိုးနှံပြီးစီးမှုအနေဖြင့် ကယားပြည်နယ်တွင် အသက် ၁၈ နှစ်နှင့် အထက်များအတွက် လျာထား၂၀၃၉၆၁ ဦးရှိရာ နိုဝင်ဘာ ၂၀ ရက်အထိ ပထမအကြိမ် ၅၅၀၅၃ ဦး၊ ဒုတိယအကြိမ် ၄၂၄၁၁ ဦး ထိုးနှံနိုင်ခဲ့ပြီးဖြစ်ရာ ဒီဇင်ဘာလတွင် လျာထားဦးရေ၏ ၅၀ ရာခိုင်နှုန်း ထိုးနှံနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အသက် ၁၂ နှစ်နှင့် အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့်ကျောင်းသားကျောင်းသူများ ကာကွယ်ဆေး ထိုးနှံပြီးစီးမှုအနေဖြင့် လျာထား ၁၆၆၅ ဦးရှိရာ ပထမအကြိမ် ၁၇၁၉ဦး ၊ ဒုတိယအကြိမ် ၆၂၉ ဦး ထိုးနှံခဲ့ပြီဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကယားပြည်နယ်အတွင်း ကိုဗစ်- ၁၉ တတိယအကျော့တွင် ကဏ္ဍအလိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခဲ့သူ ၁၂၄ ဦး စုစုပေါင်း ငွေကျပ် ၆၂၀၀၀၀၀ နှင့် ဂုဏ်ပြုထိုက်သူ ၄၁၃ ဦးအတွက် စုစုပေါင်းငွေကျပ် ၁၂၃၉၀၀၀၀ ချီးမြှင့်ပေးမည် ဖြစ်ကြောင်း၊ ထို့အပြင် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပါဝင်လှူဒါန်းခဲ့သည့် အလှူရှင် ၁၇ ဦးကိုလည်း ဂုဏ်ပြု မှတ်တမ်းလွှာများ ပေးအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ပြည်နယ် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်)၊ ဒေသကွပ်ကဲရေးမှူးနှင့် တာဝန်ရှိသူများက ပြည်နယ် ကိုဗစ်- ၁၉ ရောဂါ တတိယအကျော့တွင် ရောဂါကုသရေးနှင့်ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ၌ တာဝန်ထမ်းဆောင်ခဲ့ကြသူများအား ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်သည်။ **(အပေါ်ပုံ)**

ဆက်လက်ပြီး ဆုချီးမြှင့်ပေးအပ်ခြင်းအပေါ် ဌာနဆိုင်ရာများကိုယ်စား ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဌေးလွင်နှင့် ဆုချီးမြှင့် ပေးအပ်ခြင်းအပေါ် စေတနာ့ဝန်ထမ်းများကိုယ်စား ရွှေလွိုင်ကော် ပရဟိတအသင်း၊ ဦးစောဝဏ္ဏတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

**ခရိုင်**

**(ပြန်/ဆက်)**

# မြစ်ကြီးနားမြို့နယ် ယာယီကယ်ဆယ်ရေးစခန်းများရှိ အိမ်ထောင်စု ၁၆ စုအား အသစ်ဆောက်လုပ်ထားသည့် တန်ဖိုးနည်းအိမ်ရာများသို့ ပြောင်းရွှေ့နေရာချထား



ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် ယာယီကယ်ဆယ်ရေးစခန်းမှ ပြောင်းရွှေ့လာသည့် ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။

**မြစ်ကြီးနား နိုဝင်ဘာ ၂၂**

မြစ်ကြီးနားမြို့နယ် အတွင်းရှိ ယာယီကယ်ဆယ်ရေးစခန်းများမှ အိမ်ထောင်စု ၁၆ စုအား ယမန်နေ့က ပလနကျေးရွာအုပ်စု ငွေပျော်စံပြ ကျေးရွာအတွင်း အသစ် ဆောက်လုပ်ပြီးစီးသည့် တန်ဖိုးနည်း အိမ်ရာများသို့ ပြောင်းရွှေ့နေရာ ချထားပေးခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က IDPs စခန်းများရှိပြည်သူများ နေရပ်ပြန်နိုင်ရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လိုအပ်သည်များကို အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ IDPs စခန်းများအတွက် လူသားချင်း စာနာထောက်ထားမှု အကူအညီများ ပေးနိုင်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ဖော်ဆောင်ပေးနိုင်ရေးအတွက် မဟာဗျူဟာများ ချမှတ်ကာ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက အသစ် ပြောင်းရွှေ့လာသည့် အိမ်ထောင်စု ၁၆ စုနှင့် မြစ်ကြီးနားမြို့ရှိ ယာယီကယ်ဆယ်ရေး စခန်းများအတွက် ဆန် ၊ဆီ၊ ပဲ၊ ဆား၊ Family Kit၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ တာပေါ်လင်မိုးကာ၊ တစ်ကိုယ်ရေ ကျန်းမာရေးသုံးပစ္စည်းများ၊ နှာခေါင်းစည်းများနှင့် လက်သန့်ဆေးရည်များကို ထောက်ပံ့ပေးအပ်ကြရာ ပြောင်းရွှေ့လာသည့် အိမ်ထောင်စုများကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အသစ် ဆောက်လုပ်ပြီးစီးသည့် တန်ဖိုးနည်း အိမ်ရာများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ယာယီနေရပ်စွန့်ခွာပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ယင်းနောက် ငွေပျော်စံပြကျေးရွာအတွင်း အဆောက်အအုံ ဆောက်လုပ်ထားခြင်း မရှိသည့် မြေနေရာ၊ စာသင်ကျောင်းနှင့် ကျေးရွာအတွင်း လစ်လပ်မြေနေရာများကို ယာယီနေရပ်စွန့်ခွာ အိမ်ထောင်စုများအတွက် ပြန်လည်နေရာချထားပေးနိုင်ရေး အတွက် ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

## ပြည်တွင်းသတင်း ၂၃

# ဘဝနတ်ထံ ပျံလွန်တော်မူ

**နေပြည်တော် နိုဝင်ဘာ ၂၂**

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကမာဝက်မြို့၊ တိုက်ကျောင်းသစ်ဓာတ်တော်ကျောင်းတိုက် ဦးစီးပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တပါလိတ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) မဟာထေရ်မြတ်ကြီးသည် သက်တော်(၉၇) နှစ်၊ သိက္ခာတော်(၇၆)ဝါအရ ၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်၊ ၂၂-၁၁-၂၀၂၁၊ တနင်္လာနေ့၊ နံနက် ၆:၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် ဆရာတော်ကြီး၏ အန္တိမအဂ္ဂိ ဈာပနကို ၁-၁-၂၀၂၂ ရက်၊ စနေနေ့၊ မွန်းတည့် ၁၂:၀၀ နာရီတွင် တိုက်ကျောင်းသစ်(ဓာတ်တော်ကျောင်း)၌ ကိုဗစ်-၁၉ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား မူဆယ်နယ်စပ်နန်းတော်ဂိတ်တွင် ဆက်လက်လက်ခံလျက်ရှိ

**မူဆယ် နိုဝင်ဘာ ၂၂**

တရုတ်နိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို မူဆယ်နယ်စပ်နန်းတော်ဂိတ်မှ ပြန်လည်လက်ခံပေးလျက်ရှိရာ နိုဝင်ဘာ ၂၂ ရက် နံနက် ၈ နာရီခွဲက ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နန်းတော်ဂိတ်သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၈၇ ဦး၊ အမျိုးသမီး ၁၉၃ ဦး စုစုပေါင်း ၃၈၀ ကို ပြန်လည်လက်ခံခဲ့သည်။




မူဆယ်နယ်စပ်နန်းတော်ဂိတ်မှ နေရပ်ပြန်များ စတင်လက်ခံခဲ့သည့် ဇူလိုင် ၂၆ ရက်မှ ယနေ့အထိ အမျိုးသား ၈၂၄၄ ဦး၊ အမျိုးသမီး ၇၁၈၂ ဦး နေရပ်ပြန်သူ စုစုပေါင်း ၁၅၄၂၆ ဦးအား ကောင်းမွန်စွာလက်ခံလျက် နေရပ်ပြန်နိုင်ငံသားများအားလိုအပ်သည်များကို တာဝန်ရှိသူများနှင့် သက်ဆိုင်သည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိရာ မိမိဒေသအသီးသီးသို့ရောက်ရှိနိုင်ရေး မော်တော်ယာဉ်များ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အယ်လ်စိုး(မူဆယ်)**

# ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း၊ မြဝတီနှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း နှစ်ခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီသုံးခုမှ ယာဉ်လေးစီးဖြင့် အောက်ဆီဂျင် (အရည်) Bowser ယာဉ်တစ်စီးဖြင့် တန် ၂၀၊ လုပ်ငန်းသုံး အောက်ဆီဂျင်စက်တစ်ခုနှင့် နှာခေါင်းစည်း (Mask) ၁၃ တန်တို့ကို တင်သွင်းခဲ့သည်။ အောက်ဆီဂျင် (အရည်) Bowser ယာဉ်တစ်စီးမှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရန်ကုန်မြို့သို့ ဖြစ်ကြောင်း သိရသည်။ (ဓါတ်ပုံ)




ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**

❊ *ကျောဖုံးမှ*

အသက် ၂၄ နှစ် အရွယ် ဇီဗာရက်ဗ်သည် ဗိုလ်လုပွဲတွင် မက်ဗီဒက်ဗ်ကို ၆-၄ ၆-၄ ဖြင့် အနိုင်ရရှိကာ အဆိုပါဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ဇီဗာရက်ဗ်သည် အကြိုဗိုလ်လုပွဲတွင် ကမ္ဘာ့အဆင့် နံပါတ်(၁)ဖြစ်သူ ဆားဘီးယားနိုင်ငံသား ဒီဂျိုကိုဗစ်ကို ၇-၆ (၇-၄)၊ ၄-၆ ၆-၃ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်လာနိုင်ခြင်းဖြစ်ပြီး ပြိုင်ဘက် မက်ဗီဒက်ဗ်က အကြိုဗိုလ်လုပွဲတွင် နော်ဝေနိုင်ငံသား ကပ်စ်ပါရုဒ်ကို ၆-၄ ၆-၂ ဖြင့် အနိုင်ယူကာ ဗိုလ်လုပွဲသို့ တက်လှမ်းလာနိုင်ခြင်း ဖြစ်သည်။

ဇီဗာရက်ဗ်နှင့် မက်ဗီဒက်ဗ်တို့သည် ယခုပွဲစဉ်မတိုင်မီ နိုဝင်ဘာ ၁၆ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် အုပ်စုအဆင့်ပြိုင်ပွဲတွင် တစ်ကြိမ် တွေ့ဆုံထားပြီး ယူအက်စ်အိုးပင်းချန်ပီယံ မက်ဗီဒက်ဗ်က ၆-၃၊ ၆-၇ (၃-၇)၊ ၇-၆ (၈-၆) ဖြင့် အနိုင်ရရှိထားသည်။ သို့သော်လည်း မက်ဗီဒက်ဗ်သည် ယခုဗိုလ်လုပွဲတွင် ပြိုင်ဘက်ကို အာရုံစိုက်ကစားခဲ့သော်လည်း အရေးနိမ့်ကာ ဆုဖလားနှင့် ဝေးကွာခဲ့ရခြင်းဖြစ်သည်။

ဇီဗာရက်ဗ်သည် ၂၀၁၈ ခုနှစ်က လန်ဒန်တွင် ကျင်းပသည့် ATP Finals ပြိုင်ပွဲတွင် ဒီဂျိုကိုဗစ်ကို ၆-၄၊ ၆-၃ ဖြင့် အနိုင်ယူကာ ပထမအကြိမ် ဖလားဆွတ်ခူးထားသူဖြစ်သည်။ ယခုနှစ်တွင် ကျင်းပသည့် 2021 ATP Finals ပြိုင်ပွဲကို နိုဝင်ဘာ ၁၄ ရက်မှ ၂၁ ရက်အထိ အီတလီနိုင်ငံ တူရင်မြို့တွင် ယှဉ်ပြိုင်ကစားခဲ့ခြင်း ဖြစ်သည်။ **အောင်ဇော်**

# နိုင်ငံတော်ဩဝါဒါစရိယ မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကမာဝက်မြို့၊ တိုက်ကျောင်းသစ် ဓာတ်တော်ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တပါလိတ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း

**ဖွားမြင်တော်မူခြင်း**



ဆရာတော် လောင်းလျာသည် မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကမာဝက်ရွာကြီး၊ ကမာဝက်စိန်တောင်ရပ်ကွက်တွင် ခမည်းတော် ဦးစရီ၊ မယ်တော်ဒေါ်ထွာတို့မှ ၁၂၈၆ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၀၁-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်နေ့တွင် မုဒုံမြို့နယ်၊ တိုက်ကျောင်းသစ်ဓာတ်တော်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တစန္ဒောဘာသ ကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၀၉-ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်နေ့တွင် မုဒုံမြို့နယ်၊ တိုက်ကျောင်းသစ်ဓာတ်တော်ကျောင်းတိုက် ခဏ္ဍာသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒောဘာသကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိ တော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်သည် မုဒုံမြို့နယ် တိုက်ကျောင်းသစ်ဓာတ်တော်ကျောင်း ဆရာတော်ဘဒ္ဒန္တစန္ဒောဘာသ၊ ဖားအောက်တောရကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာ၊ ကတိုးမဟာရင်ကျောင်းဆရာတော် ဘဒ္ဒန္တအာဒိစ္စ၊ ကမာတောရကျောင်း ဆရာတော် ဘဒ္ဒန္တဝါယမ၊ အခွန်ရွာသစ်ကျောင်းဆရာတော် ဘဒ္ဒန္တသိရိန္ဒ၊ ရန်ကုန်ကျိုက်သီမွန်ကျောင်း ဆရာတော်ဘဒ္ဒန္တတိဿ၊ ဘဒ္ဒန္တဥေ္ဃယျ စသော ဆရာတော်များထံ၌ ပရိယတ္တိစာပေများ သင်ယူဆည်းပူးတော်မူခဲ့ပြီး သာသနဓဇ ဓမ္မာစရိယဘွဲ့ကို အောင်မြင်ရရှိတော်မူခဲ့ပါသည်။

**သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် မုဒုံမြို့နယ်၊ တိုက်ကျောင်းသစ်ဓာတ်တော်ကျောင်း၌ စာသင်သားရဟန်း/သာမဏေများအား စာပေကျမ်းဂန်များသင်ကြား ပို့ချရေးသားပြုစုတော်မူခဲ့ခြင်း၊ မွန်ပြည်နယ်၊ ကမာတောရ ဝိနည်းပြန်ဌာနအဖွဲ့ဝင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ ရာမညဓမ္မာစရိယအဖွဲ့ ဗဟိုကော်မတီအဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ ဇယ်ကသိုက် တမော့ ဂေါပကအဖွဲ့ ဩဝါဒါစရိယအဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် လည်းကောင်း၊ နိုင်ငံတော်ဝိနည်းဓိုရ်အဖြစ် လည်းကောင်း၊ ယနေ့ထိ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်အဖြစ် စသော သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုး ဆောင်ရွက်တော်မူခဲ့သော သာသနဓရာဝဟဂုဏ်၊ ရတ္တညူ မဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ဂန္ထဓုရာဝဟဂုဏ်၊ ပရိယတ္တိ ဝိသာရဒဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ်စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၀၅ ခုနှစ်တွင် "အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ" ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုး ဆောင်ရွက်တော်မူရင်း သက်တော်(၉၇)နှစ်၊ သိက္ခာတော်(၇၇)ဝါအရ ၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်၊ (၂၂-၁၁-၂၀၂၁)၊ တနင်္လာနေ့၊ နံနက် ၆:၃၀ နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်းနှင့် ဆရာတော်ကြီး၏ အန္တိမအဂ္ဂိဈာပနကို (၁-၁-၂၀၂၂)ရက်၊ စနေနေ့၊ မွန်းတည့် ၁၂:၀၀ အချိန်တွင် တိုက်ကျောင်းသစ် (ဓာတ်တော်ကျောင်း)၌ ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဦးထိပ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၂၉ တိုင် | ၁၅၁ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၅၁ ခု | ၆၀၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား တစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၆ ကျင်း | ၂၁၁၃. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၀ ကျင်း | ၂၀၈. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၉ ကျင်း | ၅၉၀၁. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၃၅ ကျင်း | ၁၇၀၁. ၀၈ ကျင်း |
| ၁၄။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၂၆ တိုင် | ၆၄ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၅။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်၏ အသင်းဝင် / အသင်းသားများ အသင်းဝင်လက်မှတ် သက်တမ်းတိုးဆောင်ရွက်ကြရန် နှိုးဆော်ခြင်း

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်၏ ဆဋ္ဌမသက်တမ်း အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ရေးကို အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် သက်တမ်းတိုးခြင်းကို Online စနစ်ဖြင့်သော်လည်းကောင်း၊ နေပြည်တော် အသင်းရုံးနှင့် ရန်ကုန်(ကမ္ဘာအေးရုံး) သို့ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း (၃၁-၁၂-၂၀၂၁)ရက် နောက်ဆုံးထားပြီး သက်တမ်းတိုးဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

**Online သက်တမ်းတိုးရန်**

(၁) Email Address- mgjea.npt@gmail.com

(၂) Viber No:- 09-790690150

**လူကိုယ်တိုင်လာရောက်သက်တမ်းတိုးရန်**

(၁) မဏိရတနာကျောက်စိမ်းခန်းမ၊ သပြေကုန်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်
ဖုန်း-၀၆၇-၄၃၂၃၈၇၊ ၀၆၇-၄၃၂၃၈၂

(၂) မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမ(ကမ္ဘာအေး)
အမှတ်(၆၈)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၆၆၃၀၈၀

**သက်တမ်းတိုးရာတွင် တင်ပြရမည့်အထောက်အထားများ**

(၁) အသင်းဝင်ကတ်မူရင်း
Oline ဖြင့်ဆောင်ရွက်ပါက အသင်းဝင်ကတ်မူရင်းအား Scan ဖတ်ပေးပို့ရန်
လူကိုယ်တိုင် လာရောက်ပါက အသင်းဝင်ကတ်မူရင်း ယူဆောင်လာပါရန်

(၂) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှထုတ်ပေးသည့် လုပ်ငန်းလိုင်စင်/ ခွင့်ပြုမိန့်(မိတ္တူ)

(၃) ကျောက်မျက်ရတနာလုပ်ငန်းနှင့်ပတ်သက်၍ ဝင်ငွေခွန်ဆောင်ထားသည့်ပြေစာ(မိတ္တူ)

**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်**
**အသင်းရေးရာဌာန၊ ဖုန်း-၀၆၇-၄၃၂၃၈၇**

**မြို့သစ်ဒဂုံ**
**ဒဂုံအရှေ့၊ တောင်ပိုင်း ဆိပ်ကမ်း၊ မြောက်ပိုင်း မြေကွက်များဝယ်လိုပါသည်။**
**ပွဲခပေးရန်မလိုပါ။**
**Ph: 09 404102850**
**09 403823469**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ အထက(ဆီမီးထွန်း)သတ္တမတန်း(G-8)မှ မောင်အာကာဖြိုး၏ ဖခင်အမည်မှန်မှာ ဦးငွေးလှိုင် ၈/တတက(နိုင်)၁၃၁၈၈၃ ဖြစ်ပါကြောင်း။

**ဦးငွေးလှိုင်**

### ဖခင်အမည်မှန်

မင်းဘူးမြို့၊ အမှတ်(၁)ရပ်ကွက်၊ ခိုင်အောင် ကိုယ်ပိုင်အထက်တန်းကျောင်း ဒသမတန်းမှ မောင်သန့်ဇင်ဖြိုးနှင့် မင်းဘူး(အထက-၂)၊Grade-4 မှ မသက်မွန်ဖြိုးတို့၏ ဖခင် ဦးမျိုးဇော်၏ အမည်မှန်မှာ ဦးမျိုးဇော်ဇော် ၈/မဘန(နိုင်)၀၉၄၅၂၂ ဖြစ်ပါကြောင်း။

**ဦးမျိုးဇော်ဇော်**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5D/2852 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3M/4953 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြတ်နိုးခင် ၇/ကတခ(နိုင်)၂၂၁၈၉၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဦးစီးမှူးရုံး(ပဲခူး)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၁၆၈၄၈, Suzuki Sky ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းဖန် ၁၃/တခလ(နိုင်)၀၀၆၃၈၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ် တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(တာချီလိတ်)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၈ယ/၅၃၅၄၉ Honda Wave 100ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မြတ်မွန် ၁၄/ဇလန(နိုင်) ၁၀၆၆၅၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာ သည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ဟသ်ာတ)**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/ဒက္ခိဏသီရိအနောက်ရပ်၊ မြေကွက်အမှတ် (ဒ-၃၂၆၉၂)၊ မြေဧရိယာ ၀ဒသမ ၁၄၆ ဧကရှိ ဦးအောင်ရဲလင်း(ဘ)ဦးဝေလင်း ၁/ဗမန(နိုင်)၀၃၈၁၅၀ အမည်ပေါက် (ပါမစ်)မြေ ကွက် ကို ဒေါ်နန်းခမ်းမုတ် (ဘ)ဦးရှန် ၁၃/ကတန(နိုင်)၀၀၁၁၅၀ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ် ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀/ဒက္ခိဏသီရိအနောက်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၂၆၉၄)၊ မြေဧရိယာ(၀ဒသမ၁၄၆)ဧကရှိ ဦးအောင်ထွန်းလင်း (ဘ)ဦးဝေလင်း ၁/ဗမန(နိုင်) ၀၀၀၈၂၁ အမည်ပေါက် (ပါမစ်)မြေကွက် ကို ဒေါ်နန်းခမ်းမုတ်(ဘ)ဦးရှန် ၁၃/ကတန(နိုင်)၀၀၁၁၅၀မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဥတ္တရခရိုင်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း--၂၊ မြေကွက်အမှတ် (၄၃၃၂၊ ၄၃၃၃)၊ ဧရိယာ ၀ဒသမ ၁၁၀ ဧကရှိ ဒေါ်ခိုင်သက်မွန် အမည်ပေါက် ပါမစ်မြေကွက်အား ဦးမောင်မောင်သိန်း ၉/ရမသ(နိုင်)၀၀၈၀၈၂ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ နှစ်ဦးနှစ်ဘက် သဘောတူကတိဝန်ခံချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### မည်သူမဆို ဝယ်ယူနိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ မြို့မဈေးရှိ (၃)ထပ်ဆိုင်ခန်းအဆောက်အအုံ(၁)လုံး (၄၀' x ၄၀' x ၃၂'-၆") 3 Story RCC Building အား ဒုတိယအကြိမ် ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်၍ မည်သူမဆိုလွတ်လပ်စွာ ဝယ်ယူနိုင်ကြောင်းနှင့် ဝယ်ယူခွင့်လျှောက်လွှာအား (၁၅-၁၂-၂၀၂၁)ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာပုံစံအား ဈေးများဌာနတွင် ထုတ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၄၂၉၃၊ ၀၆၇-၃၄၁၄၁၆၈၊ ၀၉-၂၆၁၂၅၅၂၂၅၊ ၀၉-၂၅၀၀၉၀၀၀၆ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀) ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော် ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ် -၄၇၈

ဒေါ်ပုံ့ပုံ့မြင့်အောင် **တရားလို** နှင့် ဒေါ်နှင်းအေးခိုင် **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(2 D 5)၊ နဝဒေးဥယျာဉ်အိမ်ရာနေ ဒေါ်နှင်းအေးခိုင် (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက (၁၄-၇-၂၀၁၈)ရက်စွဲပါ လက်လှည့်သုံးရယူခဲ့သည့် ငွေကျပ် (၄၁၀၀၀၀၀၀/-)(ကျပ်သိန်းလေးရာတစ်ဆယ်တိတိ)အနက်မှ ပေးရန်ကျန်ငွေကျပ် (၂၂၀၀၀၀၀၀/-)(ကျပ်သိန်းနှစ်ရာနှစ်ဆယ် တိတိ)ပြန်လည်ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၃ရက် (၁၃၈၃ခုနှစ် နတ်တော်လဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် နိုဝင်ဘာလ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မြင့်ကျော်)**
**ဒုတိယခရိုင်တရားသူကြီး(၇)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

### အမွေပြတ်စွန့်လွှတ်ခြင်း

ဝမ်းတွင်းမြို့နယ်၊ နွားနန်းကျေးရွာနေ ဒေါ်ဝိုင်းကြည်၏သားဖြစ်သူ မောင်ဇော်ဝင်း ၉/ဝတန(နိုင်)၂၁၉၃၅၇ သည် မိဘဆွေမျိုးများ စိတ်ဆင်းရဲစေရန် အကြိမ်ကြိမ်ပြုမူဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။(စုံစမ်းမေးမြန်း ခြင်းသည်းခံပါ။)

**မိခင်-ဒေါ်ဝိုင်းကြည် ၉/ဝတန(နိုင်)၀၅၈၄၆၉**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာ စီမံကိန်းအဆင့်၊ တိုက်အမှတ်(ဘီ-၄)၊ အခန်းအမှတ်(၅၁၆)၊ Type (A),Area (၁၂၆၁)Sqft ရှိ တိုက်ခန်းနှင့် ၎င်း တိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဒေါ်နွယ်နီစန်း ၁၂/ကမရ(နိုင်)၀၃၃၉၀၅ တို့ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်မေသူခင်ဇော်**
**၁၂/ရကန(နိုင်)၀၆၇၉၂၄**
**ဖုန်း-၀၉-၇၇၆၆၇၇၇၉၉**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ ကျိုင်းတုံလမ်း၊ မြေကွက်အမှတ် (ဥ-၆၄၅၁)၊ ဦးမျိုးလွင် (ဘ)ဦးဝင်းမောင် ၁၂/ဒဂန(နိုင်)၀၁၀၈၇၇ အမည်ပေါက် ပါမစ်မြေကွက်၏ မြေကွက်နေရာ (ယာယီ)ချထားပေးသည့် လက်မှတ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် ဦးမျိုးလွင် (ဘ)ဦးဝင်းမောင် ၁၂/ဒဂန(နိုင်)၀၁၀၈၇၇မှ မြေကွက်နေရာ(ယာယီ) ချထားပေးသည့် လက်မှတ်မိတ္တူ၊ မြေကွက်ဖိုးငွေသွင်းချလန်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင် စုစာရင်းမိတ္တူ၊ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက် မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး မြေကွက်နေရာ(ယာယီ)ချထားပေးသည့် လက်မှတ်မိတ္တူမှန် ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများအထောက်အ ထားခိုင် လုံစွာတင်ပြ၍နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၃၀ ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေကွက်နေရာ(ယာယီ)ချထားပေးသည့်လက်မှတ် မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာသစ်အနောက်၊ ကန်ဦးကျောင်းလမ်း၊ အမှတ် ၆၈၀၊ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံ၏ မြေညီထပ် (ခေါင်းရင်းခြမ်း)၊ မြေပေအကျယ် (အလျား ၁၅ပေX အနံ ပေ ၆၀)ဟုခေါ်တွင်သော အဆောက်အအုံမှ တိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများအားလုံးအပါအဝင် ၎င်းတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်သိန်းသိန်းရွှေ ၁၁/မပတ(နိုင်) ၀၁၀၀၆၂ မှ မိမိသာတရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် အထက်ပါတိုက်ခန်းအား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးအေးကျော် ၁၂/ အစန(နိုင်) ၀၁၉၇၁၆ ကရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သီတာအောင်( LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၃၆၈၄)**
**လိုင်စင်ရသည့်နေ့ ၁၆-၁၁-၂၀၁၇**
**အမှတ် ၇၉(C)၊ သီရိမင်္ဂလာလမ်းသွယ်(၈)၊ ဂျပန်လမ်း၊ ရွာမအရှေ့ရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ဖုန်း- ၀၉-၄၄၈၀၂၂၇၃၇၊ ၀၉-၇၅၆၆၁၇၁၀၁**

### အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ (အမွေဆက်ခံရန် သက်သေခံ လက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃) ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌ ၂၀၂၁ခုနှစ် တရားမအထွေထွေမှုအမှတ်-၅၃ ကွယ်လွန်သူ ဦးရန်လင်းဦး၏ ကျန်ရစ်သော ပစ္စည်းအကြောင်း

ဒေါ်သီရိလေးအောင် လျှောက်ထားသူ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ မိုးကောင်းလမ်း၊ တိုက်အမှတ်(၂)၊ အခန်းအမှတ် စီ(၅လွှာ)နေ ဒေါ်သီရိလေးအောင်က ကွယ်လွန်သူ ဦးရန်လင်းဦး၏ တရားဝင်ဇနီးဖြစ်သည်ဟူ၍ ကွယ်လွန်သူ ဦးရန်လင်းဦး ကျန်ရစ်သော ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ လက်ပံဝင်းကျေးရွာ၊ ကွင်းအမှတ်(၁၁၇၂/လက်ပံဝင်းကွင်း)၊ ဦးပိုင်အမှတ်(၁၃၃)၊ ဧရိယာ(၀ဒသမ၆၈)ဧကရှိ ဥယျာဉ်ခြံမြေကွက်၊ ဦးပိုင်အမှတ်(၁၃၄)၊ ဧရိယာ(၁ဒသမ၀၈)ဧကရှိ ဥယျာဉ်ခြံမြေကွက်နှင့် ဦးပိုင်အမှတ်(၁၆)၊ ဧရိယာ(၀ဒသမ၅၀)ဧကရှိ လယ်ယာမြေများ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (လယ်ယာမြေပုံစံ-၇)အား အမွေဆက်ခံခြင်းအက်ဥပဒေအရ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာရလိုကြောင်း ဤရုံးတော်၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့ လျှောက်ထားကြောင်းကို အများသူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးရန်လင်းဦး ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူလူ ဟူသမျှတို့သည် ဤရုံးတော်သို့ ၂၀၂၁ခုနှစ်၊ ဒီဇင်ဘာ ၇ရက် (၁၃၈၃ခုနှစ် နတ်တော်လဆန်း ၄ရက်)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မရသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၁ခုနှစ် နိုဝင်ဘာ ၂၂ရက်တွင် ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စုစန္ဒာဝင်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

### မိခင်အမည်မှန်

မြောက်ဦးမြို့ အထက(၂) တက္ကသိုလ်ဝင်တန်း(C)မှ မောင်ယဉ်သာထွန်း၏ မိခင် ဒေါ်သိန်းစိုးဝေ၏ အမည်မှန်မှာ ဒေါ် သိန်းစိုးမေ ၁၁/မဥန(နိုင်) ၀၉၀၆၅၁ ဖြစ်ပါကြောင်း။

### မိခင်အမည်မှန်

မြောက်ဦးမြို့ အထက(၂) တက္ကသိုလ်ဝင်တန်း(C) မှ မငွေးမြတ်နွယ်၏မိခင် ဒေါ်မဲလာရီ၏ အမည်မှန်မှာ ဒေါ်မတင်ရီ ၁၁/မဥန(နိုင်) ၀၁၇၉၃၇ ဖြစ်ပါကြောင်း။

### မိခင်အမည်မှန်

မြောက်ဦးမြို့ အထက(၂) တက္ကသိုလ်ဝင်တန်း(C) မှ မောင်ကျော်ကျော်လင်း၏မိခင် ဒေါ်အေးခင်သန်း၏ အမည်မှန်မှာ ဒေါ်အေးခိုင်သန်း ၁၁/မဥန(နိုင်) ၀၈၉၈၉၉ဖြစ်ပါကြောင်း။

### မိခင်အမည်မှန်

မြောက်ဦးမြို့ အထက(၂) တက္ကသိုလ်ဝင်တန်း(C) မှ မခက်ခက်ဦး၏မိခင် ဒေါ်မေမေဦး၏ အမည်မှန်မှာ ဒေါ်မြင့်မြင့်ဦး ၁၁/မဥန(နိုင်) ၁၅၈၄၇၄ ဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၄/၃၊ သလ္လာမြို့သစ်)၊ ဦးပိုင်အမှတ်(၁၉ လမ်း-၁)၊ ဧရိယာ(၀ဒသမ၁၁၀)ဧကရှိမြေအား အမှုတွဲအမှတ် ၅၅၃ V ၂၀၀၅-၂၀၀၆အရ (၁၅-၂-၁၉၉၁)မှ (၁၄-၂-၂၀၂၁)ထိ ဦးထွန်းစိန်အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန်ရရှိထားသော ဝင်းမြေအား ဦးထွန်းစိန် အမည်ဖြင့် မြေငှားစာချုပ် (သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### အမွေဆိုင်ပစ္စည်းဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်-ပုသိမ်လမ်းမကြီးဘေးရှိ၊ ပိတောက်ဝါ(၉)လမ်း၊ မြေတိုင်းအမှတ် (၈)၊ မြေကွက်အမှတ်(၆၄၈)၊ အိမ်အမှတ်((I-11)၊ FMI City၊ ဒေါ်ခင်ခင် အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်နှင့် ၎င်းမြေပေါ်ရှိ လူနေနှစ်ထပ်လုံးချင်းအိမ်နှင့်ပတ်သက်၍ အရပ်ရပ်ကိစ္စအကျိုးခံစားခွင့် အားလုံးတို့သည် ဦးမျိုးမင်းအောင် ၁၂/ကမရ (နိုင်) ၀၁၁၉၅၉၊ ဦးမျိုးသန့်အောင် ၁၂/ကမရ(နိုင်) ၀၁၁၃၇၀၊ ဒေါ်သိင်္ဂီအေးအေးကျော် ၁၂/ကမရ(နိုင်) ၀၅၃၅၇၂၊ မောင်ကံထူးဗလ ၁၂/ ကမရ (နိုင်) ၀၆၃၈၃၀ မောင်နှမ (၄)ဦးတို့၏ အမွေမခွဲဝေရသေးသည့် အမွေဆိုင်ပစ္စည်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်အမည်ပါ မောင်နှမလေးဦးအနက် တစ်ဦးသော်လည်းကောင်း (သို့) နှစ်ဦးသော်လည်းကောင်း (သို့) အခြားသူတစ်ဦးဦးကသော်လည်းကောင်း ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်စုံတစ်ခုပြုလုပ်ခဲ့လျှင် အလိုအလျောက် ပျက်ပြယ်မည်ဖြစ်ပြီး ရောင်းချသူ၊ ဝယ်ယူသူ၊ ပေါင်နှံသူ၊ လက်ခံသူတို့အား တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်ခြင်းပြုလုပ်မည်ဖြစ်သည့်အပြင်နစ်နာမှုအဝဝကိုလည်း တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အထက်အမည်ပါသူ (၄)ဦးလုံးသဘောတူ လက်မှတ်ရေးထိုးမှသာလျှင် ၎င်းပစ္စည်းအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်စုံတစ်ခုပြုလုပ်ခြင်း တရားဝင်အတည်ဖြစ်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇင်ကိုအောင်(LL.B,LL.M)**
**အထက်တန်းရှေ့နေ(စဉ်-၄၄၄၁၆/၂၀၁၄)**
**ဖုန်း-၀၉-၂၅၆၄၅၅၅၁၁**
**အမှတ်(၁၇)၊ ၃-လွှာ(ဘီ)၊ သူကြွယ်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

### ဒေါ်စန်းရှိန်နှင့် အများသိစေရန် ကြေညာခြင်း

ဦးထွန်းအောင်-ဒေါ်လှရွှေတို့၏သားသမီးများနှင့် မြေများ၏ ကိုယ်စား မုံရွာမြို့၊ နန္ဒဝန်ရပ်နေ ဒေါ်အေးမြင့်ဝင်း(ခ)ဒေါ်အေးမြင့်ရီ ၅/ မရန(နိုင်)၀၁၄၄၆၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်-

ဦးထွန်းအောင်နှင့် ဒေါ်လှရွှေတို့ ကွယ်လွန်ပြီးနောက် မုံရွာမြို့၊ သလ္လာအမှတ်(၁)ရပ်၊ ဗန္ဓုလလမ်း၊ ကွင်း/အကွက်အမှတ် ၅၈/ဗဟိုလ်၊ ဦးပိုင်အမှတ် ၁၆၅၊ ဧရိယာ ၀ဒသမ ၁၁၀ ဧက အကျယ်အဝန်းရှိ ဦးထွန်းအောင် အမည်ပေါက် ဂရန်ဝင်းမြေ၏ အရှေ့ ဘက်ပိုင်း (၆၀ X၄၇)ပေ၊ ဧရိယာ ၀ဒသမ ၀၆၅ ဧက၊ အရှေ့လားသော်-ဒေါ်တင်ရီ၊ အနောက်လားသော်-ဒေါ်နီနီဝင်း၊ တောင်လားသော်- ဗန္ဓုလလမ်း၊ မြောက်လားသော်-ဦးဝတင်-ဒေါ်ခင်စန်း စသည့် နယ်လေးရပ်အတွင်းရှိ ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ RCနှစ်ထပ် အဆောက်အအုံတစ်လုံးတို့မှာ ဦးထွန်းအောင်၏ သားသမီး၊ မြေးများဖြစ်သည့် ဦးအောင်မျိုးဝင်း၊ ဒေါ်အေးမြင့်ဝင်း၊ ဒေါ်လှမြင့်ဝင်း၊ ဒေါ်အေးခိုင်ဝင်း၊ ဒေါ်နီနီဝင်း၊ မမာလာမြင့်အောင်၊ မောင်ဝေယံမြင့်အောင်၊ မောင်ထွန်းထွန်းလင်းနှင့် မောင်နေမျိုးအောင်တို့ အမွေဆက်ခံပိုင်ဆိုင်သည့် အမွေဆိုင်အိမ်နှင့်ဝင်းမြေဖြစ်ပြီး အမွေခွဲခြင်း တစ်စုံတစ်ရာမရှိကြသေးပါ၊ သို့ပါ၍ အဆိုပါအမွေဆိုင်ဝင်းမြေနှင့် နေအိမ် အဆောက်အအုံအား ဦးထွန်းအောင်၏ သားသမီးနှင့်မြေးများ၏သဘောတူ ခွင့်ပြုချက်မရရှိဘဲ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းဝယ်ခြင်း၊ လှူဒါန်းခြင်းတို့ မပြုလုပ်ကြပါရန်နှင့် အကယ်၍ ၎င်းတို့သိရှိခြင်းမရှိဘဲ တစ်စုံတစ်ခု ပြုလုပ်ပါက ပြုလုပ်သူတို့၏ တာဝန်သာ ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ဦးစိန်လွင်(LL.B,LL.M,D.B.L) | ဒေါ်ဝါဝါဝင်း(LL.B) | ဒေါ်ဝင်းသူဇာ(LL.B) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၈၆၀၆) | (စဉ်-၈၈၁၄) | (စဉ်-၁၁၂၂၇) |
| ၁၅လမ်း၊ ချမ်းမြဝတီရပ်၊ မုံရွာမြို့ | ရတနာပုံရပ်၊ မုံရွာမြို့ | ကန်သာဦးရပ်၊ မုံရွာမြို့ |

## ပြည်ထဲရေးဝန်ကြီးဌာန
## ကယားပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အတွင်း ကယားပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် (၄)ခန်းတွဲ (၂)ထပ်ဝန်ထမ်းအိမ်ရာ(၁)လုံး ဆောက်လုပ်ခြင်း(RC) (၁၀၂' x ၃၀' x ၂၂')လုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင် ကုမ္ပဏီများမှ သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၁-၁၁-၂၀၂၁ရက်မှ ၄-၁၂-၂၀၂၁ရက်အထိ

၃။ **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်နှင့်အချိန်** - ၄-၁၂-၂၀၂၁ရက် ညနေ ၄ နာရီ

၄။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သောအချက်အလက်များအား အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

**တင်ဒါကော်မတီ**

ဖုန်း-၀၈၃-၂၂၂၃၀၈၃၊ ၀၈၃-၂၂၂၁၀၁၃

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရန်ကုန်တိုင်းဒေသကြီးအစိုးရ
## စည်ပင်သာယာရေးဝန်ကြီးဌာန
## (ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့)
## လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီသည် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့များမှ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆)လဘတ်ဂျက်အတွင်း ဆောင်ရွက်ရန် လျာထားသော အခြေခံဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ (၃)ထပ်(၁)လုံး ( ၈၀'x၂၀'x၃၃')တည်ဆောက်ခြင်းလုပ်ငန်းတွင် အသုံးပြုမည့် လုပ်ငန်းသုံးပစ္စည်းများအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၊ တိုင်းရင်းသားများပိုင် ပြည်တွင်းကုမ္ပဏီများ တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါများကို နည်းပညာပိုင်းဆိုင်ရာ အဆိုပြုလွှာနှင့် ငွေကြေးဆိုင်ရာ အဆိုပြုလွှာဟူ၍ သီးခြားစာအိတ်များဖြင့် တင်ဒါတင်သွင်းသူများ လိုက်နာရန် ညွှန်ကြားချက်များ(Instruction to Tenders )နှင့်အညီ တင်သွင်းရန် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါကို အောက်ပါအစီအစဉ်အတိုင်း ဖွင့်ဖောက်သွားမည်ဖြစ်ပါသည်-

(က) **လျှောက်လွှာစတင်ဝယ်ယူနိုင်သည့်ရက်** - ၂၃-၁၁-၂၀၂၁ရက်

(ခ) **တင်ဒါဖွင့်ဖောက်စိစစ်မည့်ရက်နှင့်အချိန်** - ၂၂-၁၂-၂၀၂၁ရက်၊ နံနက် ၁၀ နာရီ

(ဂ) **တင်ဒါဖွင့်ဖောက်စိစစ်မည့်နေရာ** - လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ

၄။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ၂၃-၁၁-၂၀၂၁ရက်မှစတင်၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၄၄၈၀၁၇၉၉၄၊ ၀၉-၇၉၄၅၄၆၉၆၂**

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**လှည်းကူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**ပတ်စ်ပို့ ပျောက်**

ကျွန်တော် မောင်စိုးမြင့် ၁/ဝမန(နိုင်)၀၇၈၇၉၃ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ ဖုန်း-၀၉-၄၄၀၀၀၃၂၈၇

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ဂလောနန်ဂျာရာ ၁/ဗမန (နိုင်)၀၄၃၉၃၆ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၄၆၆၁၃၈၂

## အမည်မှန်၊ မွေးသက္ကရာဇ်မှန်နှင့် ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(စီတာပူ)၊ Grade-11 မှ မအင်ရန်းရွယ်အောင်၏ အမည်မှန်မှာ မဒိန်ရန်ရွယ်အောင်ဖြစ်ပြီး ၎င်း၏ မွေးသက္ကရာဇ် အမှန်မှာ ၃၁-၁၂-၂၀၀၃ ဖြစ်၍ ၎င်း၏ ဖခင်အမည်မှန်မှာ ဦးနိန်ရန်တူး ဖြစ်ပါသည်။

## အမည်မှန်

မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ အမှတ်(ဒက-၅၈၀)နေ (ဘ) ဦးမရစ်အောင်၏သား မောင်ဆင်ဝါးအောင်၏ အမည်မှန်မှာ မောင်မရစ်ဆင်ဝါးအောင် ဖြစ်ပါသည်။

## အမည်မှန်နှင့် ဖခင်အမည်မှန်

ဝိုင်းမော်မြို့၊ အထက(၁)ပဒ္ဓမတန်းမှ မောင်ခရော့နော်ရိန်၏ အမည်မှန်မှာ မောင်လွမ်းခေါင်ဖြစ်ပြီး ၎င်း၏ ဖခင်အမည်မှန်မှာ ဦးခေါင်လွမ်း ၁/ဝမန (နိုင်)၀၆၅၃၇၃ ဖြစ်ပါသည်။

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဖက်တန်းရပ်၊ အနောက်တပ် မြေလမ်း၊ အမှတ် ၈ နေ ဦးနိုင်နွယ်စိုး (ဘ)ဦးချစ်ဆွေ ၁၀/ မဒန(နိုင်)၀၃၇၆၀၇ နှင့် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဖက်တန်းရပ်၊ အနောက်တပ်မြေလမ်း၊ အမှတ် ၈နေ မစံသီမာဝင်း (ဘ)ဦးသိန်း ဝင်း ၁၀/မလမ(နိုင်)၁၃၉၄၂၁ တို့သည် ၁၀-၁-၂၀၁၈ရက်ကတည်းက နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါ၍ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝသည် ကျွန်မနှင့် လုံးဝသက်ဆိုင်ပတ်သက်ခြင်း မရှိပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မစံသီမာဝင်း**
**၁၀/မလမ(နိုင်)၁၃၉၄၂၁**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်၊ နယ်မြေ(၅)၊ အမှတ်(၆၇)နေ ဒေါ်အေးဝင်း (ခ) ဒေါ်အုန်းမြိုင် ၁၂/အစန(နိုင်)၀၈၁၄၉၉၏သမီး မသန္တာထွန်း(ခ)မည်သို့ ၁၂/အစန (နိုင်) ၀၆၉၉၃၁သည် မိခင် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ပါသဖြင့် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင်- ဒေါ်အေးဝင်း(ခ)ဒေါ်အုန်းမြိုင်**

## ကချင်ပြည်နယ်အစိုးရအဖွဲ့
## သယံဇာတရေးရာဝန်ကြီးဌာန
## ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့
## (တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၁ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ(၆)လဘဏ္ဍာရေးနှစ် ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်/မြို့စည်ပင်သာယာရေးအဖွဲ့များမှ ကျပ်သန်း(၁၀၀)အထက် လမ်း၊ တံတား၊ လုပ်ငန်း(၄)ရပ်အား သတ်မှတ် ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းများကို အောက်ပါအစီအစဉ်အတိုင်း ရောင်းချသွားမည် ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၂၃-၁၁-၂၀၂၁ရက်(အင်္ဂါနေ့)

(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၂-၁၂-၂၀၂၁ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီ

(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၊ မြစ်ကြီးနားမြို့

၃။ အသေးစိတ်အချက်အလက်များနှင့် လုပ်ငန်းစာရင်းများအား ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံး မြစ်ကြီးနားမြို့တွင် လာရောက်ကြည့်ရှုနိုင်ပြီး ရုံးဖုန်း - ၀၉-၈၉၆၄၀၀၉၉၁ သို့လည်းရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## ခရမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့

၁။ ခရမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှ မတ်လထိ) (၆လ)ဘတ်ဂျက် ငွေလုံးငွေရင်းလုပ်ငန်းဖြစ်သော အမှတ်(၇) နှင့် (၈) ဆက်သွယ်သည့် ရွှေနှင်းဆီ (Bore Pile သံကူကွန်ကရစ်) တံတား (၁)စင်း (၁၂၀' x ၂၀') တည်ဆောက်ခြင်းလုပ်ငန်းအတွက် လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ အဆိုပါ တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူနိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်းလုပ်ငန်းအား အောက်ဖော်ပြပါအစီအစဉ်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) **လျှောက်လွှာစတင်ဝယ်ယူနိုင်သည့်ရက်/အချိန်** - ၂၃-၁၁-၂၀၂၁ရက် နံနက် ၉ နာရီ

(ခ) **တင်ဒါစိစစ်ရွေးချယ်မည့်ရက်/အချိန်** - ၂၄-၁၂-၂၀၂၁ရက် နံနက် ၁၀ နာရီ

(ဂ) **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - ခရမ်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့ရုံး

၃။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာ ပုံစံများကို ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင် (၂၄-၁၁-၂၀၂၁)ရက်မှစတင်၍ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း ဝယ်ယူနိုင်ပါသည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၅၃၉၄၆၄၇၊ ၀၉-၇၆၈၄၀၆၉၉၈၊ ၀၅၆-၃၀၀၃၆**

**တင်ဒါကော်မတီ**
**ခရမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5H/7469, Mitsubishi, Canter FB 70AB ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဝင်းဆွေ ၁၂/သကတ(နိုင်)၁၇၃၀၆၇က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4L/3651, Mitsubishi Fuco FP 54JE,Tractor Head ယာဉ်လက်ဝယ်ရှိသူ GA MONE PWINT (GMP)MOTORS CO,LTD က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ် တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ရွာသာကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးရပ်ကွက်၊ အထက်ပန်းဆိုးတန်းလမ်း၊ မြန်မာ့ဂုဏ်ရည်အိမ် ရာ၊ တိုက်အမှတ်(A/3-2)၊ (၄)ခန်းတွဲ၊ (၁၆) ထပ်တိုက်၏ စတုတ္ထထပ်၊ အခန်းအမှတ်(၄၀၁)၊ အကျယ်(၁၈၂၅)စတုရန်းပေရှိ ကွန်ဒိုတိုက် ခန်းအကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးဆွမ်ဖူး ၁၂/ပဇတ(နိုင်)၀၀၃၂၇၉ မှ မိမိတစ်ဦးတည်း အမည်ပေါက်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြု လုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန့်ဇော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**
**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ် ၁၃၉၄၊ ဧရိယာ ၀ဒသမ ၀၅၅ ဧကရှိ ဗိုလ်ကြီးဟိန်းဆက် အမည်ပေါက် ပါမစ်မြေကွက်အား ဦးနွေဦးကို (ဘ)ဦးခင်မောင်မြင့် ၉/ပမန(နိုင်) ၁၇၃၈၂၀ မှ ပျဉ်းမနားမြို့ မြေတိုးချဲ့ရေးကော်မတီ၏မြေကွက်တန်ဖိုးငွေသွင်း ပြေစာ ၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ နှစ်ဦးနှစ်ဘက် သဘောတူကတိဝန်ခံချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေးစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာ တင်ပြ၍နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့် မြေစီမံ ခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖြည့်စွက်ကြေညာခြင်း

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ လစ်လပ်လျက်ရှိသော ရာထူးနေရာများအတွက်၁၁-၁၁-၂၀၂၁ရက်တွင်မြန်မာ့အလင်းနှင့်ကြေးမုံသတင်းစာများ၌ကြေညာ၍လျှောက်လွှာခေါ်ယူခဲ့သည့် စာပိုဒ်(၁)မှ အောက်ဖော်ပြပါ ရာထူးနေရာများအတွက် ပညာအရည်အချင်းအား ယှဉ်တွဲပါအတိုင်း ဖြည့်စွက်ပြင်ဆင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး | လစာနှုန်း | ပညာအရည်အချင်း | လစ်လပ်နေရာ |
|---|---|---|---|---|
| (က) | ကွန်ပျူတာလုပ်ဆောင်ရေးမှူး | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.C.Sc/B.C.Tech/ B.E(IT) | ကျား/မ ၁၀ |
| (ခ) | လျှပ်စစ်ကျွမ်းကျင် (၂) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E(E.P)/B.E(E.C) | ကျား/မ ၁၀ |
| (ဂ) | ဓာတ်ခွဲခန်းကျွမ်းကျင်(၂) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | M.Sc(I.C)/M.Sc (Chem)/ B.E(Chem) | ကျား/မ ၅ |

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ပါသည်

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ မအူတောအုပ်စု၊ စိမ်းစားပင်ကျေးရွာရှိ အရှေ့လားသော်-အောင်အောင်၊ အနောက်လားသော-ဒေါ်ခင်မာဝင်း၊ တောင်လားသော်-လမ်း၊ မြောက်လားသော်-ဒေါ်အုန်းမြင့်စသည့် အလားလေးရပ်အတွင်းရှိ တောင်ဘက်ခြမ်း (အရှေ့အနောက်-၂၉ပေ)၊ အရှေ့ဘက်ခြမ်း (တောင်မြောက်-၂၃ပေ)၊ မြောက်ဘက်ခြမ်း(အရှေ့-အနောက်-၃၄ပေ)၊ အနောက် ဘက်ခြမ်း(တောင်-မြောက်-၂၀ပေ) ပတ်လည်ရှိ ဝိုင်းခြံမြေနှင့် ၎င်းမြေပေါ်ရှိ (၄x၃) ပင်ပတ်လည်(R/C)ဖြင့် ဆောက်လုပ်ထားသော တစ်ထပ်တိုက် နေအိမ် အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဇေယျာသီရိမြို့နယ်၊စိမ်းစားပင်ကျေးရွာနေ ဦးမျိုးကျော်၊ ဒေါ်ဇင်မာမိုးတို့မှ တရားဝင် ပိုင်ဆိုင်ရောင်းချခွင့်ရှိသည်ဟု ဝန်ခံပြောဆိုရောင်းချလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရင်ရင်ချို (ဘ) ဦးသန်းခင် ၁၂/မဂဒ(နိုင်)၀၇၇၂၂၈ မှ ကာလတန်ဖိုးငွေများ အကျေပေးချေ၍ အပြီးအပိုင်ဝယ်ယူလက်ရောက် ပိုင်ဆိုင်ပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ရင်ရင်ချို**
**၁၂/မဂဒ(နိုင်)၀၇၇၂၂၈**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇော်ဦး (စဉ်-၁၆၅၄၀)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၄/၁၃၅၊ ရေဆင်း၊ ဇေယျာသီရိမြို့နယ်**

## စိုင်းကျော်လွင်ဖြိုး ၁၃/ကမန(နိုင်)၁၁၉၃၃၉နှင့် အများသိစေရန်

ကျောက်မဲမြို့၊ ရပ်ကွက်(၃)၊ မန့်နားရပ်နေဦးလွန်းမောင်၏သား စိုင်းကျော်လွင်ဖြိုးနှင့် ကျွန်မ မအိမ့်မြတ်နိုးဝင့်တို့မှာ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလမှစ၍ အတူပေါင်းသင်းနေထိုင်ခြင်းမရှိတော့ပါသဖြင့် ၎င်းနှင့်ပတ်သက်သည့် ငွေရေးကြေးရေးလူမှု ရေးပြဿနာများ မိမိနှင့်မသက်ဆိုင်ကြောင်း စိုင်းကျော်လွင်ဖြိုးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**မအိမ့်မြတ်နိုးဝင့် ၁၃/ကလန(နိုင်)၁၂၁၂၈၉**
**နယ်မြေ(၇)၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့**

**အမည် ပြောင်း**

ဦးမျိုးဇော်ဦး ၁၃/ညရန(နိုင်)၀၇၆၃၂၂၏သမီး ကလောမြို့နယ်၊ ဘော်ဆိုင်း အထက(၆) Grade(6)မှ မပပမျိုးသူအား မမေဘရဏီ သော်ဟု ပြောင်းလဲခေါ်ပါရန်။

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ သဇင် ၁၂လမ်း၊ အမှတ် (G/၁၄၄) အမည်တွင်သည့် ဒေါ်သန်းမြင့် အမည်ပေါက် ပေ(၄၀X၆၀)အကျယ်ရှိ ခြံမြေကို ကျွန်ုပ်မိတ်ဆွေ ဦးဟန်ဆွေမှ ၁၈-၇-၂၀၁၃ခုနှစ်ကတည်းက လက်ရောက်ဝယ်ယူနေထိုင်ပိုင်ဆိုင်ခဲ့ပြီး အဆိုပါခြံမြေ၏ လက်ရှိပိုင်ရှင်တစ်ဦးဖြစ်ပါသည်။ ထိုခြံမြေအား ကျွန်ုပ်မိတ်ဆွေမှ စီမံခန့်ခွဲပိုင်၊ ရောင်းချပိုင်ခွင့်ရှိပြီး အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ စီမံခန့်ခွဲရောင်းချပိုင်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်လှ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၅၀)**
